# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ နယုန်လပြည့်၊ တနင်္လာနေ့။ | Monday, 13 June 2022 | ၁၀၇၆၅


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မင်းဘူးခရိုင်အတွင်း မိုးနေကြာသီးနှံ ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးမည်ဖြစ်ရာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီး

မင်းဘူး ဇွန် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်အတွင်းရှိ မင်းဘူး၊ ပွင့်ဖြူ၊ စလင်း၊ ငဖဲနှင့် စေတုတ္တရာမြို့နယ်တို့တွင် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေး၊ ဒေသတွင်းစားသုံးဆီဖူလုံစေရေးနှင့် ပြည်ပ စားသုံးဆီတင်သွင်းမှု လျှော့ချနိုင်စေရေးတို့အတွက် မိုးနေကြာသီးနှံကို သီးသန့်နှင့် သီးညှပ်စိုက်ပျိုးစနစ်များဖြင့် ဧက ၂၈၀၀၀ ကျော် စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။

ထိုသို့စိုက်ပျိုးရာတွင် သီးသန့်နှင့် သီးညှပ်စိုက်ပျိုးစနစ်များဖြင့် မင်းဘူး (စကု)မြို့နယ်တွင် ၁၀၀၆၄ ဧက၊ ပွင့်ဖြူမြို့နယ်တွင် ၅၆၁၂ ဧက၊ စလင်းမြို့နယ်တွင် ၈၅၂၇ ဧက၊ ငဖဲမြို့နယ်တွင် ၃၉၆၁ ဧကနှင့် စေတုတ္တရာမြို့နယ်တွင် ၇၀၃ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ရာ ခရိုင်အတွင်း မိုးနေကြာသီးနှံကို သီးညှပ်စိုက်ပျိုးသည့် ဒေသခံတောင်သူများအတွက် တစ်ဧကလျှင် တစ်ပြည်နှုန်းဖြင့် မျိုးစေ့တင်းပေါင်း ၆၁၉ ဒသမ ၇၅ တင်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့က အခမဲ့ထောက်ပံ့ပေးထားကြောင်း၊ အဆိုပါ စိုက်ခင်းများအတွင်း စိုက်ပျိုးနည်းစနစ် မှန်ကန်စေရေး၊ ရောဂါပိုးမွှားကျရောက်မှုအန္တရာယ် ကာကွယ်နှိမ်နင်းရေးနှင့် မြို့နယ်အလိုက် စိုက်ကေလျာထားချက်ပြည့်မီမှန်ကန်စွာ စိုက်ပျိုးနိုင်စေရေးတို့အတွက် စာမျက်နှာ ၉ ကော်လံ ၁ သို့ ✻



မင်းဘူးခရိုင်အတွင်း ပြီးခဲ့သည့်သီးနှံရာသီ ဆောင်းနေကြာစိုက်ခင်းကို တွေ့ရစဉ်။

## ယနေ့ ဖတ်စရာ

### မန္တလေး-လားရှိုး-မူဆယ် အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင် နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုး



စာမျက်နှာ » ၆

### ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်၌ ကမ်းခြေတုအသစ်တစ်ခု ဖွင့်လှစ်



စာမျက်နှာ » ၁၃



### မကြာမီဖွင့်လှစ်တော့မည့် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများ

စာမျက်နှာ » ၁၆၊ ၁၇

### ကိုဗစ်-၁၉ ရောဂါစာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းရှိ

စာမျက်နှာ » ၁၁

### ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်း အပန်းဖြေစခန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် စီစဉ်

စာမျက်နှာ » ၁၈

ကြေးမုံ

# ဥပဒေဘောင်အတွင်း နိုင်ငံ့အကျိုးဆောင်ကြဉ်း

ဥပဒေဘောင်အတွင်း နေထိုင်ခြင်းသည် စိတ်အေးချမ်းသာ လွတ်လပ်စွာဖြင့် နေထိုင်ရသည်။ ဥပဒေ၏ အကာအကွယ်ပေးမှုဖြင့် စိတ်ချလက်ချနေထိုင်နိုင်ပေသည်။ ဥပဒေဘောင်ပြင်ပတွင် နေထိုင်ပါက လုံခြုံစိတ်ချမှုမရှိဘဲ စိုးရိမ်ပူပန်မှုများဖြင့် ကျီးလန့်စာစားနေထိုင်ရကာ ရည်မှန်းချက်များပျောက်၍ နောက်ဆုံးတွင် နိဂုံးမလှ အဆုံးသတ်ကြသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နိုင်ငံရေးကိုအကြောင်းပြု၍ ဥပဒေဘောင်ပြင်ပသို့ အကြောင်းအမျိုးမျိုးဖြင့် ရောက်ရှိသွားကြသူများရှိသည်။ နိုင်ငံရေးကိုအကြောင်းပြု၍ ရည်ရွယ်ချက်ရှိရှိ ဥပဒေဖောက်ဖျက် ကျူးလွန်ခဲ့ကြသူများရှိသလို မသမာသူတို့၏ သွေးထိုးမြှောက်ပင့်ပေးမှုများကြောင့်လည်းကောင်း၊ မဟုတ်မမှန်လုပ်ကြံ ကောလာဟလ သတင်းမှားများကို နားယောင်မိ၍လည်းကောင်း၊ စည်းရုံးသွေးဆောင်သူများနောက်သို့ ရောယောင်လိုက်ပါမိ၍လည်းကောင်း ဥပဒေဘောင်ပြင်ပသို့ အမျိုးမျိုးအဖုံဖုံ ရောက်ရှိသွားကြသူများရှိသည်။ ယင်းတို့အနက် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်း ပြန်ဝင်လိုသူများရှိနေ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးချက်ထုတ်ပြန်ထားသည်။ အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီးအလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက်သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်မှုများကို ပြုလုပ်ခဲ့ကြသည်။

ယခုအခါ နိုင်ငံရေးကိုအကြောင်းပြု၍ ပြည်တွင်း၌ ပဋိပက္ခများ ဖြစ်ပေါ်နေမည်ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်ချမှတ်ထားသည်။

ထို့အပြင် "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး"ဟူသည့် နိုင်ငံရေးဦးတည်ချက်အရ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေးအတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက်နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့မည်ဖြစ်သည်။ ထို့ကြောင့် လမ်းမှားရောက်ရှိသွားကြသူများကိုလည်း လမ်းမှန်ပေါ်သို့ ပြန်လည်ဝင်ရောက်ကာ နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြန်လည်ဝင်ရောက်ခြင်းကို လှိုက်လှဲစွာကြိုဆိုရမည်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် နိုင်ငံရေးအရ သဘောကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နှစ်ပေါင်း ၇၀ ကျော်ကြာအောင် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ နစ်နာဆုံးရှုံးမှုဖြစ်ပေါ်ခဲ့ရခြင်းများသည် သင်ခန်းစာယူဖွယ်ရာများဖြစ်သည်။ ဆက်လက်၍ ပဋိပက္ခများဖြစ်နေမည်ဆိုပါက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများသာ ဆက်လက်နစ်နာနေမည်ဖြစ်သည်။ တိုင်းရင်းသားပြည်သူများ မျှော်မှန်းထားသည့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်နှင့်လည်း အလှမ်းဝေးနေမည်ဖြစ်သည်။ ထို့ကြောင့် ပဋိပက္ခများကို ဖြစ်ပေါ်စေသည့် လက်နက်ကိုင်ဆောင်ဖြေရှင်းနည်းကို စွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်ကြရန်လိုအပ်ပါသည်။

ဥပဒေဘောင်ပြင်ပတွင် နေထိုင်ပါက ကာယကံရှင်များကိုယ်တိုင်သာမက နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအားလုံးအတွက်ပါ ထိခိုက်နစ်နာမှုများ ရှိနေပါသည်။ မိမိတို့သည် တစ်နိုင်ငံတည်းတွင် အတူနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမများဖြစ်၍ မည်သူနှင့်ပဋိပက္ခဖြစ်သည်ဖြစ်စေ မိမိတို့အားလုံး၏ ထိခိုက်နစ်နာဆုံးရှုံးမှုဖြစ်သည်ကို သတိချပ်ရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရက ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များ ထံသို့ လာရောက်ခိုလှုံသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းတက်ရောက်ခဲ့သည့် PDF အဖွဲ့ဝင်များအား လက်ခံကြိုဆိုပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်နေပြီဖြစ်သည်။

သို့ဖြစ်ရာ ဘေးအန္တရာယ်များသော ဥပဒေဘောင်ပြင်ပတွင်နေထိုင်ခြင်းကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်းနေထိုင်ပြီး မိဘပြည်သူများနှင့်အတူ မိမိတို့အကျိုး၊ နိုင်ငံတော်အကျိုးတို့ကို စိတ်အေးချမ်းသာစွာလက်တွဲ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၅၆၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဇွန် ၁၂**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီအဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ဈေးနှုန်းတည်ငြိမ်နေသဖြင့် ၂၀၂၂ ခုနှစ် ဇွန် ၁၃ ရက်မှ ၁၉ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ ယခင်ရက်သတ္တပတ် ဈေးနှုန်းအတိုင်း ပြောင်းလဲမှု မရှိဘဲ စားအုန်းဆီတစ်ပိဿာလျှင် ၅၆၄၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်လှူဒါန်း

**နေပြည်တော် ဇွန် ၁၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်များ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရတနာပင်စည်မြောက်ကျောင်းတိုက်သို့လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်ရှိ ဃောသိတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်သို့လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ ကုသိုလ်တော်ရိပ်သာ ပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ မွန်ပြည်နယ် သထုံမြို့နယ်ရှိ စေတဝန်စာသင်တိုက်သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရှိ ရွှာမပရိယတ္တိစာသင်တိုက်သို့လည်းကောင်း၊ ရှမ်းပြည်နယ် မိုင်းယန်းမြို့နယ်ရှိ ထေရဝါဒကျောင်းတိုက်သို့လည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ဆွမ်းဆန်တော်များကို တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးပွဲ ကျင်းပ

**မအူပင် ဇွန် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ၂၀၂၂ ခုနှစ် မိုးစပါးရာသီ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းစိုက်ပျိုးပွဲအခမ်းအနားကို မအူပင်မြို့နယ် အလန်းကျေးရွာရှိ တောင်သူဦးထွန်းထွန်းဝင်းပါ ၁၅ ဦး၊ ကွင်း ၉၆၁၊ ဦးပိုင် ၃၂/၁ ရှိ လယ်မြေ၌ ဒသမ ၅ ဧကပေါ်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။



အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းအောင်ဆန်း၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် ခရိုင်စိုက်ပျိုး ထုတ်လုပ်မှုမြှင့်မားရေးအဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့သည်။

မအူပင်မြို့နယ်၌ ၂၀၂၂ ခုနှစ် မိုးစပါးရာသီတွင် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ဧက ၁၀၀၀ စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | စာပြင် | - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# အရည်အသွေးပြည့်ဝသော ပရိဘောဂကုန်ချောများထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များသာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်



**ရန်ကုန် ဇွန် ၁၂**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ Sima ပရိဘောဂထုတ်လုပ်ရေးစက်ရုံရှိ ရုံးသုံး၊ ကျောင်းသုံး၊ အိမ်သုံးပရိဘောဂများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပရိဘောဂကထုတ်လုပ်ဖြန့်ဖြူးမှုနှင့် ဈေးကွက်အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ပရိဘောဂထုတ်လုပ်နေမှုလုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်ဝသော ပရိဘောဂကုန်ချောများထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းလိုအပ်ချက်များသာမက ပြည်ပဈေးကွက်သို့လည်း တင်ပို့နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့နယ်ရှိ Diamond Mercury Wood Products၏ သစ်အချောထည်စက်ရုံသို့ရောက်ရှိရာ စက်ရုံရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းပြသပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စက်ရုံအတွင်း လှည့်လည်ကြည့်ရှုပြီး စိုက်ခင်းများမှ ထွက်ရှိလာသော ကျွန်းပင်ကျပ်တိုင်များကို ကုန်ကြမ်းအဖြစ်အသုံးပြု၍ တန်ဖိုးမြှင့်သစ်အချောထည်တံခါးနှင့် ကျည်းဘောင်များ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မြောက်ဥက္ကလာပမြို့နယ်ရှိ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မဟာဗျူဟာမြောက် ဓာတ်သတ္တုတွင်းထွက်များ၊ အဆင့်မြင့်နည်းပညာသုံးဓာတ်သတ္တုတွင်းထွက်များနှင့်ပတ်သက်၍ အလားအလာရှိသော သတ္တုဖြစ်ထွန်းမှုများကို ရှာဖွေရေး၊ စမ်းသပ်တိုင်းတာရေး၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်ရန်၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာနှင့် စမ်းသပ်တိုင်းတာရေးပစ္စည်းများ ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဓာတ်သတ္တုဓာတ်ခွဲခန်းများတွင် ကွင်းဆင်းဒေသများမှ ပေးပို့လာသော ဓာတ်သတ္တုနမူနာများ ဓာတ်ခွဲစမ်းသပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ ကျောက်မျက်ရတနာပြတိုက်သို့ရောက်ရှိရာ တာဝန်ရှိသူများက ပြတိုက်ဆိုင်ရာအချက်အလက်များနှင့်ပြတိုက်ထိန်းသိမ်းစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ပြတိုက်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ် (၃၀) ပြည့် ပုလဲရတုအခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၂**

မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ နှစ် (၃၀) ပြည့် ပုလဲရတုအခမ်းအနားကို ယနေ့ နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ်ရှိ LOTTE Hotel ၌ ကျင်းပသည်။




**တိကျစွာလိုက်နာ**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မြန်မာနိုင်ငံသားများဘဏ်ကို ၁၉၉၂ ခုနှစ်မှစတင်ဖွင့်လှစ်ခဲ့ရာ ယခုအခါ နှစ်(၃၀) ပြည့် ပုလဲရတုသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ ရန်ကုန်စတော့အိတ်ချိန်း (YSX) ၌ စာရင်းဝင် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည်နှင့်အညီ အစုရှယ်ယာရှင်များ၏ ကောင်းကျိုးကိုရှေးရှု၍ အစဉ်တစိုက် ကြိုးစားဆောင်ရွက်သွားရန်နှင့် ပွင့်လင်းမြင်သာမှုရှိပြီး နည်းစနစ်မှန်ကန်သော ဘဏ်တစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ထို့ပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကိုလည်း တိကျစွာလိုက်နာဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ဘဏ်လုပ်ငန်းများသည် တိုင်းပြည်စီးပွားရေး၏ အဓိကကျသော အခန်းကဏ္ဍတစ်ခုမှ ပါဝင်နေသည့်အပြင် ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရန်အတွက် အခြေခံကျသည့်အခန်းကဏ္ဍမှလည်း ပါဝင်နေကြောင်း၊ သုံးစွဲသူများ၏ လိုအပ်ချက်များကို စနစ်တကျ နည်းလမ်းမှန်ကန်စွာနှင့် ဆောင်ရွက်ပေးပြီး မြန်ဆန်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် ပိုမိုကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ သုံးစွဲသူများ၏ လိုအပ်ချက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးကိုလည်း အရှိန်အဟုန်ဖြင့် ဆက်လက်လုပ်ဆောင်သွားရန်လိုအပ်မည်ဖြစ်ပြီး Customer များ အသုံးပြုရာတွင် လွယ်ကူစေရေးနည်းလမ်းများ ရှာဖွေဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသားများဘဏ်ဥက္ကဋ္ဌ ဦးတိုးအောင်မြင့်၊ CEO Mr. Gavinda Gurung နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

■

# နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ



**ပျဉ်းမနား ဇွန် ၁၂**

နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲကို ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားခန်းမ၌ ဇွန် ၈ ရက်မှ စတင်ယှဉ်ပြိုင်ကစားခဲ့ကြရာ နေပြည်တော်အတွင်းရှိ မြို့နယ်များမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ယနေ့ မွန်းလွဲပိုင်းတွင် ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ သုံးဦးတွဲပြိုင်ပွဲ ဗိုလ်လုပွဲကို ပျဉ်းမနားမြို့နယ်အသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပျဉ်းမနားမြို့နယ်အသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ နှစ်ဦးတွဲအသင်းလိုက်တတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းအား ဒက္ခိဏခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကိုဦးကလည်းကောင်း၊ နှစ်ဦးတွဲအသင်းလိုက် ဒုတိယဆုရရှိသည့် တပ်ကုန်းမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးကျော်သိန်းဆိုင်ကလည်းကောင်း၊ နှစ်ဦးတွဲ ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်းကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆက်လက်၍ သုံးဦးတွဲပြိုင်ပွဲများအတွက် ဆုချီးမြှင့်ပွဲကိုကျင်းပရာ တတိယဆုရရှိသည့် တပ်ကုန်းအသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးကလည်းကောင်း၊ ဒုတိယဆုရရှိသည့် ဇမ္ဗူသီရိမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် ရဲမှူးကြီး ကိုကိုလွင်ကလည်းကောင်း၊ ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား နေပြည်တော်ကောင်စီအဖွဲ့ဝင် နေပြည်တော် အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌ ဦးမြင့်စိုးကလည်းကောင်း ဆုတံဆိပ်နှင့် ငွေသားဆုများကို အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က ပထမဆုရရှိသည့် ပျဉ်းမနားမြို့နယ်အသင်းအား တံခွန်စိုက်ဆုဖလားနှင့် နေပြည်တော်ကောင်စီမှ ချီးမြှင့်ငွေကျပ် သုံးသိန်းအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

မြို့နယ်(ပြန်/ဆက်)

# (၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားပြင်ဆင်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇွန် ၁၂**

(၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခန့်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

(၇၅) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အခမ်းအနားသို့တက်ရောက်လာသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများ၊ နိုင်ငံခြားသံတမန်များ၊ နိုင်ငံရေးပါတီများအပါအဝင် ဖိတ်ကြားထားသည့် ဌာနဆိုင်ရာအသီးသီးမှ ပုဂ္ဂိုလ်များ၏ လွမ်းသူပန်းခွေချ ဂါရဝပြုအလေးပြုသည့်အခမ်းအနားကို အာဇာနည်ဗိမာန်တွင် လည်းကောင်း၊ နိုင်ငံတော်အလံလွှင့်တင်၍ သတ်မှတ်သည့်အချိန်တွင် တိုင်တစ်ဝက်လွှင့်ထူသည့်အခမ်းအနားကို အတွင်းဝန်များရုံး (ယခင်ဝန်ကြီးများရုံးဟောင်း)တွင်လည်းကောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများကိုရည်စူး၍ သံဃာတော်အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဆက်ကပ်ခြင်းကို မြို့တော်ခန်းမတွင်လည်းကောင်း ကျင်းပနိုင်ရေးနှင့် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို ဇူလိုင် ၁၉ ရက်မှ ၂၁ ရက်အထိ ဝင်ကြေးအခမဲ့ ဖွင့်လှစ်ပြသနိုင်ရေးတို့အတွက် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်တို့ကို ပြောကြားသည်။

အစည်းအဝေးအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်သို့ သွားရောက်ပြီး အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်လာမည့် အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ မိသားစုများကို တွေ့ဆုံနှုတ်ဆက်မည့်နေရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် လွမ်းသူပန်းခွေချ အလေးပြုမည့်နေရာများအပါအဝင် အာဇာနည်ဗိမာန်တွင် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆောင်ရွက်ထားရှိမည့် လုပ်ငန်းအခြေအနေများ



ကို ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး (မြို့တော်ဝန်) ဦးဗိုလ်ငွေးနှင့်တာဝန်ရှိသူများက ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည့်များကိုမှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# စိုက်ပျိုးရေးကို အခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်

**မြစ်ကြီးနား ဇွန် ၁၂**

စိုက်ပျိုးရေးသိပ္ပံ (မြစ်ကြီးနား)၏ စိုက်ပျိုးရေး ဒီပလိုမာ (ပထမနှစ်) မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက စိုက်ပျိုးရေးသိပ္ပံ (မြစ်ကြီးနား) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

**စိုက်ပျိုးရေးပညာရှင်**

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က စိုက်ပျိုးရေးကိုအခြေခံ၍ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်ကြမည့် နိုင်ငံ့သားကောင်းရတနာများဖြစ်လာအောင် ကြိုးစားကျင့်ကြံနေထိုင်သွားရမည်ဖြစ်ကြောင်းနှင့် ပညာရည်ထူးချွန်သော မိမိတို့ပြည်နယ်အတွက် စိုက်ပျိုးရေးပညာရှင်များဖြစ်လာစေရန် ကြိုးစားကြစေလိုကြောင်း အားပေးစကားပြောကြားသည်။

**ကြည့်ရှုအားပေး**

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပထမနှစ်နှင့် တတိယနှစ် ကျောင်းသားကျောင်းသူများ၏ တိုင်းရင်းသားရိုးရာအကအလှများ၊ သရုပ်ဖော်တေးသီချင်းများဖြင့် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

အလားတူ ပြည်နယ်ဝန်ကြီးချုပ်သည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ကျင်းပသည့် World Aquaculture Society မှ ဒါရိုက်တာအဖွဲ့ဝင်ဖြစ်သူ ဒေါက်တာမေမြတ်နိုးလွင် (ငါးမွေးမြူရေးပညာရှင်) က ငါးမွေးမြူရေးနှင့်ပတ်သက်သည့် အကြောင်းအရာများနှင့်စပ်လျဉ်း၍ တောင်သူများနှင့် မွေးမြူရေးလုပ်ငန်းရှင်များအား အသိပညာဗဟုသုတများကို ဖြန့်ဝေနိုင်ရေး ဆွေးနွေးဟောပြောပွဲသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**



# ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အသိပညာပေးစကားဝိုင်း ကျင်းပ

**ပုသိမ် ဇွန် ၁၂**

ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားနှင့် အသိပညာပေးစကားဝိုင်းကို ယနေ့နံနက် ၈ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသည်။

**အလေးထားဖြေရှင်း**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက နိုင်ငံတစ်နိုင်ငံ၏ ကလေးအလုပ်သမားပမာဏသည် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် သက်ရောက်မှုရှိကြောင်း၊ ကလေးအလုပ်သမားပပျောက်ရေးကိစ္စရပ်သည် နိုင်ငံတိုင်း အလေးထားဖြေရှင်းရမည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ ကလေးအလုပ်သမားပပျောက်စေရေးအတွက် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးရန်နှင့် ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းတက်ရောက်စေရေး အဘက်ဘက်က ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ပြခန်းကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ဆက်လက်၍ ကမ္ဘာ့ကလေးအလုပ်သမား ဆန့်ကျင်တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဥပဒေအသိပညာပေးစကားဝိုင်းကိုကျင်းပရာ တိုင်းဒေသကြီး ဥပဒေချုပ်က စကားဝိုင်းပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးပညာရေးမှူးရုံး၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဥပဒေချုပ်ရုံး၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ ကိုယ်စားလှယ်များက ကလေးအလုပ်သမားပပျောက်ရေး လူမှုအကာအကွယ် ပံ့ပိုးပေး ခေါင်းစဉ်ဖြင့် ဥပဒေအသိပညာပေးစကားဝိုင်းကို ဆွေးနွေးခဲ့ကြရာ တက်ရောက်လာကြသည့် အလုပ်ရှင်၊ အလုပ်သမား၊ ကိုယ်စားလှယ်များနှင့် လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# မုံရွာမြို့ရှိ ကန်သာယာအနောက်ဘက်ကန် သန့်ရှင်းသာယာလှပရေးနှင့် နေပူခံကျောက်ပြားခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ ဇွန် ၁၂**

ပြည်သူများ အားလပ်ချိန်များတွင် စိတ်အေးချမ်းသာစွာဖြင့် လာရောက်အပန်းဖြေနိုင်စေရေး၊ ကိုယ်လက်လှုပ်ရှား အားကစားများ ဆောင်ရွက်နိုင်စေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသပ်ရပ်စေရေးအတွက် မုံရွာမြို့ ကန်သာယာအနောက်ဘက်ကန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး လုပ်ငန်း ခွင်သို့ ယမန်နေ့ နံနက်ပိုင်းက တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်သာယာအနောက်ဘက်ကန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှု လုပ်ငန်းများ အချိန်မီပြီးစီးရေး၊ သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကောင်းမွန်စေရေးတို့ကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

အဆိုပါကန်သည် မူလကန်ရေပြင်အကျယ် ၄၃ ဒသမ ၅ ဧက၊ ကန်ပတ်လမ်း ၁၄ ပေ၊ ရေအနက် ခုနစ်ပေ၊ ရေသိုလှောင်နိုင်မှုပမာဏ ဂါလန် ၂ ဒသမ ၁၂သန်းဖြစ်ပြီး လုပ်ငန်းများအားလုံးပြီးစီးပါက ရေပြင်အကျယ်ဧရိယာ ၃၅ ဒသမ ၇၅ ဧက၊ ရေအနက် ၁၁ ပေ၊ ကန်ပတ်လမ်းအကျယ် ၄၄ ပေနှင့် ရေသိုလှောင်နိုင်မှုပမာဏ ဂါလန် ၂ ဒသမ ၇၄ သန်းရှိကာ ရေဂါလန် ၆၂၀၀၀၀ ပိုမိုသိုလှောင်နိုင်မည်ဖြစ်သည်။

**ကြည့်ရှုစစ်ဆေး**

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကန်သာယာအရှေ့ဘက်ကန်ရှိ ကျွန်းများ သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်လျက်ရှိရာ မြို့ ရာပြည့်ဘုရားကျွန်းပတ်လည် ပေ ၂၃၀၀မြေထိန်းကျောက်ထုပ် လောင်းခြင်းနှင့် ရင်ပြင်တော် နေပူခံကျောက်ပြားခင်းနေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



# PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများမှ ဥပဒေဘောင်အတွင်းဝင်လိုသူများနှင့်ပတ်သက်၍ အသိပေးထုတ်ပြန်ခြင်း

တိုင်းရင်းသားလူမျိုးများစွာ မှီတင်းနေထိုင်လျက်ရှိသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲမည်ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာများ ရရှိခဲ့ပြီးဖြစ်ပါသည်။ အနာဂတ်တွင်လည်း အလားတူ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သောစုပေါင်း အားကို ဆက်လက်ကြိုးပမ်းတည်ဆောက်သွားရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ သဘောထားကွဲလွဲမှု၊ တိုင်းရင်းသားအရေးအရ သဘောထားကွဲလွဲမှုများကြောင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ထိခိုက်ခဲ့ရပါသည်။

အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG တို့က နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေးကိုဦးတည်ကာ အကြမ်းဖက် သတ်ဖြတ်မှုများကို လုပ်ဆောင်ရန် စည်းရုံးသိမ်းသွင်းခံထားရသူများသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်မှုများကို ပြုလုပ်လာခဲ့ကြပါသည်။ ထိုသို့ ဆောင်ရွက်နေမည် ဆိုပါက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဒီမိုကရေစီထွန်းကားရေးကို ထိခိုက်နှောင့်နှေးစေမည်ဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက်မှ "အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်ပေးနိုင်ရေးဆောင်ရွက်သွားမည်"ဟူသည့် ရှေ့လုပ်ငန်းစဉ်အရလည်းကောင်း၊ "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှု အပြည့်ကျင့်သုံးပြီး ဒီမိုကရေစီ နှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး" ဟူသည့် နိုင်ငံရေးဦးတည်ချက်အရလည်းကောင်း စစ်မှန်၍ စည်းကမ်း ပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဆက်လက်ဖော်ဆောင်နိုင်ရေး အတွက် ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အချက် နှင့်အညီ ပြည်သူလူထုတစ်ရပ်လုံး ပူးပေါင်းဆောင်ရွက်မှသာ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက် နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည် ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးထုတ်ပြန် အပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ပဲခူးတက္ကသိုလ်အတွက် ရုက္ခဗေဒဆိုင်ရာနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ပညာရပ်များ လေ့လာဆည်းပူးနိုင်ရေး သစ်မျိုးစုံစိုက်ခင်း ထူထောင်ပေးနိုင်ခဲ့

ပဲခူး ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း သည် ဇွန် ၁၂ ရက် နံနက်ပိုင်းက ပဲခူးတက္ကသိုလ်ဧရိယာ အတွင်း သစ်မျိုးစုံစိုက်ခင်း စိုက်ပျိုးပွဲတော်သို့ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတက္ကသိုလ်ဧရိယာအတွင်း သစ်မျိုးစုံစိုက်ခင်း (စံပြသစ်တောစိုက်ကွက်) လေးဧကတွင် ဒေသတွင်း ပေါက်ရောက်ဖြစ်ထွန်းနိုင်ပြီး စီးပွားရေးအရ အဖိုးတန် အသုံးဝင်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သင်္ကန်း၊ တမလန်း အစရှိသည့် သစ်မျိုး ၁၃ မျိုး၊ အပင်ပေါင်း ၁၂၀၀ အား စုပေါင်းစိုက်ပျိုးပေးခြင်း အားဖြင့် ရုက္ခဗေဒဘာသာရပ် သင်ကြားနေသည့် တက္ကသိုလ် ဆရာ ဆရာမများ၊ ဆည်းပူးလေ့လာနေ သည့် ကျောင်းသား ကျောင်းသူများအတွက် အနီးကပ်ဆည်းပူးလေ့လာနိုင်စေရေး စိုက်ပျိုးပေး ရခြင်းဖြစ်ကြောင်း၊ သစ်တောများအပါအဝင် သဘာဝ



သယံဇာတများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် ရေရှည်တည်တံ့စေရန် ဆောင်ရွက်ပေးခြင်းသည် လူသားအကျိုးစီးပွားအပြင် နောင်အနာဂတ်အတွက် ကောင်းမွန်သော လူမှုဘဝပတ်ဝန်းကျင်ကို ပုံဖော် ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ဟောဂနစ်များ ထိန်းသိမ်း စောင့်ရှောက်ခြင်း အဓိကဗဟိုချက်သည် သစ်တော သစ်ပင်များ စိုက်ပျိုးပေးခြင်း၊ ပြုစုပျိုးထောင်ပေးခြင်း ဖြစ်ကြောင်း၊ သစ်တောဂေဟစနစ်မှ လူသားများ အတွက် လိုအပ်သောအစားအစာနှင့် နေထိုင်မှုဘဝကို အထောက်အပံ့များပေးသည့်အပြင် သန့်ရှင်းသော လေ၊ ရေတို့နှင့် ရာသီဥတုကို မျှတကောင်းမွန်စေရန် ထိန်းညှိပေးပြီး ဇီဝမျိုးစုံမျိုးကွဲများ မှီတင်းနေထိုင်ရာ ဒေသရပ်ဝန်းတစ်ခုကို ဖန်တီးပေးနိုင်မည်ဖြစ် ကြောင်းနှင့် သစ်တောသစ်ပင်များ ပြုန်းတီးပါက လူအပါအဝင် သက်ရှိများပျက်စီးနိုင်သဖြင့် သစ်တော သစ်ပင်များ၊ သစ်တောဂေဟစနစ်များ စဉ်ဆက် မပြတ်တည်တံ့ရေး အမျိုးသားရေးတာဝန်တစ်ရပ် အနေဖြင့် ဝိုင်းဝန်းထိန်းသိမ်းကာကွယ်စောင့်ရှောက် ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မြို့နယ်အသီးသီး၌ ၂၀၂၂ ခုနှစ် မေလ၌ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲ ၂၅ ပွဲ၊ သစ်ပင်ပေါင်း ၉၆၁၀ စိုက်ပျိုးပေးနိုင်ခဲ့ပြီး ဇွန်လနှင့် ဇူလိုင်လအတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ၂၆ ပွဲနှင့် သစ်ပင်ပေါင်း ၁၅၈၄၀ စိုက်ပျိုးရန် စီစဉ် ဆောင်ရွက်ထားရှိပြီးဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

☆ **ကျောဖုံးမှ**

ဖွံ့ဖြိုးတိုးတက်ရေးကို လိုလားထောက်ခံကြသည့် ဒေသခံပြည်သူများက **"ငြိမ်းချမ်းရေးဆွေးနွေးမှု အောင်မြင်ပါစေ"**စာသားပါ ဗီနိုင်းပိုစတာဆိုင်းဘုတ် များ ကိုင်ဆောင်၍ စစ်တွေလေဆိပ်သို့ ပို့ဆောင် နှုတ်ဆက်ကြသည်။

ထို့နောက် အဆိုပါ ရခိုင်ပြည်လွတ်မြောက်ရေး ပါတီ (ALP)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ငြိမ်းချမ်း ရေးကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်လေဆိပ် သို့ ရောက်ရှိခဲ့ရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ တိုင်းရင်းသား တိုင်းရင်းသူများ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ ငြိမ်းချမ်းရေးကိုလိုလားသည့် ဒေသခံပြည်သူ များက **"ထာဝရငြိမ်းချမ်းရေးကိုရရှိရေးသည် ပြည်သူ တစ်ရပ်လုံး၏ ဆန္ဒအစစ်အမှန်ဖြစ်သည်၊ ငြိမ်းချမ်း ရေးရရှိရေးသည် နိုင်ငံသားအားလုံး၏ ဆန္ဒအမှန်ဖြစ် သည်၊ ပြည်ထောင်စုကြီး ငြိမ်းချမ်းဖို့ တွေ့ဆုံဆွေးနွေး ကြပါစို့၊ တိုင်းရင်းသားတွေစည်းလုံးမှ ငြိမ်းချမ်း တည်ငြိမ်အေးချမ်းရ"** စသည့် စာသားပါဆိုင်းဘုတ် များ ကိုင်ဆောင်၍လည်းကောင်း၊ နိုင်ငံတော်အလံ ငယ်များကိုင်ဆောင်၍လည်းကောင်း နေပြည်တော် လေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

မကွေး ဇွန် ၁၂

၂၀၂၂ခုနှစ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား ငါးခရိုင် အသက် ၁၉ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့် ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ ညနေ ၄ နာရီ က မကွေးခရိုင် အားကစားကွင်း၌ ကျင်းပရာ မကွေး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး အမျိုးသမီး အားကစားအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မကွေးခရိုင်အသင်းနှင့် သရက်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။



အဆိုပါဘောလုံးပြိုင်ပွဲတွင် နောက်ဆုံးဗိုလ်လုပွဲ အဖြစ် မကွေးခရိုင်အသင်းနှင့် သရက်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ သရက်ခရိုင်အသင်းက နှစ်ဂိုး- တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်က အနိုင်ရ ဗိုလ်စွဲခဲ့သော သရက်ခရိုင်အသင်းအား တစ်ဦးချင်းဆွဲပြား၊ ဆုဖလားနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး၊ ဒုတိယဆုရရှိသော မကွေးခရိုင် အသင်းနှင့် ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံး ကစားသမားဆု၊ ရှေ့တန်းအကောင်းဆုံးဆု၊ အလယ် တန်းအကောင်းဆုံးဆု၊ နောက်တန်း အကောင်းဆုံး ဆုနှင့် ဂိုးသမားအကောင်းဆုံးဆု ရရှိသည့် အားကစား သမားများအား ဆုတံဆိပ်နှင့် ငွေသားဆုများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန် ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

# မန္တလေး-လားရှိုး-မူဆယ် အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင် နယ်စပ်ကုန်သွယ်ရေးနှင့် ဒေသခံပြည်သူများ လူမှုစီးပွားဖွံ့ဖြိုး

ခရမ်းစိုးမြင့်

မြန်မာနိုင်ငံသည် အာရှတိုက်၏အရှေ့တောင်ဘက်တွင်တည်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည်။

အဓိကထွက်ကုန်မှာ စိုက်ပျိုးသီးနှံ၊ သားငါးတို့ဖြစ်ပြီး အခြားသယံဇာတများလည်း ထွက်ရှိသည်။ နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့်နိုင်ငံများနှင့်လည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးစခန်းသည် ပို့ကုန်သွင်းကုန်အများဆုံးဆောင်ရွက်နေသော စခန်းတစ်ခုဖြစ်ပြီး အဓိက ဆက်သွယ်ရေးလမ်းကြောင်းမှာ ကားလမ်းဖြစ်သည်။

ကားလမ်းမှာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မိုင်းယုတို့ကိုဖြတ်၍ မူဆယ်အထိ ဖောက်လုပ်ထားသောလမ်းဖြစ်ပြီး မိုင်အားဖြင့် ၂၉၁ ဒသမ ၈၇၅ မိုင်ရှိ မန္တလေး-လားရှိုး-မူဆယ်ကားလမ်းဖြစ်သည်။

အဆိုပါကားလမ်းကို Oriental Highway Co.,Ltd သည် ၁၉၉၆ ခုနှစ်က ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနထံမှ B.O.T ရယူဆောင်ရွက်ခဲ့သောလမ်းဖြစ်ပြီး B.O.T ယူခဲ့စဉ်က လမ်းမိုင်အားလုံးသည် ၁၂ ပေနှင့် ၁၈ ပေအကျယ်သာရှိသည်။ မိုးရာသီတွင် မိုးများရွာသွန်းမှုကြောင့် လမ်းများဆိုးရွားစွာပျက်စီးလျက် လားရှိုးမှမူဆယ်ကိုပင် ရုံဖန်ရုံခါ နှစ်ညအိပ် သုံးရက်ခန့် သွားလာနေရသောလမ်းဖြစ်သည်။ ထို့ကြောင့် မူလက ၁၂ ပေ၊ ၁၈ ပေ အကျယ်သာရှိသောလမ်းကို ၂၂ ပေ၊ ၃၆ ပေ၊ ၄၈ ပေအထိချဲ့၍ ကျောက်ခင်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်းခင်းပြီး A.C လမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးလိုက်သဖြင့် ယခုအခါ လားရှိုးမှမူဆယ်ကို ကားလေးနှင့် သုံးနာရီဖြင့် အရောက်သွားနိုင်နေပြီဖြစ်သည်။

လမ်းအဆင့်မြှင့်တင်ရာ၌ B.O.T ကုမ္ပဏီအနေဖြင့် လမ်းပိုင်းတစ်မိုင်လျှင် ကုန်ကျစရိတ် ၁ ဒသမ ၅ ဘီလီယံကျပ် ကုန်ကျသဖြင့် လမ်းမိုင်ပေါင်း ၂၉၁ ဒသမ ၈၇၅ မိုင်အတွက် ကုန်ကျငွေမှာ ၃၅၆ ဘီလီယံရှိသည်ဟု သိရသည်။ ယင်းအပြင်လမ်းပေါ်၌ တံတားပေါင်း ၈၅၅ စင်းလည်း B.O.T ယူစဉ်က ပါရှိလာရာ အဆိုပါတံတားများကို ပေ ၁၈၀ အောက်နှင့် ပေ ၁၈၀ အထက် ကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ရာ တံတားအရေအတွက် ၆၉၆ စင်းအထိ တိုးတက်ပြုပြင်ဆောင်ရွက်ခဲ့ရသည်ဟု သိရသည်။



မန္တလေး-မူဆယ်ကားလမ်းကို တွေ့ရစဉ်။

မန္တလေး-လားရှိုး-မူဆယ် ကားလမ်းသည် မန္တလေးမြို့မှ နောင်ချိုမြို့အထိ လမ်းပိုင်းနှင့် လားရှိုး-ကွတ်ခိုင်-မူဆယ်လမ်းအပိုင်းတို့ကို အဆင့်မြှင့်တင်၍ မူလ နှစ်လမ်းသွားမှ လေးလမ်းသွားအဖြစ် ၁၇၂ ဒသမ ၃၉ မိုင်အထိ ဆောင်ရွက်ခဲ့ပြီးဖြစ်သလို ပြင်ဦးလွင်မြို့ရှောင်လမ်းနှင့် လားရှိုးမြို့ရှောင်လမ်းတို့ကိုလည်း လမ်းသစ်များအဖြစ် ဖောက်လုပ်ပေးခဲ့သည်ဟု သိရသည်။

မန္တလေး-လားရှိုး-မူဆယ်လမ်းမကြီးသည် အာရှလမ်းမကြီး အမှတ်(၁၄)နှင့် ပြည်ထောင်စုလမ်းမကြီးဖြစ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်မှ ကချင်ပြည်နယ်၏ မြို့တော် မြစ်ကြီးနားမြို့ကို ဆက်လက်သွားရောက်နိုင်သလို မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် အဓိကအရေးပါသော လမ်းမကြီးတစ်လမ်းလည်းဖြစ်သည်။

"ကျွန်တော်တို့ကုမ္ပဏီအနေဖြင့် ယခုအခါ သိန္နီ-ကွမ်းလုံ-ချင်းရွှေဟော်လမ်း ၆၆ မိုင်၊ မူဆယ်-နမ့်ခမ်းလမ်း ၂၂ မိုင်၊ မိုင်းယု-ကြူကုတ်လမ်း ၁၂ မိုင်၊ ရေတာရှည်-ပျဉ်းမနားလမ်း ၃၉ မိုင် ၅ ဖာလုံ၊ ပျဉ်းမနား-ရမည်းသင်းလမ်း ၄၅ မိုင် ၅ ဖာလုံ၊ မြစ်ငယ်-ထုံးဘိုလမ်း ၉ မိုင် ၃ ဖာလုံ၊ ပုသိမ်-ငွေဆောင်လမ်း ၂၉ မိုင်၊ ဆားမလောက်-မအူပင်လမ်းမိုင် ၂၀၊ မန္တလေး-လားရှိုး-မူဆယ်လမ်း ၂၉၁ ဒသမ ၈၇၅ မိုင်ဖြစ်၍ မိုင်ပေါင်း ၅၄၅ ကျော်ကို B.O.T ယူ၍ အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိနေကြောင်း၊ ကတ္တရာလမ်းသည် ယာဉ်သွားလာမှုများပါက ၁၀ နှစ်ကြာလျှင် ပျက်စီးကြောင်း၊ ထို့ကြောင့် မိမိတို့ကုမ္ပဏီအနေဖြင့် B.O.T ယူခဲ့သည့်လမ်းများကို တာရှည်ခံသည့် ကွန်ကရစ်-နိုင်လွန်ကတ္တရာလမ်းများအဖြစ် အဆင့်မြှင့်တင်လျက်ရှိနေကြောင်း၊ ယခု မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၌ အရေးပါသည့် မန္တလေး-လားရှိုး-မူဆယ်လမ်း (၂၉၁ ဒသမ ၈၇၅ မိုင်)ကို ကွန်ကရစ် AC လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်း၊ မန္တလေး-လားရှိုး-မူဆယ်လမ်းမှ မန္တလေး- ပြင်ဦးလွင်အပိုင်း ၄၇ မိုင် ၁ ဖာလုံ (၈/၀-၅၅/၁)အထိကို ၂၀၀၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်နေ့တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အေးရှားဝေါလ်ကုမ္ပဏီလီမိတက်အမည်မှ Oriental Highways ကုမ္ပဏီလီမိတက်အဖြစ် လွှဲပြောင်းဆောင်ရွက်ခဲ့ကြောင်း၊ မူလလမ်း ၁၂ ပေအကျယ်၊ ၁၈ ပေအကျယ် (နှစ်လမ်းသွား)နှင့် လမ်းပေါ်၌ Bridge and Culvert ၂၉၀ အပါအဝင် စုစုပေါင်းတံတား ၈၅၅ စင်းရှိသော်လည်း ၆၉၆ စင်းအထိ အဆင့်မြှင့်တင်တည်ဆောက်ထားကြောင်း၊ စာချုပ်၌ တောင်ပေါ်ဒေသလမ်းများတွင် ၁၈ ပေအကျယ်အထိ ဆောင်ရွက်ရန်ဖြစ်သော်လည်း အခြေအနေပေးသည့် နေရာတွင် ၃၆ ပေ၊ ၄၈ ပေအထိ ချဲ့၍ နိုင်လွန်ကတ္တရာလမ်းအဆင့်သို့ တိုးမြှင့်ဆောင်ရွက်ထားကြောင်း၊ ယခုအထိ အဆိုပါ မန္တလေး-လားရှိုး-မူဆယ်လမ်းပိုင်းမှ ၂၉၁ ဒသမ ၈၇၅ မိုင်ရှိသည့်အနက် ၃၆ ပေနှင့် ၄၈ ပေချဲ့၍ နိုင်လွန်ကတ္တရာခင်းခြင်းလုပ်ငန်းကို ၁၇၂ ဒသမ ၃၉ မိုင် အဆင့်မြှင့်တင်ဆောင်ရွက်ပြီးဖြစ်ကြောင်း၊ ကျန်ရှိသည့် လမ်းမိုင်များကိုလည်း ဘဏ္ဍာနှစ်အလိုက် ဆက်လက်အဆင့်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" Oriental Highways Co.,Ltd မှ B.O.T လမ်းများစီမံကိန်းဒါရိုက်တာ ဦးတင်ကိုကိုက ရှင်းပြသည်။

အချုပ်အားဖြင့် တင်ပြရလျှင် မန္တလေး-လားရှိုး-မူဆယ်အဝေးပြေးလမ်းမကြီးသည် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်မှစတင်ပြီး ပြင်ဦးလွင်မြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မိုင်းယုတို့ကိုဖြတ်၍ မူဆယ်အထိ ဖောက်ထားသောလမ်းဖြစ်ပြီး တရုတ်-မြန်မာ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလုပ်ငန်း၌ အရေးပါသည့်လမ်းမကြီးဖြစ်သောကြောင့် မြန်မာနိုင်ငံအတွက်လည်း အရေးပါသော အဝေးပြေးလမ်းမကြီးတစ်လမ်း ဖြစ်ပေသည်။ ထို့ကြောင့် အဆိုပါလမ်းမကြီးအား ၄၈ ပေချဲ့၍ လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးလိုက်ခြင်းဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုလျင်မြန်စွာဆောင်ရွက်နိုင်မည့်အပြင် အဝေးပြေးလမ်းမကြီးဖြတ်သန်းရာ ပြည်နယ်နှင့်တိုင်းဒေသကြီးရှိ မြို့ရွာများမှ ပြည်သူတို့၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်သည်။ ။

**"အဓိကထွက်ကုန်မှာ စိုက်ပျိုးသီးနှံ၊ သားငါးတို့ဖြစ်ပြီး အခြားသယံဇာတများလည်း ထွက်ရှိသည်။ နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည့် နိုင်ငံများနှင့်လည်း နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းကို ဆောင်ရွက်လျက်ရှိရာ မြန်မာ-တရုတ်နယ်စပ် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးစခန်းသည် ပို့ကုန်သွင်းကုန်အများဆုံးဆောင်ရွက်နေသော စခန်းတစ်ခု ဖြစ်၍ အဓိကဆက်သွယ်ရေးလမ်းကြောင်းမှာ ကားလမ်းဖြစ်"**



မန္တလေး-လားရှိုး-မူဆယ်အဝေးပြေးလမ်းမကြီးမှ လားရှိုး-မူဆယ်အပိုင်းကို တွေ့ရစဉ်။



လားရှိုးမှ မူဆယ်သွားကားလမ်းတစ်နေရာကို တွေ့ရစဉ်။

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များရှိ ပထမနှစ်သင်တန်းများ၏ လစ်လပ်နေရာများသို့ ပြောင်းရွှေ့တက်ရောက်နိုင်ရေး လျှောက်လွှာခေါ်ယူသည့်ကြေညာချက်

၂၀၂၀ ပြည့်နှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ဝင်ခွင့်ရရှိထားပြီး ကျောင်းလာရောက်အပ်နှံခြင်းမရှိသေးသူများ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များအချင်းချင်း ပြောင်းရွှေ့လျှောက်ထားလိုသူများ၊ အခြားဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဝင်ခွင့်ရရှိသူများသည် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီပါက ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များသို့ ပြောင်းရွှေ့လျှောက်ထားနိုင်ကြောင်းနှင့် လစ်လပ်နေရာပေါ်မူတည်ပြီး ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီသူများအနက် အမှတ်အများဆုံးရရှိသူများအား ရွေးချယ်၍ လစ်လပ်နေရာများတွင် အစားထိုးပြောင်းရွှေ့ တက်ရောက်ခွင့်ပြုရေး ရွေးချယ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အသေးစိတ်အချက်အလက်များသိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၏ Facebook Page, Website တို့တွင်လည်းကောင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန၏ Website တွင်လည်းကောင်း၊ သက်ဆိုင်ရာဆေးတက္ကသိုလ်များနှင့် ဆေးပညာနီးနွယ်တက္ကသိုလ်များ၏ Website များတွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းနှင့် မိမိတို့လက်ရှိတက်ရောက်ပညာသင်ကြားလျက်ရှိသော တက္ကသိုလ်များတွင်လည်း စုံစမ်းမေးမြန်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း(အမျိုးသား / အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ကျင်းပ



နေပြည်တော် ဇွန် ၁၂

အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၂ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဗထူးတပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်းဝင်း စက်ပစ်ကွင်း၌ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

ဦးစွာ ဒုတိယတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ပြိုင်ပွဲအား မိုးပျံပူဖောင်းပစ်ဖောက်၍ ဖွင့်လှစ်ပေးပြီး သရုပ်ပြပစ်ခတ်ခြင်း၊ ပြိုင်ပွဲဝင်အသင်းများ၏ ယှဉ်ပြိုင်ပစ်ခတ်မှုများကို ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကာ ဂုဏ်ပြုဆုငွေများပေးအပ်ချီးမြှင့်သည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း အမျိုးသားအသင်း ခုနစ်သင်းနှင့် အမျိုးသမီးအသင်း ခုနစ်သင်းဖြင့် ဇွန် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေကျင်မြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး မြေစိုက်ပိုစတာ စိုက်ထူ

ရွှေကျင် ဇွန် ၁၂

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် မြို့မဘောလုံးကွင်းအနီး ကျွဲတဲရပ်ကွက်လမ်းဆုံရှိ ပန်းခြံတွင် ယမန်နေ့နံနက် ၈ နာရီခွဲက သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိအောင် ကြိုတင်ကာကွယ်ရန် ရည်ရွယ်၍ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး မြေစိုက်ပိုစတာကို ပြည်သူများ အလွယ်တကူလာရောက်လေ့လာဖတ်ရှုနိုင်စေရန် စိုက်ထူခဲ့ကြသည်။



**အခမဲ့ဖြန့်ဝေ**

ဆက်လက်၍ မြေစိုက်ပိုစတာစိုက်ထူပွဲသို့တက်ရောက်လာသော မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူနှင့် အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များက သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဇော်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဇွန် ၁၂

လှိုင်းအသင့်အတင့် ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။ မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် ဇွန် ၁၂

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အသင့်အတင့် ရှိနေသည်။ မိုး/ဇလ




## ဖိတ်ခေါ်ဆွေးနွေး ငြိမ်းချမ်းရေး

❖ "ထာဝရငြိမ်းချမ်းရေး"
မျှော်တွေးရှုကြည့်ပါလျှင်။
❖ နှစ်ပေါင်းခုနစ်ဆယ့်လေးနှစ်ကျော်သည်အထိ
ညို့နှိုင်းတိုင်ပင်။
❖ တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်
နောင်ထာဝစဉ် လက်တွဲလို့။
❖ အနာဂတ်ငြိမ်းချမ်းရေး ခရီးလမ်း
လျှောက်လှမ်းကြစို့။
❖ အနာဂတ်ငြိမ်းချမ်းရေးခရီးလမ်း
လျှောက်လှမ်းကြရာတွင်။
❖ အမှားမြင်လျှင် အမှန်ပြင်လို့
တွေးဆဆင်ခြင်
ဖေးမပြင်ဆင်။
❖ တွေ့ဆုံဆွေးနွေး စားပွဲဝိုင်းတွင်
အချစ်တူကြ....
အပြစ်ဟူသမျှ....
မြူမှုံပင်မမြင်ကြစတမ်း။
❖ မပျက်ပြုန်းနိုင် ....၊
တစ်သက်လုံးခိုင်
သက်ဆုံးတိုင် မေတ္တာ သစ္စာတရားတွေနှင့်
ခံစားချက်အထွေထွေ မှျဝေကမ်းပါလို့
အမှန်တရားအတွက် အဖြေတွေရစေစမ်းချင်ငဲ့
နောင်ထာဝစဉ်အနာဂတ်ခရီးလမ်းမှာဖြင့်
"ထာဝရငြိမ်းချမ်းရေး"အတွက်
(သွေးချင်းတို့ရေ)မနှေးယခုတက်လှမ်း။
(ပြည်သူတို့ရေ) ရှေးရှုလက်ကမ်း...။ ။

**မြင့်မိုရ်ဦး(ပဲခူး)**

## တာဝန်မှကင်းကွာနေသော အခြေခံပညာရေးဝန်ထမ်းများအား သတ်မှတ်ရက်ထပ်မံတိုးမြှင့် ဖိတ်ခေါ်ခြင်း

ခြိမ်းခြောက်အကျပ်ကိုင်ခံရမှုကြောင့်လည်းကောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုများတွင် ပါဝင်ခဲ့မိသောကြောင့်လည်းကောင်း၊ သွားလာမှုခက်ခဲခြင်းကြောင့်လည်းကောင်း စိုးရိမ်ကြောင့်ကြမှုများကြောင့် တာဝန်မှကင်းကွာခဲ့သော ပညာရေးဝန်ထမ်း ဆရာ ဆရာမများ၊ ဝန်ထမ်းစည်းကမ်းဖြင့် အရေးယူခံထားရသည့် ဆရာ ဆရာမများအနေဖြင့် နိုင်ငံသားမျိုးဆက်သစ်လူငယ်များအတွက် စေတနာ၊ ဝါသနာ၊ အနစ်နာဟူသော နာသုံးနာကို ရှေးရှု၍ သင်ကြားရေးတာဝန်ကို ပြန်လည်ထမ်းဆောင်နိုင်ရန်အတွက် မိမိတို့၏သဘောဆန္ဒအလျောက် မိမိတို့နောက်ဆုံးတာဝန်ထမ်းဆောင်ခဲ့ရာ ကျောင်းတည်ရှိသည့် မြို့နယ်ပညာရေးမှူးရုံးသို့ဖြစ်စေ၊ မိမိတို့လက်ရှိနေထိုင်ရာဒေသရှိ နီးစပ်ရာမြို့နယ် ပညာရေးမှူးရုံးသို့ဖြစ်စေ ၇-၆-၂၀၂၂ ရက်နေ့မတိုင်မီ သတင်းပို့ကြရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းထုတ်ပြန်ဖိတ်ခေါ်ခဲ့ရာ ယနေ့အထိ ဆရာ ဆရာမ ၂၉၆၀ ဆက်သွယ်သတင်းပို့ခဲ့ပါသည်။

ဆက်သွယ်သတင်းပို့ရန် ဆန္ဒရှိပါသော်လည်း လမ်းပန်းဆက်သွယ်ရေးနှင့် အခြားသောအခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း သတင်းပို့နိုင်ခြင်းမရှိသော ဆရာ ဆရာမများအတွက် သတင်းပို့ဆက်သွယ်ရမည့်ရက်ကို (၁၄-၆-၂၀၂၂)ရက်နေ့အထိ ထပ်မံ၍ တိုးမြှင့်သတ်မှတ်ပေးလိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး ၂၀၂၁ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့သော ဘားအံမွေးမြူရေးဇုန် ကြည့်ရှုစစ်ဆေး



ဘားအံ ဇွန် ၁၂

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့နံနက်ပိုင်းက ဘားအံမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မွေးမြူရေးတောင်သူများနှင့်တွေ့ဆုံ၍ ၂၀၂၁ ခုနှစ်တွင် စတင်ဖော်ဆောင်ခဲ့သော ဘားအံမွေးမြူရေးဇုန်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘားအံမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံရာ ဘားအံခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများကဇုန်အတွင်း မြေနေရာချထားပေးမှုအခြေအနေ၊ လျှပ်စစ်မီး၊ ရေ၊ အဆောက်အအုံဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် မွေးမြူထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘားအံမွေးမြူရေးဇုန်အတွင်း တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် မွေးမြူရေးလုပ်ငန်းရှင်များ၏ မွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ဘားအံမွေးမြူရေးဇုန်ကို ကရင်ပြည်နယ်အစိုးရအဖွဲ့၏စီမံလမ်းညွှန်မှုဖြင့် ၂၀၂၁ ခုနှစ်မှစ၍ စတင်ဖော်ဆောင်ခဲ့ရာ မြေဧရိယာ ၁၃၇ ဒသမ ၄၆ ဧကတွင် အကွက်ပေါင်း ၁၀၆ ကွက်၌ လုပ်ငန်းရှင် ၈၄ ဦးမှ ဥစားကြက်၊ အသားစားကြက်၊ နွား၊ ဝက်၊ ဆိတ်၊ သိုး တိရစ္ဆာန်များကို ခြံစနစ်ဖြင့် မွေးမြူလျက်ရှိသည်။

ပြည်နယ်(ပြန်/ဆက်)



## ဥပဒေရေးရာဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲ ကျင်းပ

ပြည် ဇွန် ၁၂

ဥပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ လမ်းညွှန်မှာကြားချက်များကို ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ ဥပဒေအရာရှိများအား ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့နံနက် ၈ နာရီက ပြည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဥပဒေချုပ် ဦးခင်မောင်တင့်က "ဥပဒေအရာရှိများအနေဖြင့် မိမိတို့ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ အနီးကပ်ကြီးကြပ်မှုကို ခံယူရန်၊ ဥပဒေရေးရာဝန်ကြီးဌာနကို တာဝန်ခံပြီး လမ်းညွှန်ချက်များ၊ အမိန့်လုပ်ထုံး လုပ်နည်းများနှင့်အညီ တာဝန်ထမ်းဆောင်ရန်၊ ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေကို လိုက်နာဆောင်ရွက်ကြရန်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်တို့နှင့်အညီ အလေးထားဆောင်ရွက်ကြရန်၊ ပြည်နယ်/တိုင်းဒေသကြီးများမှ ဥပဒေရေးရာသင်တန်းများ၊ ရုံးဝန်ထမ်းများ အရည်အသွေးမြင့်သင်တန်းများ ဖွင့်လှစ်ပို့ချရန်" စသည့် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၏ လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာသော ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်ခရိုင်နှင့် သာယာဝတီခရိုင်အတွင်းရှိ ခရိုင်နှင့် မြို့နယ်ဥပဒေအရာရှိများက တစ်ဦးချင်းမိတ်ဆက်ကြပြီး ကဏ္ဍအလိုက် ဆွေးနွေးလိုသည့်အချက်များကို ဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် တိုင်းဥပဒေချုပ်က လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေး လမ်းညွှန်မှာကြားပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

ဆည်မြောင်းချောင်းကန် ရေပြည့်လျှံ
တမံသဘော ရေထိန်းတော။

## မြန်မာနိုင်ငံ ပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ်က သင်္ဘောသားများအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိ

ရန်ကုန် ဇွန် ၁၂

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (MSF) ပထမအကြိမ်ညီလာခံကို ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်တွင် ကျင်းပခဲ့ပြီး အဖွဲ့ချုပ် (MSF) ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို သင်္ဘောသားများက သဘောတူထောက်ခံ အတည်ပြုခဲ့ကြသည်။

၂၀၂၂ ခုနှစ် ဆဋ္ဌမအကြိမ် နှစ်ပတ်လည် အသင်းသား မျက်နှာစုံညီအစည်းဝေးကို ဇွန် ၉ ရက်က Royal Garden Restaurant တွင် ပြုလုပ်သည်။**(အောက်ပုံ)**

**ရှင်းလင်းတင်ပြ**

အစည်းအဝေးတွင် အသင်းချုပ်ဥက္ကဋ္ဌ ကပ္ပတိန်စိုးမင်းအောင်က ရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအတွင်း ကိုဗစ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း ပြည်ပသို့ ထွက်ခွာမည့် မြန်မာနိုင်ငံသား သင်္ဘောသားများအား ကိုဗစ်ရောဂါ ကင်းရှင်းကြောင်း ဆေးစစ်ခြင်းနှင့် ဆေးလက်မှတ်ထုတ်ပေးခြင်းလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် မေ ၂၀ ရက်မှ ၂၀၂၂ ခုနှစ် ဧပြီ ၃၀ ရက်အထိ ဆေးစစ်သူ ၁၇၅၉၀ အား ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (NHL) နှင့် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် မြန်မာသင်္ဘောသားများ ကော့သောင်းမြို့ ကမ်းလွန်ပင်လယ်ပြင်တွင် လူလဲလှယ်ခြင်းလုပ်ငန်း ဝန်ဆောင်မှုအား ၂၀၂၀ ပြည့်နှစ် ဇူလိုင်လမှစတင်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ သင်္ဘော ၉၆ စင်းတွင် သင်္ဘောသားဦးရေ အတက် ၁၀၂၅ ဦး၊ အဆင်း ၁၀၂၈ ဦးတို့ကို လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပြီး ပြည်ပမှ မြန်မာသင်္ဘောသားများ ပြန်လာနိုင်ရေးအတွက် အထူးစင်းလုံးငှား လေကြောင်းခရီးစဉ်တို့ကို ဝန်ဆောင်မှုပေးခဲ့သည်။

အဖွဲ့ဝင်သင်္ဘောသားများက တင်ပြတိုင်ကြားလာသည့် လစာနှင့် စရိတ်တောင်းခံခြင်း၊ သင်္ဘောပေါ်တွင် တာဝန်ထမ်းဆောင်စဉ် ကွယ်လွန်ခြင်း၊ ပျောက်ဆုံးခြင်း၊ တာဝန်ထမ်းဆောင်စဉ် ကျန်းမာရေးထိခိုက်မှုရှိခြင်း၊ လိမ်လည်ခံရခြင်း၊ ထိခိုက်ဒဏ်ရာရမှုအတွက် လျော်ကြေး၊ နစ်နာကြေးရလိုခြင်း၊ ဝန်ဆောင်ခပြန်လည်တောင်းခံခြင်းတို့အတွက် ၂၀၂၀ - ၂၀၂၂ ခုနှစ်အတွင်း တိုင်ကြားသည့် အမှုပေါင်း ၁၃၈ မှုရှိပြီး ဖြေရှင်းပြီးအမှုမှာ ၁၀၃ မှုဖြစ်၍ ၃၅ မှုမှာ ဆောင်ရွက်ဆဲဖြစ်သည်။

ကိုဗစ်ရောဂါ နိုင်ငံအတွင်း စတင်ဖြစ်ပွားချိန်တွင် ပင်စင်မရှိသင်္ဘောသားအများစုမှာ အိမ်အတွင်းနေထိုင်ကြစဉ် စားသောက်ရေးအတွက် အဖွဲ့ချုပ် (MSF) မှ ဆန်၊ ဆီ၊ ပဲ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၇၆၅၃၀၀ ကို အိမ်တိုင်ရာရောက် လှူဒါန်းခဲ့သည်။ သက်ကြီးသင်္ဘောသားများနှင့် ကျန်းမာရေးချို့တဲ့သူများကို သက်ကြီးသင်္ဘောသား ကျန်းမာရေးကူညီမှုလုပ်ငန်းကော်မတီ (ASHC) က အလှူရှင်များ ပေးပို့လာသည့် အလှူငွေများကို သွားရောက်လှူဒါန်းပေးခဲ့သည်။

အဖွဲ့ချုပ် (MSF) သည် မြန်မာသင်္ဘောသားနှင့် သင်္ဘောသားမိသားစု ကိစ္စရပ်များအား ဆောင်ရွက်ပေးရာတွင် အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ အခကြေးငွေ ကောက်ခံခြင်းမရှိ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ငွေကြေးအကူအညီ တောင်းခံလာပါက အဖွဲ့ချုပ် (MSF) ၏ဘဏ္ဍာရေးအခြေအနေပေါ်မူတည်၍ ပံပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။



မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသားအလုပ်သမားများအဖွဲ့ချုပ် (MSF) တွင် အသင်းဝင်ဦးရေ ၁၁၆၀ ရှိပြီး ၂၀၂၂ - ၂၀၂၄ အလုပ်အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင်လတွင်ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

မျိုးမင်းသူရ

■

# မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးနှင့် မျိုးကောင်းမျိုးသန့်များဖြန့်ဝေနိုင်ရေး မြစ်ကြီးနားမြို့၌ မွေးမြူရေးသရုပ်ပြ မျိုးထိန်းမျိုးဖြန့်ခြံ တည်ဆောက်သွားမည်

မြစ်ကြီးနား ဇွန် ၁၂

ကချင်ပြည်နယ်၏ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေး၊ မွေးမြူရေး တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များနှင့် တိရစ္ဆာန်အစာပင်မျိုးများ မွေးမြူရေး လုပ်ကိုင်နေကြသည့် တောင်သူများထံ ဖြန့်ဝေပေးနိုင်ရေးအတွက် ပြည်နယ် အစိုးရအဖွဲ့နှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့ ပူးပေါင်း၍ မြစ်ကြီးနားမြို့၌ မွေးမြူရေးနှင့် သရုပ်ပြသုတေသနခြံ တည်ဆောက်သွားနိုင်ရေး စီမံဆောင်ရွက် လျက်ရှိကြောင်း ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ သရုပ်ပြမျိုးထိန်းမျိုးဖြန့်ခြံကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တည် ဆောက်နိုင်ရေးအတွက် ပြည်နယ် အစိုးရအဖွဲ့က မြစ်ကြီးနားမြို့ မော်ဖောင်း ကျေးရွာအုပ်စုအတွင်း မြေဧက ၅၀ လျာထားဆောင်ရွက်လျက်ရှိရာ မွေးမြူ ရေးနှင့် ကုသရေးဦးစီးဌာန(ရုံးချုပ်) က Brahman အသားစားနွားမျိုး ကောင်ရေ ၅၀ နှင့် Boar အသားစားဆိတ် ကောင်ရေ ၁၀၀ မွေးမြူနိုင်ရေး စီစဉ်ဆောင်ရွက် သွားမည်ဖြစ်ကြောင်းနှင့် တိရစ္ဆာန်အစာ အဖြစ် မြက်မျိုးစိတ်များကိုလည်း စိုက်ပျိုး ပြီး မျိုးဖြန့်ဝေနိုင်ရေးအတွက် စီမံ ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာသန်းအေးက ရှင်းလင်းပြောကြားသည်။

ထို့အပြင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရအဖွဲ့က ကနဦးအစီအမံ အဖြစ် စိုက်ပျိုးရေးသိပ္ပံ (မြစ်ကြီးနား) ကျောင်းဝင်းအတွင်း မြေဧက ၂၀ ပေါ်တွင် သားစပ်နိုင်သောအရွယ်ရှိ Brahman အမျိုးအစား အသားစားနွားကောင်ရေ ငါးကောင် မွေးမြူနိုင်ရေး (၂၀ ပေx၂၄ ပေx၁၂ ပေ) ရှိ နွားခြံနှင့် Boar အသားစား ဆိတ်ကောင်ရေ ၁၀ ကောင် မွေးမြူရန် (၆၀ ပေx၃၀ ပေx၁၈ ပေ) ရှိ ဆိတ်မွေးမြူ ရေးခြံ တည်ဆောက်နိုင်ရေးနှင့် ကျန်မြေ ဧကပေါ်တွင် တိရစ္ဆာန်အစာအဖြစ် နေပီယာမြက်ကို အဓိကထားစိုက်ပျိုး လျက်ရှိရာ Stylo (စတိုင်လို)နှင့် Rozi (ရိုဇီ) စသည့် မြက်မျိုးများကိုလည်း စမ်းသပ်စိုက်ပျိုးသွားမည် ဖြစ်ကြောင်း ပြည်နယ်ဦးစီးမှူးက ထပ်မံရှင်းပြ သည်။

အဆိုပါ ကနဦးအစီအမံအဖြစ် စိုက်ပျိုးရေး သိပ္ပံကျောင်းဝင်းအတွင်း သရုပ်ပြ မျိုးထိန်း မျိုးဖြန့်ခြံ တည်ဆောက်သွားမည့်အစီ အမံများနှင့် နေပီယာမြက်မျိုးများ စမ်းသပ်စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေကို ဇွန် ၄ ရက်က ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် တိုင်းမှူး တို့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

✻ ရှေ့ဖုံးမှ

စိုက်ပျိုးရေးကွင်းဝန်ထမ်းများက တောင်သူပညာပေးကွင်းဆင်း၍ ဒေသခံတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း မင်းဘူး ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးလှမိုးက ပြောသည်။

"ဒီဒေသက မိုးဦးကျဆိုရင် နှမ်း၊ မြေပဲ၊ ပဲတီစိမ်းနဲ့ မိုးစပါးကို အဓိကစိုက်ပျိုးကြပြီး မိုးဦးနေကြာကိုတော့ စိုက်ပျိုးတာနည်းတယ်။ အချို့တောင်သူတွေက အခုရက်ပိုင်းမိုးနဲ့ မိုးနေကြာကို စိုက်ပျိုးတာတွေ ရှိသလို အများစုက မိုးနေကြာဆိုရင် ဇူလိုင်လထဲမှာ စိုက်ပျိုးကြပြီးတော့ နှောင်းပိုင်းအတွက်ဆိုရင် မိုးကုန်ခါနီးမှ ဆောင်းနေကြာကို အများဆုံး စိုက်ပျိုးကြပါတယ်"ဟု မင်းဘူး (စကု)မြို့နယ် ဇရပ်ကြီးကျေးရွာမှ နေကြာစိုက်တောင်သူ ဦးဝင်းအောင်က ရှင်းပြသည်။

မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်ငါးမြို့နယ်၌ ၂၀၂၂ ခုနှစ် စိုက်ပျိုး ရာသီတွင် မိုးနေကြာသီးနှံကို သီးသန့်စိုက်ဧက ၁၈၉၅၁ ဧကနှင့် သီးညှပ် စိုက်ဧက ၉၉၁၆ ဧက စုစုပေါင်း ၂၈၈၆၇ ဧကအထိ စိုက်ပျိုးသွားမည် ဖြစ်ရာ ဇွန် ၉ ရက်အထိ သီးသန့်စိုက်ဧက ၅၇၉ ဧကနှင့် သီးညှပ်စိုက် ဧက ၄၇၄ ဧက စုစုပေါင်းဧက ၁၀၅၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ မောင်မောင်(မင်းဘူး)

# ကျွန်းလှမြို့နယ်၌ မိုးစပါးဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်

ကျွန်းလှ ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကထားလုပ်ကိုင်လျက်ရှိရာ ယခုနှစ်တွင် မိုးစပါး ဧက ၂၉၀၀၀ ကျော် လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောကြားသည်။

ကျွန်းလှမြို့နယ်အတွင်းရှိလယ်ယာမြေများသည် မိုးကောင်းသောက် ဖြစ်သော်လည်း မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရန်အတွက် ချောင်းပိတ်၊ မြောင်းပိတ်နှင့် မြေအောက်ရေတင်ပြီး ပျိုးထောင်ခြင်း၊ မြေယာပြုပြင် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိုးစပါးစိုက်ပျိုးရာတွင် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်း မွန်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ နည်းစနစ်များ အသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်တွင် ၂၀၂၂-၂၀၂၃ ခုနှစ် မိုးစပါး ၂၉၄၉၂ ဧက၊ ပဲမျိုးစုံ ၁၂၀၃၄ ဧက၊ ဆီထွက်သီးနှံ ၇၂၁၃ ဧက၊ အခြားသီးနှံ ၅၃၀၂၆ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧကလျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းများအရ သိရသည်။ မျိုးဝင်းညို (ကျွန်းလှ)

# လားရှိုးမြို့နယ်ထွက် လိုက်ချီးသီးများ ဈေးကွက်အတွင်း ရောင်းအားကောင်း



လားရှိုး ဇွန် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ် အတွင်းရှိ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသော လိုက်ချီး သီးများ အရောင်းအဝယ်ဖြစ်လျက်ရှိနေပြီး ဈေးကောင်းရလျက်ရှိသည်။

လားရှိုးမြို့နယ်အတွင်းတွင် လိုက်ချီးသီးများ ကို နောင်မွန်၊ အီနိုင်း၊ နမ့်ပေါင်၊ စဥ့်အင် ကျေးရွာတို့တွင် အများအပြားစိုက်ပျိုးကြပြီး နယ်မြေဒေသစုံသို့ ပို့ဆောင်ရောင်းချနေရ ကြောင်း သိရသည်။

"ဒီတစ်နှစ်က လိုက်ချီးသီးတွေ ဈေးကောင်း ရတယ်လို့ဆိုရမယ်။ အရင်နှစ်ထက် ဈေးပိုရ တယ်။ အသီးအထွက်နှုန်းလည်း ကောင်း တယ်။ နောက်ပြီး ဝယ်တဲ့ဒေသတွေကလည်း စုံတယ်။ ဈေးကွက်ကတော့ မြန်မာပြည် အနှံ့ကိုပို့ပြီး ရောင်းချနေရတယ်" ဟု နောင်မွန် ကျေးရွာရှိ လိုက်ချီးစိုက်ပျိုးရောင်းချသူ တစ်ဦးက ပြောကြားသည်။

လားရှိုးဒေသထွက် လိုက်ချီးသီးများကို ရန်ကုန်၊ မန္တလေး၊ တောင်ငူ၊ တောင်ကြီး၊ လောက်ကိုင်၊ မူဆယ်မြို့တို့သို့ အဓိကတင်ပို့ ရောင်းချကြကြောင်း သိရသည်။

ယခုနှစ်အတွင်း လားရှိုးမြို့၌ လိုက်ချီးသီး ဈေးနှုန်းမှာ ပြင်ပပေါက်ဈေးအနေဖြင့် တစ်ပိဿာလျှင် ကျပ် ၃၅၀၀ မှ ၅၀၀၀ ထိ ဈေးရှိနေပြီး လိုက်ချီးခြံတွင် သွားရောက် ဝယ်ယူပါက တစ်ပိဿာလျှင် ကျပ် ၂၀၀၀ ဈေးရှိကြောင်း သိရသည်။

စိုင်းထွန်း (လားရှိုး)

# ငဖဲမြို့နယ်၌ ကော်ဖီစိုက်ဧက ၁၀၆၆ ဧက စိုက်ပျိုးရာ အောင်မြင်ဖြစ်ထွန်း

ငဖဲ ဇွန် ၁၂

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် တောင်ပေါ် ဒေသ (နတ်ရေကန်)တွင် ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် အာရေဗီးကား (ဗီယက်နမ်) ကုန်းမြင့် ကော်ဖီမျိုးများကို စိုက်ဧက ၁၀၆၆ ဧကစိုက်ပျိုးထား ရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီ သီးနှံဌာနခွဲ ကော်ဖီခြံ (နတ်ရေကန်)တွင် အာရေ ဗီးကား (ဗီယက်နမ်) ကုန်းမြင့်ကော်ဖီမျိုး ဧက ၄၀ စိုက်ပျိုးထားပြီး တောင်ပေါ်ဒေသ ကျေးရွာများတွင် ပုဂ္ဂလိကတောင်သူစိုက်ဧက ၁၀၂၆ ဧက စိုက်ပျိုးထား သည်။

တောင်ပေါ်ဒေသ ကျေးရွာအုပ်စု ၁၀ အုပ်စုမှ ကော်ဖီစိုက်တောင်သူများ အရည်အသွေးကောင်း မွန်သောသီးနှံများရရှိ၍ အချိန်တိုအတွင်း ခြောက် သွေ့စွာလှန်းနိုင်ရန် ရည်ရွယ်၍ ကော်ဖီခြံတွင် Solar Dryar စနစ်ဖြင့် သီးနှံအခြောက်လှန်းစင်အဆောက် အအုံတည်ဆောက်ထားရှိကြောင်း ကော်ဖီခြံတာဝန်ခံ ဦးဇော်သိန်းက ပြောကြားသည်။

ငဖဲမြို့နယ် နတ်ရေကန် (ကော်ဖီခြံ)မှ တစ်နှစ်လျှင် ကော်ဖီစေ့ ၂ ဒသမ ၈ တန်နှင့် ပုဂ္ဂလိကစိုက်ခင်း များမှ ၄၃ တန်ခန့် စုစုပေါင်း ၄၅ တန်ကျော်ထွက်ရှိပြီး ယင်းကော်ဖီများကို ရွှာငံ၊ ရေနံချောင်း၊ ရန်ကုန်နှင့် ပြင်ဦးလွင်မြို့နယ် ဈေးကွက်များသို့ တစ်တန်လျှင် ကျပ်သိန်း ၃၀ မှ ၅၀ နှုန်းအထိ တင်ပို့ရောင်းချရ ကြောင်း သိရသည်။

မယု(ငဖဲ)

# သရက်သီးတွင်ကျရောက်တတ်သည့် ပိုးများအား စစ်တမ်းကောက်ယူကာ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

မန္တလေး ဇွန် ၁၂

မန္တလေးတိုင်းဒေသကြီးအတွင်း သရက်ခြံများမှ သရက်သီးများတွင် ကျရောက်တတ်သည့် ပိုးများ အား စစ်တမ်းကောက်ယူ၍ သုတေသနပြုလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိကြောင်း မြန်မာသရက် ဈေးကွက်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း (မန္တလေး) မှ အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောကြားသည်။

အဆိုပါ သုတေသနပြုလုပ်ငန်းများ ဆောင်ရွက် ခြင်းကို နေပြည်တော် သီးနှံကာကွယ်ရေးအဖွဲ့၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် သရက်စိုက်တောင်သူများ ပူးပေါင်းကာ ပြီးခဲ့သည့်မေလဆန်းမှစ၍ ဆောင်ရွက် နေကြောင်း၊ သရက်သီးတွင်တွေ့ရှိရသည့် သီးလုံး ဖောက်ပိုး (ခေါ်) အစေ့ထိုးပိုး၊ အညှာရင်းပုပ်၊ မဲ့ပျောက်စွန်းရောဂါ၊ သီးထိုးယင် စသည့်ရောဂါ များကို ဓာတ်ခွဲစမ်းသပ်ခြင်းများပြုလုပ်ပြီး မဲ့ပိုး ကျရောက်သည်ကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

"သရက်သီးနဲ့ပတ်သက်ပြီး ကိုယ့်ဒေသမှာဖြစ်တဲ့ ရောဂါကို စိုက်ပျိုးရေးဦးစီးဌာနကို တင်ပြကြပါတယ်။ ခုနောက်ပိုင်းမှာ အစေ့ထိုးပိုးပြဿနာ ပေါ်လာတယ်။ နေပြည်တော်က သီးနှံကာကွယ်ရေးအဖွဲ့ဆင်းလာ ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းက သတ်မှတ် ထားတဲ့ သရက်ခြံတွေက အသီးတွေကိုဝယ်ယူပြီး ဓာတ်ခွဲခြင်းတွေ ပြုလုပ်သွားမှာပါ။ အစေ့ထိုးပိုးကို ဘယ်အဆင့်မှာ ဘယ်လိုဖြစ်တယ်ဆိုတာကို သုတေသနပြုလုပ်နေတာပါ။ နေရာဒေသစုံက အသီးနမူနာတွေကိုယူပြီး ဓာတ်ခွဲစမ်းသပ်ခြင်းတွေ ပြုလုပ်ပြီးတော့ ပြန်လည်ဖော်ထုတ်ပေးသွားမှာပါ" ဟု ၎င်းကဆက်လက်ရှင်းပြသည်။

ထိုသို့ပြုလုပ်ခြင်းကြောင့် ရောဂါကင်းသည့် သီးနှံများအဖြစ် နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရာ တွင် အလားအလာကောင်းသည့်အပြင် စားသုံးသူ များအတွက်လည်း ဘေးအန္တရာယ် ကင်းရှင်းကြောင်း၊ လာမည့်နှစ်များတွင်လည်း ကျရောက်တတ်သည့် ပိုးမွှားများကို ပူးပေါင်းနှိမ်နင်းနိုင်ပါက သရက်သီး အရည်အသွေး ပိုမိုမြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။ မင်းထက်အောင်(မန်းကိုယ်ပွား)



# သာယာပျော်ရွှင် လုပ်ငန်းခွင်

နွေဦးမောင်

နိုင်ငံတစ်ဝန်းတွင် အစိုးရလုပ်ငန်းဌာန အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ အမြောက်အမြားလည်ပတ်တည်ရှိနေကြသည်။ သို့ရာတွင် ယင်းအဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းသဘောသဘာဝချင်း မတူကွဲပြားကြပါ။ ထိုသို့ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ မတူကြသည့်အတွက် တာဝန်ထမ်းဆောင်ရသည့် ဝန်ထမ်းများ၏ လုပ်ငန်းတာဝန်များလည်း မတူညီနိုင်ကြပါ။

အချို့လုပ်ငန်းခွင်များတွင် ဝန်ထမ်းများ အလုပ်တာဝန်ထမ်းဆောင်ရသည်မှာ ပေါ့ပေါ့ပါးပါး အနေအထားများ တွေ့ကြုံဖူးသည်။ ပကတိအနေအထားတွင် ဦးနှောက်ကိုအသုံးချပြီး ဉာဏ်စွမ်းအားဖြင့် ဆောင်ရွက်ကာ ကာယစွမ်းအားကို လျှော့ချသုံးစွဲခွင့်ရရှိထားခြင်းလည်းဖြစ်သည်။ ထို့ကြောင့် ခန္ဓာကိုယ်အနေဖြင့် ပင်ပန်းဆင်းရဲခြင်း မရှိကြပါ။ သို့ရာတွင် ဦးနှောက်အင်အား၊ စိတ်အင်အားကို အလေးထားအသုံးပြုပြီး တာဝန်များကို ဖြေရှင်းထမ်းဆောင်ရသောကြောင့် စိတ်ဖိစီးမှု ခံစားရတတ်သည်။

အချို့လုပ်ငန်းခွင်များတွင် ကာယအား၊ ဉာဏအားကို အားကုန်စိုက်ထုတ်ပြီး သတ်မှတ်အလုပ်ချိန်အတွင်း ပြီးမြောက်အောင်မြင်စေရန် ပင်ပန်းကြီးစွာဆောင်ရွက်ကြရသည်လည်း ရှိကြသည်။ ကိုယ်ရော စိတ်ပါ ဖိစီးလေးလံလျက် မိမိတို့၏ လက်ရှိဘဝကို ဒုတိယနေရာတွင် ထားရစ်လျက် ဆောင်ရွက်ရမည့် အလုပ်အကြောင်းကိုသာ ဦးစားပေးအစဉ်တွေးတောသုံးသပ်နေရသည့် အမှုထမ်း၊ အရာထမ်းများလည်း ရှိကြသည်။

**စိတ်လွတ်လပ်ပျော်ရွှင်ရသည့် အရသာ**

အချို့ဝန်ထမ်းများမှာမူ ကာယအားကိုသာ အဓိကအသုံးချပြီး ဆောင်ရွက်ရသည်။ သို့အတွက် ပင်ပန်းစွာ စဉ်းစားသုံးသပ်နေစရာ မလိုသည့်အနေအထားကြောင့် ရုပ်ပိုင်းဆိုင်ရာအနေဖြင့် ပင်ပန်းသော်လည်း သီချင်းတညည်းညည်းဖြင့် မိမိတို့၏ တာဝန်များကို အောင်မြင်ပြီးမြောက်စေရန် ပျော်ရွှင်စွာ ဆောင်ရွက်နိုင်ကြသည်ကို တွေ့ရသည်။ ထိုသူများမှာ စိတ်လွတ်လပ်ပျော်ရွှင်ရသည့် အရသာကို တင်းပြည့်ကျပ်ပြည့် ခံစားနိုင်ကြသူများ ဖြစ်ကြသည်။

စင်စစ် တာဝန်ခွဲဝေသတ်မှတ်ချက်အရ ဌာန၊ လုပ်ငန်းနှင့် အဖွဲ့အစည်းများ၏ သဘောသဘာဝချင်း မတူညီကြသည့်အတွက် တာဝန်ထမ်းဆောင်ကြသူ ဝန်ထမ်းများဖြစ်သော အမှုထမ်း၊ အရာထမ်းများ၏ ဆောင်ရွက်ရသည့်တာဝန်ပမာဏနှင့် သဘာဝသည် ထပ်တူမရှိနိုင်ကြပါ။ အချို့ဝန်ထမ်းများအနေဖြင့် စနေ၊ တနင်္ဂနွေဆိုသည်ကို အမှတ်မရနိုင်လောက်အောင် တာဝန်၏ဖိစီးမှုကို ခံကြရသော်လည်း အချို့ဝန်ထမ်းများ ရုံးတက်၊ ရုံးဆင်းချိန်များအတွင်း ခြေးတစ်စက်မျှ ထွက်စရာမလိုရလောက်အောင် သက်သာချောမွေ့သော တာဝန်များကို ထမ်းဆောင်ကြရသည်။ သို့သော် မည်သူကိုမျှ အပြစ်တင်စရာမလို။ မိမိဘဝကို ကိုယ်တိုင်တည်ဆောက်ရန်အတွက် မိမိနှင့်သက်ဆိုင်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြဋ္ဌာန်းရွေးချယ်ပြီး ဖြစ်ကြသည်။ ထို့ကြောင့်ပင် ယင်းဖြစ်စဉ်ကို မိမိအတွက် ကိုယ်တိုင်ဖန်တီးထားသော အကြောင်းတရားတစ်မျိုးဟုသာ မှတ်ယူကြရမည်ဖြစ်သည်။

မည်သို့ဆိုစေ လူသားအားလုံးသည် မိမိတို့ဘဝက ဖန်တီးထားသော လမ်းကြောင်းများအတိုင်း၊ ဘဝက သတ်မှတ်ပြဋ္ဌာန်းထားသည့်အတိုင်း တာဝန်များကို ထမ်းဆောင်လျှောက်လှမ်းနေကြရသည်သာဖြစ်သည်။ အလုပ်တာဝန် ပင်ပန်းစွာ ထမ်းဆောင်ရသည်ဖြစ်စေ၊ သက်သာလွယ်ကူစွာ ဆောင်ရွက်ရသည်ဖြစ်စေ နိုင်ငံ၏တာဝန်များ၊ မိမိ၏အဖွဲ့အစည်းတာဝန်များကို မိမိတို့၏ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရခြင်းသာဖြစ်သည်။ ထို့အတွက် မိမိတို့ထမ်းဆောင်ရသည့် တာဝန်များကို ကြီးလေးသည်၊ ပေါ့ပါးသည်ဟူ၍ ကြေးတိုက်ယှဉ်ပြိုင်မနေကြဘဲ မိမိတို့အတွက် ချမှတ်ခွဲဝေပေးထားသော တာဝန်များကို ကျေပွန်စေရန်သာ ဦးစားပေးထမ်းဆောင်သင့်လှသည်။

**စည်းလုံးညီညွတ်စေရေး**

ထိုသို့ဆောင်ရွက်ရာတွင် မိမိတို့၏ လုပ်ငန်းခွင်သာယာလှပရေး၊ မိမိတို့၏ အဖွဲ့အစည်းများ အဆင်ပြေပြေလည်ပတ်နိုင်စေရေး၊ မိမိတို့၏ လုပ်ငန်းခွင်အတွင်း လုပ်ဖော်ကိုင်ဖက်အချင်းချင်းတို့အကြား စည်းလုံးညီညွတ်စေရေးတို့အပြင် မိမိတို့ကိုယ်တိုင် နေ့စဉ်ဆောင်ရွက်သမျှသော အလုပ်တာဝန်များ ထမ်းဆောင်နေစဉ်အတွင်း စိတ်ရောကိုယ်ပါ ပျော်ရွှင်ချမ်းမြေ့နေစေရန် ဖန်တီးဆောင်ရွက်သင့်ကြသည်။

အောင်မြင်သောအလုပ်တာဝန်များကို ထမ်းဆောင်ရသူများအဖို့ အောင်မြင်ခြင်းအတွက် ပီတိအရသာ အစဉ်ထာဝရ ခံစားနေရသောကြောင့် စိတ်ချမ်းသာပျော်ရွှင်နေရပါလိမ့်မည်။ ဆက်လက်ထမ်းဆောင်သမျှသော တာဝန်များကိုလည်း သေချာပေါက် ကျော်လွှားအောင်မြင်လိမ့်မည်ဟု ယုံကြည်ချက်လည်း ရရှိလာပါလိမ့်မည်။ ထို့ကြောင့်ပင် တာဝန်များကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ စိတ်စွမ်းအားကောင်းမွန်မှုကြောင့် စိတ်အင်အားတိုးတက်လာခြင်းဖြစ်သည်။ ထိုသို့စိတ်အင်အားတိုးတက်ရရှိခြင်းသည် သာယာပျော်ရွှင်ဖွယ်ကောင်းသောအလုပ်ခွင်ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်သောကြောင့် ရရှိသည့်ရလဒ်ကောင်းဖြစ်

တကယ့်လက်တွေ့ဘဝတွင် ကိုယ်စိတ်ပင်ပန်းစွာ အားစိုက်တာဝန်ထမ်းဆောင်နေရသည့် အချိန်အတွင်း စိတ်ရောကိုယ်ပါ ပျော်ရွှင်ချမ်းမြေ့နေစေရန် ဖန်တီးရခြင်းသည် လွယ်ကူသောကိစ္စတစ်ရပ်မဟုတ်ပါချေ။ သို့ရာတွင် မိမိတို့၏ မူလစိတ်ကို ဖြူစင်အောင်ထားနိုင်ခြင်းကပင် လုပ်ငန်းခွင်နှင့် ယင်းလုပ်ငန်းခွင်အတွင်း ပါဝင်ပတ်သက်နေသူ ဝန်ထမ်းကြီးငယ်များ၏ နေ့စဉ်ဘဝများကို ပျော်ရွှင်စေရန် အစပျိုးဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း သိရှိနားလည်နိုင်သည်။

ထို့ကြောင့် လုပ်ငန်းခွင်သာယာပြီး ပျော်ရွှင်စရာကောင်းသည့် ပတ်ဝန်းကျင်တစ်ခုအဖြစ် ဖန်တီးရန်မှာ မိမိတို့ဝန်ထမ်းများကိုယ်တိုင်က အဓိကကျကြောင်း သိရှိထားရမည်။ နေရာတိုင်း အချိန်တိုင်းတွင် လူသာပဓာနဆိုသည့်စကားသည် မှန်ကန်နေသည်ကို တွေ့ရမည်။ မိမိတို့ကိုယ်တိုင်က စိတ်ပါလက်ပါ ပါဝင်ဆင်နွှဲပြီး အားလုံး၏ စိတ်ပိုင်းဆိုင်ရာပျော်ရွှင်လန်းဆန်းတက်ကြွစေရန် ဆောင်ရွက်သင့်လှသည်။

ပျော်ရွှင်စေခြင်း အကြောင်းတရားမှ အကျိုးရလဒ်ကို ရရှိနိုင်ရန် ဆောင်ရွက်ရမည့် နည်းလမ်းများကို ရွေးချယ်နိုင်သည်။ သက်ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအတွင်းမှ ပါဝင်သူများအားလုံးပထမဦးစွာ သတိထားရမည်မှာ တစ်ဦးနှင့်တစ်ဦးမည်သည့်အကြောင်းကိစ္စတွင်မဆို သည်းခံခွင့်လွှတ်ခြင်းတရားကို လက်ကိုင်ထားပြီး အတူပေါင်းသင်းလုပ်ဆောင်ကြရန်ဖြစ်သည်။ မည်သည့်အကြောင်းတရားတွင်မဆို သည်းခံခွင့်လွှတ်နိုင်ခြင်းသည် ရှုံးနိမ့်ခြင်းမဟုတ်ဘဲ အောင်နိုင်သူများအတွက်သာဖြစ်သည်။ မိမိ၏ အတွင်းအစ္ဈတ္တကို ပထမဆုံးအောင်နိုင်ပြီးမှသာ မိမိပတ်ဝန်းကျင်တွင် သည်းခံခြင်းတရားကို စောင့်ထိန်းနိုင်သောကြောင့် ဝန်ထမ်းအချင်းချင်းအကြား ဖြစ်ပေါ်လာမည့် အဖုအထစ်များ၊ မကျေလည်မှုများကို သာယာချမ်းမြေ့စွာဖြတ်ကျော်နိုင်ကာ ပါဝင်သူအားလုံး၏ စိတ်နှလုံးငြိမ်းချမ်းစေသော အောင်နိုင်မှုကို ရရှိခံစားခွင့်ရနိုင်သည်။ မိမိ၏ သဘောထားကြီးမှုကိုလည်း မိမိ၏လုပ်ငန်းခွင် လုပ်ဖော်ကိုင်ဖက်များက သိရှိနားလည် သဘောပေါက်ကြမည်မှာ သေချာသည်။ ထို့ကြောင့်ပင် လုပ်ဖော်ကိုင်ဖက်များ၏ စိတ်နှလုံးကိုလည်း အောင်နိုင်သူဖြစ်လာပါလိမ့်မည်။ မိမိ၏ သည်းခံခြင်းတရားကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ ကောင်းကျိုးချမ်းသာများသည် အဆုံးသတ်မရှိသည်ကို တွေ့ထိမြည်းစမ်းရသည်ကပင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ကောင်းလှသော အလုပ်ခွင်၏ လှပသော အဓိပ္ပာယ်တစ်မျိုးပင်ဖြစ်သည်။

ဝန်ထမ်းအဖွဲ့အစည်းအတွင်းတွင် နေ့စဉ်ထိတွေ့ဆက်ဆံရေးသည် ရာထူးအဆင့်အတန်းက အရေးမကြီးလှပါ။ သို့ရာတွင် မိမိတို့အချင်းချင်းတွင် လေးစားမှုတော့ ရှိနေရမည်။ ရာထူးကြီးမြင့်သူက ရာထူးငယ်သူအား နှိမ့်ချဆက်ဆံခြင်းကို ရှောင်ကြဉ်ရမည်။ ရာထူးငယ်သူများကလည်း ရာထူးကြီးမြင့်သူများကို အထင်သေးခြင်း မရှိစေရပါ။ ဖြူစင်သောစိတ်ထားကို လက်ကိုင်ထားပြီး မိမိတို့အချင်းချင်း ပေါင်းသင်းဆက်ဆံသင့်သည်။ မည်သူမဆို မိမိအတိုင်းအတာအလိုက် တာဝန်ကို ကျေပွန်စေရန် ထမ်းဆောင်နေကြသည်ဖြစ်လေရာ မိမိ၏တာဝန်နှင့် ထိုက်တန်သော အင်အားစိုက်ထုတ်မှု ထားရှိကြရသည်မှာ သဘာဝဖြစ်သည်။ မိမိတို့ ထမ်းဆောင်ရသည့် တာဝန်ဝတ္တရားအလိုက် နိုင်ငံတော်က ပေးအပ်ချီးမြှင့်သောလစာကို အဆင့်အတန်းအလိုက် ခွဲခြားရရှိပြီး ဖြစ်သည်။ ထို့ကြောင့် မိမိတို့အကြားတွင် ထပ်မံ၍ ခွဲခြားဆက်ဆံခြင်းကို ဖယ်ရှားထားသင့်သည်။ သို့မှသာ တစ်ဦးနှင့်တစ်ဦး ပြုမူဆောင်ရွက်သမျှ အမြင်ကြည်လင် အာဃာတကင်းစင်မည်ဖြစ်သည်။

ခန္တီစ သည်းခံခြင်းတရား၊ ခွင့်လွှတ်ခြင်းတရားတို့နှင့် ပြည့်စုံသော ပတ်ဝန်းကျင်တွင် ကျင်လည်ကျက်စား အလုပ်လုပ်ကိုင်နေကြရသူတို့၏ဘဝသည် အေးချမ်းလှသည်။ မိမိကိုယ်တိုင်က သည်းခံခြင်းကို လက်ကိုင်ထားသောကြောင့် မိမိနှင့်ပတ်သက်သူများသည်လည်း မိမိ၏သည်းခံမှုကို သိရှိနားလည်ကာ မိမိအပေါ်တွင် တူသောတုံ့ပြန်မှုပေးလာပါလိမ့်မည်။ ထို့အတွက် မိမိတို့ပတ်ဝန်းကျင်သည် အေးချမ်းပျော်ရွှင်စရာ ဖြစ်နေပါလိမ့်မည်။ မိမိ၏ အပြုအမူ၊ အပြောအဆိုနှင့် ဆောင်ရွက်ချက်များကြောင့် သူတစ်ပါးကို မထိခိုက်စေရန် ရှောင်ရှားကြရသည့်အတွက် မိမိပါဝင်သည့် အသိုက်အဝန်းအတွင်းတွင် ပဋိပက္ခဟူသည် ရှိနိုင်တော့မည်မဟုတ်ပါ။ အေးချမ်းပျော်ရွှင်မှုများသာ ကြီးစိုးနေပေလိမ့်မည်။

**သာယာပျော်ရွှင်ဖွယ်ကောင်းသောအလုပ်ခွင်**

အကျိုးဆက်အနေဖြင့် ဆောင်ရွက်ရသည့် အလုပ်တာဝန်များသည် မည်မျှများပြားပါစေ၊ မည်မျှခက်ခဲပင်ပန်းပါစေ စိတ်နှလုံးရွှင်ပြုံးကြည်သာနေသူတို့အတွက် အားလုံးသော အခက်အခဲမှန်သမျှ မိမိအားထုတ်မှုကြောင့်ဖြစ်စေ၊ စုပေါင်းလုပ်ဆောင်မှုကြောင့်ဖြစ်စေ လွယ်ကူစွာ ကျော်လွှားအောင်မြင်နိုင်ကြပါလိမ့်မည်။ အောင်မြင်သောအလုပ်တာဝန်များကို ထမ်းဆောင်ရသူများအဖို့ အောင်မြင်ခြင်းအတွက် ပီတိအရသာ အစဉ်ထာဝရ ခံစားနေရသောကြောင့် စိတ်ချမ်းသာ ပျော်ရွှင်နေရပါလိမ့်မည်။ ဆက်လက်ထမ်းဆောင်သမျှသော တာဝန်များကိုလည်း သေချာပေါက် ကျော်လွှားအောင်မြင်လိမ့်မည်ဟု ယုံကြည်ချက်လည်း ရရှိလာပါလိမ့်မည်။ ထို့ကြောင့်ပင် တာဝန်များကို ရဲရင့်ပြတ်သားစွာ ဆောင်ရွက်နိုင်စွမ်းရှိလာမည်ဖြစ်သည်။ စိတ်စွမ်းအား ကောင်းမွန်မှုကြောင့် စိတ်အင်အားတိုးတက်လာခြင်း ဖြစ်သည်။ ထိုသို့ စိတ်အင်အားတိုးတက်ရရှိခြင်းသည် သာယာပျော်ရွှင်ဖွယ်ကောင်းသော အလုပ်ခွင်ပတ်ဝန်းကျင်ကို တည်ဆောက်နိုင်သောကြောင့် ရရှိသည့် ရလဒ်ကောင်းဖြစ်သည်။

မိမိနှင့် မိမိပတ်ဝန်းကျင်တွင် အစဉ်နှလုံးသွင်းကျင့်ကြံနေကြရမည်မှာ ဆရာတော်များ ဟောကြားလေ့ရှိသည့် မကောင်းမှုရှောင် ကောင်းမှုဆောင် ဖြူအောင်စိတ်ကိုထားဆိုသည့် ဆောင်ပုဒ်လေးအတိုင်းပင်ဖြစ်သည်။ ယင်းကို မည်သည့်ဘာသာဝင်မဆို ကျင့်ကြံလက်ကိုင်ထားနိုင်ကြသည်။ စိတ်ထားဖြူနိုင်မှသာ စိတ်ကောင်းနှလုံးကောင်းများ မွေးမြူကျင့်ကြံနိုင်ပါမည်။ သို့မှသာ မိမိတို့ရည်မှန်းသော မိမိတို့ပါဝင်သည့် အလုပ်ခွင်၊ ပတ်ဝန်းကျင်သည် ပဋိပက္ခကင်းစင်ပြီး အမုန်းတရားများ ဖယ်ရှားနိုင်ကာ သာယာပျော်ရွှင်စရာ ကောင်းလာပါလိမ့်မည်။ ချစ်ခင်ညီညွတ် စည်းလုံးလာပါလိမ့်မည်။

ဝန်ထမ်းတို့၏ဘဝတွင် တာဝန်ထမ်းဆောင်ရသောကြောင့် တစ်နည်းနည်းဖြင့် ပင်ပန်းကြရသည်ဖြစ်လေရာ တစ်ဖက်ကပင်ပန်းသော်လည်း တစ်ဖက်တွင် ပျော်ရွှင်ချမ်းမြေ့သည်ကို ခံစားကြရလျှင်ပင် ဘဝအမောများ ပြေပျောက်သွားသကဲ့သို့ ခံစားကြရတတ်သည်။ ထို့ကြောင့် မိမိတို့ စိတ်ရွှင်လန်းပျော်ရွှင်ရေးအတွက်လည်း အလေးထားဆောင်ရွက်သင့်သည်။ သို့မှသာ တာဝန်များကို နှစ်ပေါင်းကြာရှည် ထမ်းဆောင်နိုင်စွမ်းရှိနိုင်ကြမည် ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်၏ တရားတော်များတွင် ဖော်ပြထားသည့် အဓိကအချက်တစ်ချက်မှာ အကြောင်းအကျိုးဖြစ်စဉ်ဟူ၍ဖြစ်သည်။ ဖြစ်ရပ်တစ်ခုတွင် အကြောင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးသည် ကပ်လျက်ဖြစ်ပေါ်လာသည့် နောက်ထပ်နောက်ထပ်သော အကြောင်းတရားများဖြစ်လာပြီး အကျိုးတရားများလည်း ဆက်ကာဆက်ကာ ဖြစ်ပေါ်လာသည်။ အကြောင်းနှင့်အကျိုးသည် တစ်ခုနှင့်တစ်ခု ဆက်စပ်ဖြစ်ပေါ်လျက်ရှိရာ ယင်းဖြစ်စဉ်ကို နားလည်သဘောပေါက်လျက် မိမိပတ်ဝန်းကျင်ကို သာယာပျော်ရွှင်ဖွယ်အသိုက်အဝန်းတစ်ခု ဖြစ်လာစေရန် ကျင့်ကြံတည်ဆောက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၅ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၁-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅၅၁၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၂၇၆,၇၂၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၁၃,၄၄၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၅၉၂,၄၂၄) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင်လည်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၃၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၁-၆-၂၀၂၂) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၃၃,၉၅၈,၃၃၂) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ပထမအကြိမ်ထိုးနှံပြီးစီးသူ (၆,၇၄၃,၄၆၆) ဦး၊ ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးစီးသူ (၂၇,၂၁၄,၈၆၆) ဦးနှင့် ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီးစီးသူ (၂,၂၇၅,၆၀၇) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၁-၆-၂၀၂၂) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ရေ စုစုပေါင်း (၆၃,၄၄၈,၈၀၅) ကြိမ် ထိုးနှံပြီးဖြစ်ပါသည်။

- ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။ လူတိုင်းစေ့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အကြိမ်ပြည့် ထိုးနှံထားရှိရန် လိုအပ်သကဲ့သို့ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ၊ သွေးတိုး၊ နှလုံး၊ ဆီးချို အစရှိသည့် နာတာရှည်ရောဂါရှိသူများသည်လည်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံကြရန် အထူးလိုအပ်ပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှု ခံယူထားသူများအား ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၁၅ နှစ်နှင့်အထက် ပြည်သူများအားလုံးနှင့် အသက် ၅ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာကျောင်းသား ကျောင်းသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိခြင်းနှင့် အသက် ၁၈ နှစ်နှင့်အထက် ကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အခမဲ့ ထိုးနှံပေးလျက်ရှိပါ၍ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့်ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက် ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး / ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၁၂-၆-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁၃၆) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁) ခု | - |
| တပ်မတော်ဆေးရုံကြီးများ၏ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ | (၁၉၆) ခု | - |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၃၀၂) ခု | - |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄၂၉) ခု | (၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၄,၄၅၃) ခု | (၂)ဦး |
| စုစုပေါင်း | (၅,၅၁၇) ခု | (၃)ဦး |

## COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ (၁၁-၆-၂၀၂၂) ရက်နေ့

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၆,၇၄၃,၄၆၆) ဦး |
| ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၂၇,၂၁၄,၈၆၆) ဦး |
| ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပြီး လူဦးရေ | (၂,၂၇၅,၆၀၇) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် အကြိမ်ပြည့် ထိုးနှံပြီး လူဦးရေ | (၃၃,၉၅၈,၃၃၂) ဦး |
| စုစုပေါင်း ထိုးနှံပြီးသောကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၆၃,၄၄၈,၈၀၅) ကြိမ် |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၇၃၀၅၄၁၉ | ၈၃၀၈၀၂၂၇ | ၁၀၃၅၈၂၈ |
| ၂။ | အိန္ဒိယ | ၄၃၂၂၂၀၁၇ | ၄၂၆၅၂၇၄၃ | ၅၂၄၇၆၁ |
| ၃။ | ဘရာဇီး | ၃၁၄၄၉၆၇၃ | ၃၀၁၈၂၁၇၃ | ၆၆၈၁၃၄ |
| ၄။ | ပြင်သစ် | ၂၉၇၇၀၅၂၂ | ၂၉၂၀၆၂၀၁ | ၁၄၈၇၄၉ |
| ၅။ | ဂျာမနီ | ၂၆၈၄၇၇၈၃ | ၂၅၈၈၂၉၀၀ | ၁၄၀၁၈၃ |
| ၆။ | ဗြိတိန် | ၂၂၃၈၂၃၅၂ | ၂၂၀၂၇၈၁၂ | ၁၇၉၂၁၇ |
| ၇။ | ရုရှား | ၁၈၃၇၆၅၈၇ | ၁၇၇၉၄၅၆၁ | ၃၈၀၀၂၀ |
| ၈။ | တောင်ကိုရီးယား | ၁၈၂၂၅၄၆၀ | ၁၇၉၉၃၅၇၂ | ၂၄၃၇၁ |
| ၉။ | အီတလီ | ၁၇၆၃၄၀၆၅ | ၁၆၈၄၅၇၃၄ | ၁၆၇၃၆၅ |
| ၁၀။ | တူရကီ | ၁၅၀၇၂၇၄၇ | ၁၄၉၇၁၂၅၆ | ၉၈၉၆၅ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၁၀၇၃၁၈၁၂ | ၉၅၅၃၁၉၃ | ၄၃၀၈၃ |
| ၂။ | အင်ဒိုနီးရှား | ၆၀၆၀၄၈၈ | ၅၈၉၉၁၁၁ | ၁၅၆၆၄၃ |
| ၃။ | မလေးရှား | ၄၅၂၄၇၂၇ | ၄၄၆၆၃၀၄ | ၃၅၇၁၁ |
| ၄။ | ထိုင်း | ၄၄၈၄၈၆၃ | ၄၄၃၂၁၉၉၃ | ၃၀၃၃၇ |
| ၅။ | ဖိလစ်ပိုင် | ၃၆၉၃၂၂၂ | ၃၆၂၉၈၄၃ | ၆၀၄၆၁ |
| ၆။ | စင်ကာပူ | ၁၃၃၈၇၅၃ | ၁၂၅၇၂၈၆ | ၁၃၉၇ |
| ၇။ | မြန်မာ | ၆၁၃၄၄၃ | ၅၉၂၄၂၄ | ၁၉၄၃၄ |
| ၈။ | လာအို | ၂၁၀၁၄၇ | ၂၀၈၃၄၄ | ၇၅၇ |
| ၉။ | ဘရူနိုင်း | ၁၅၃၀၉၃ | ၁၅၀၂၃၃ | ၂၂၅ |
| ၁၀။ | ကမ္ဘောဒီးယား | ၁၃၆၂၆၂ | ၁၃၃၂၀၆ | ၃၀၅၆ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# တရုတ်နိုင်ငံက ကမ္ဘာ့အသိအမှတ်ပြု အမွေအနှစ်နေရာအရေအတွက် အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိ

ပေကျင်း ဇွန် ၁၂

တရုတ်နိုင်ငံက ကမ္ဘာ့အသိအမှတ်ပြု အမွေအနှစ်နေရာ အရေအတွက် အများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း တရုတ်နိုင်ငံအမျိုးသား သစ်တောနှင့် မြက်ခင်းပြင် အုပ်ချုပ်ရေးအဖွဲ့က ယမန်နေ့တွင် ပြောကြားသည်။

လက်ရှိတွင် တရုတ်နိုင်ငံသည် ကမ္ဘာ့အသိအမှတ်ပြု အမျိုးသားအမွေအနှစ်နေရာ ၁၄ ခုနှင့် ယဉ်ကျေးမှုနှင့် သဘာဝအသွင်အပြင် နှစ်မျိုးစလုံးအတွက် မှတ်သားထားသည့် အမွေအနှစ်နေရာ လေးခုရှိပြီး အဆိုပါနေရာအမျိုးအစားနှစ်ခုစလုံး၏ အရေအတွက်သည် ကမ္ဘာ့နိုင်ငံများအနက် အများဆုံးဖြစ်ကြောင်း အမျိုးသား သစ်တောနှင့် မြက်ခင်းပြင် အုပ်ချုပ်ရေးအဖွဲ့က ဆိုသည်။

အဆိုပါ အမွေအနှစ်နေရာများသည် တရုတ်နိုင်ငံ၏ ဘူမိဗေဒဆိုင်ရာ အမွေအနှစ်များ၊ ရှုမငြီးနိုင်ဖွယ်ကောင်းသော တောင်ပေါ်ရှုခင်းများ၊ သစ်တောများနှင့် ရေကန်များ၊ ရှားပါး၍ မျိုးတုံးလုနီးပါးဖြစ်သော တိရစ္ဆာန်နှင့် အပင်မျိုးစိတ်များကို ကာကွယ်စောင့်ရှောက်ပေးထားကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

ထို့ပြင် ယင်းနေရာများသို့ လာရောက်သည့် ခရီးသွားလုပ်ငန်းမှ နှစ်စဉ်ပျမ်းမျှဝင်ငွေ ယွမ် ၁၄ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂ ဒသမ ၁ ဘီလီယံ) ဝင်ငွေရရှိသည့်အတွက် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်များ၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များနှင့် သမိုင်းဝင်မြို့များ၊ ရွာများအား ထိန်းသိမ်းစောင့်ရှောက်ရေးကို ပံ့ပိုးပေးလျက်ရှိသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်





# အာဖဂန်နစ္စတန်၌ ငလျင်လှုပ်ခတ်မှုနှင့် မိုးခေါင်မှုဒဏ်ခံခဲ့ရသည့် မိသားစု ၁၀၀၀ ကျော် စားနပ်ရိက္ခာအထောက်အပံ့များလက်ခံရရှိ

ကဘူးလ် ဇွန် ၁၂

အာဖဂန်နစ္စတန်နိုင်ငံ၌ ငလျင်လှုပ်ခတ်မှုနှင့် မိုးခေါင်မှုဒဏ်ခံခဲ့ရသည့် မိသားစု ၁၀၉၀ သည် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ကြကြောင်း အာဏာပိုင်များက ဇွန် ၁၂ ရက်တွင် ပြောကြားသည်။

အာဖဂန်နစ္စတန်နိုင်ငံ နိမရော့ဇ်ပြည်နယ် အနောက်ပိုင်း ခက်ရှ်ရော့ဒ်ခရိုင်မှ မိသားစု ၅၀၁ စု၊ ပက်ကီတာပြည်နယ်အရှေ့ပိုင်း ဂျာနီခီလ်ခရိုင်နှင့် ဂိုမယ်လ်ခရိုင်တို့မှ မိသားစု ၁၉၀ နှင့် အာမက်အဘက်ခရိုင်မှ မိသားစု ၄၀၀ နီးပါးတို့သည် စားနပ်ရိက္ခာအထောက်အပံ့များ လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း အာဖဂန်နစ္စတန်နိုင်ငံ သဘာဝဘေးစီမံခန့်ခွဲမှုနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဝန်ကြီးဌာန၏ ပြောကြားချက်အရ သိရသည်။

အဆိုပါစားနပ်ရိက္ခာအထောက်အပံ့များကို အာဖဂန်နစ္စတန်နိုင်ငံ လခြမ်းနီအသင်းမှတစ်ဆင့် ဝေငှပေးခဲ့ခြင်းဖြစ်ပြီး ယင်းစားနပ်ရိက္ခာအထောက်အပံ့များထဲတွင် ဆီ၊ ဂျုံမှုန့်၊ ပဲ၊ ဆန်၊ လတ်ဆတ်သော အသီးအနှံများနှင့် သကြားတို့ ပါဝင်ကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အာဖရိကဦးချိုဒေသမှ နိုင်ငံများ စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုများ ရင်ဆိုင်နေရ

အဒစ်အဘာဘာ ဇွန် ၁၂

အာဖရိကဦးချိုဒေသမှ နိုင်ငံသုံးနိုင်ငံဖြစ်သည့် အီသီယိုးပီးယား၊ ကင်ညာနှင့် ဆိုမာလီယာနိုင်ငံများရှိ ပြည်သူများသည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှု မြင့်မားလာခြင်းတို့ကို ရင်ဆိုင်ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာ ထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး(UNOCHA) က ယနေ့သတိပေးပြောကြားသည်။

အဆိုပါနိုင်ငံများ၌ စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုတို့ကို ရင်ဆိုင်နေရသည့် လူဦးရေမှာ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် သန်း ၂၀ အထိ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

ဆိုမာလီယာနိုင်ငံ၌ စားနပ်ရိက္ခာပြတ်လပ်နေသည့် ပြည်သူ ၇ ဒသမ ၁ သန်း၊ အီသီယိုးပီးယားနိုင်ငံ၌ ၇ ဒသမ ၂ သန်းနှင့် ကင်ညာနိုင်ငံ၌ ၄ ဒသမ ၁ သန်းတို့ရှိကြောင်း သိရသည်။

ယင်းသို့ အစာရေစာပြတ်လပ်မှုများ၏ အကြောင်းရင်းမှာ ပူပြင်းခြောက်သွေ့မှုကြောင့် ဖြစ်သည်။

အဆိုပါနိုင်ငံများရှိ ကျွဲနွားကောင်ရေ ခုနစ်သန်းသည် အစာရေစာပြတ်လပ်မှုကြောင့် သေဆုံးခဲ့ရကြောင်း သိရသည်။ ယင်းတို့အနက် ကင်ညာနိုင်ငံမှ ကျွဲနွားကောင်ရေ ၁ ဒသမ ၅ သန်း၊ အီသီယိုးပီးယားနိုင်ငံမှ ၂ ဒသမ ၅ သန်းနှင့် ဆိုမာလီယာနိုင်ငံမှ သုံးသန်းတို့သေဆုံးခဲ့ကြောင်း သိရသည်။

တိရစ္ဆာန်များသေဆုံးရခြင်း၏ အကျိုးဆက်ကြောင့် စားနပ်ရိက္ခာပြတ်လပ်မှုနှင့်ရင်ဆိုင်နေရသည့် ဒေသများရှိ ကလေးများအား နို့တိုက်ကျွေးရန် အခက်အခဲများဖြစ်ပေါ်စေပြီး ၎င်းတို့၏အာဟာရကို ထိခိုက်စေသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - အောင်ကျော်ကျော်



# ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှု ပထမငါးလအတွင်း သုံးရာခိုင်နှုန်းမြင့်တက်ခဲ့

ဖနောင်ပင် ဇွန် ၁၂

ကမ္ဘောဒီးယားနိုင်ငံ၏ ရော်ဘာတင်ပို့မှုသည် ယခုနှစ် ပထမငါးလအတွင်း တန်ချိန် ၁၀၅၀၄၈ တန်ရှိခဲ့ခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူ ကာလနှင့် နှိုင်းယှဉ်ပါက သုံးရာခိုင်နှုန်းမြင့်တက်မှုရှိခဲ့ကြောင်း ရော်ဘာထုတ်ကုန်ဆိုင်ရာ အထွေထွေညွှန်ကြားမှုဦးစီးဌာနက ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ယခုနှစ် ဇန်နဝါရီလမှ မေလအတွင်း ရော်ဘာတင်ပို့မှုမှတစ်ဆင့် အမေရိကန်ဒေါ်လာ ၁၆၈ သန်း ဝင်ငွေရရှိခဲ့ကြောင်း သိရသည်။ ရော်ဘာတင်ပို့မှုတန်ချိန် မြင့်တက်မှုရှိခဲ့သော်လည်း ဝင်ငွေရရှိမှုမှာပြီးခဲ့သည့်နှစ် အလားတူကာလအတွင်းက အမေရိကန်ဒေါ်လာ ၁၇၁ သန်းရှိခဲ့ခြင်းကြောင့် ဝင်ငွေ ၁ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျမှုရှိခဲ့ကြောင်း သိရသည်။



ကမ္ဘောဒီးယားနိုင်ငံသည် မလေးရှားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် တရုတ်နိုင်ငံတို့အား ရော်ဘာအဓိက တင်ပို့လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ကမ္ဘောဒီးယားနိုင်ငံ၌ ရော်ဘာစိုက်ခင်း စုစုပေါင်း ၄၀၄၀၄၄ ဟက်တာရှိကြောင်းလည်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၅၈၂ ဦး ထပ်မံတွေ့ရှိ

နယူးဒေလီ ဇွန် ၁၂

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၅၈၂ ဦးထပ်မံတွေ့ရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၄၃၂၂၀၁၇ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူလေးဦးထပ်တိုးလာခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၅၂၄၇၅၇ ဦးရှိလာကြောင်းနှင့် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းမှစတင်ကာ နေ့စဉ်ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်သည်လည်း မြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာစုစုပေါင်း ၄၄၅၁၃ ဦးရှိကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၄၄၃၅ ဦးထပ်မံတွေ့ရှိသဖြင့် အဆိုပါရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၄၂၆၅၂၇၄၃ ဦးရှိလာကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်

# မြောက်ကိုရီးယားနိုင်ငံ၌ စစ်ရေးစွမ်းရည် အလျင်အမြန် မြှင့်တင်ရန်လိုအပ်ဟု ကင်ဂျုံအန်ပြောကြား



ပြုံယမ်း ဇွန် ၁၂

မြောက်ကိုရီးယားနိုင်ငံသည် စစ်ရေးစွမ်းရည် အလျင်အမြန်မြှင့်တင်ရန် လိုအပ်လျက်ရှိကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က လက်ရှိအာဏာရအလုပ်သမားပါတီ၏ အစည်းအဝေးတွင် ပြောကြားသည်။

ဇွန် ၈ ရက်မှစတင်ကာ ဇွန် ၁၀ ရက်အထိ ကျင်းပခဲ့သည့် အလုပ်သမားပါတီ၏ မျက်နှာစုံညီအစည်းအဝေးတွင် မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း လက်ရှိအာဏာရအလုပ်သမားပါတီပိုင် Rodong Sinmun သတင်းစာက ဇွန် ၁၁ ရက်တွင် သတင်းဖော်ပြခဲ့သည်။

လက်ရှိတွင် မြောက်ကိုရီးယားနိုင်ငံသည် အလွန်ဆိုးရွားသည့် လုံခြုံရေးအခြေအနေတစ်ရပ်နှင့် ရင်ဆိုင်နေရခြင်းကြောင့် ကာကွယ်ရေးစွမ်းရည်ကို တတ်နိုင်သမျှ မြှင့်တင်ရန် အရေးကြီးကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားသည်။

ထို့ပြင် မိမိနိုင်ငံကို ကာကွယ်ပိုင်ခွင့်သည် အချုပ်အခြာအာဏာကို ကာကွယ်ရသည့်ကိစ္စဖြစ်ကြောင်းလည်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ဆက်လက်ပြောကြားသည်။ သုံးရက်ကြာကျင်းပခဲ့သည့် အလုပ်သမားပါတီ၏ အစည်းအဝေးတွင် ပါတီနှင့် အစိုးရရာထူးများအတွက် တာဝန်ရှိသူများကို ရွေးကောက်တင်မြှောက်သည့် ကိစ္စရပ်လည်း ပါဝင်ကြောင်း သိရသည်။

အစည်းအဝေးတွင် ဒုတိယနိုင်ငံခြားရေးဝန်ကြီး(၁) ချိုဆွန်ဟေးကို နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့ပြီး ချိုဆွန်ဟေးသည် အမေရိကန်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းမှုများ လုပ်ဆောင်ရာတွင် နှစ်ပေါင်းများစွာ ပါဝင်ဆောင်ရွက်ခဲ့သူ ဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အလင်းသစ်**

■

# ဘရာဇီးနိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ နှစ်ဦးရှိလာ

ရီရိုဒီဂျနေးယိုး ဇွန် ၁၂

ဘရာဇီးနိုင်ငံ၌ မျောက်ကျောက်ရောဂါဒုတိယအကြိမ် ကူးစက်မှုကို ယနေ့ စစ်ဆေးတွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ရောဂါကူးစက်ခံထားရသူသည် ယခုရက်သတ္တပတ်အတွင်း စပိန်နိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် အသက် ၂၉ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။

ယင်းအမျိုးသားသည် ဇွန် ၈ ရက်တွင် ဘရာဇီးနိုင်ငံသို့ ပြန်လည်ရောက်ရှိလာချိန်တွင် သွေးနမူနာများစစ်ဆေးခဲ့ရာ ၎င်းထံတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံထားရကြောင်း စစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ၎င်းအား သီးခြားခွဲနေထိုင်စေလျက်ရှိကြောင်း ဆော်ပေါ်လိုကျန်းမာရေးအာဏာပိုင်များက ဆိုသည်။

ပထမဆုံးအကြိမ် မျောက်ကျောက်ရောဂါကူးစက်ခံရသူအား ဇွန် ၉ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။ အဆိုပါ ရောဂါကူးစက်ခံရသူသည် အသက် ၄၁ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်ပြီး စပိန်နိုင်ငံနှင့် ပေါ်တူဂီနိုင်ငံတို့သို့ သွားလာလည်ပတ်ခဲ့သည်။ လက်ရှိတွင် ၎င်းအား သီးခြားခွဲနေထိုင်စေလျက်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း မျောက်ကျောက်ရောဂါ သံသယဖြစ်ဖွယ်ရှိသူ ရှစ်ဦးအား စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

လက်ရှိတွင် ကမ္ဘာ့နိုင်ငံများအနက် ၂၉ နိုင်ငံတွင် မျောက်ကျောက်ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၀၀ ကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တီဒရော့ အက်ဒါနွမ် ဂါဘရီယီဆက်က ဆိုသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အောင်ကျော်ကျော်**



# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၄ ဒသမ ၅၂ သန်းကျော် ရှိလာ

ကွာလာလမ်ပူ ဇွန် ၁၂

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၀၉ ဦးထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၅၂၄၇၂၇ ဦးရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၁၇၀၆ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် သုံးဦးသည် ပြည်ပမှပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရခြင်းဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည့်အချက်အလက်များအရ သိရသည်။

ထို့ပြင် မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ နှစ်ဦး ထပ်မံတွေ့ရှိခြင်းကြောင့် အဆိုပါရောဂါဖြင့် သေဆုံးသူပေါင်း ၃၅၇၁၁ ဦးရှိလာကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၇၄၆ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၄၄၆၆၃၀၄ ဦးရှိလာကြောင်းနှင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲလူနာ စုစုပေါင်း ၂၂၇၁၂ ဦး ရှိကြောင်း သိရသည်။

မလေးရှားနိုင်ငံ၌ နိုင်ငံလူဦးရေ၏ ၈၅ ဒသမ ၈ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း၊ ၈၃ ဒသမ ၁ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးဖြစ်ကြောင်းနှင့် ၄၉ ဒသမ ၄ ရာခိုင်နှုန်းသည် တတိယအကြိမ် အပိုဆောင်းထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – အလင်းသစ်**

# ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၆၈ ဦး ထပ်မံတွေ့ရှိ

ဟနွိုင်း ဇွန် ၁၂

ဗီယက်နမ်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၆၈ ဦးထပ်မံတွေ့ရှိပြီး အဆိုပါအရေအတွက်သည် ဇွန် ၁၀ ရက်က တွေ့ရှိမှုထက် ၁၄၂ ဦးလျော့ကျသွားကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

ရောဂါကူးစက်ခံရသူအားလုံးသည် ဒေသတွင်းကူးစက်ခံရသူများဖြစ်သည်။ မြို့တော်ဟနွိုင်းမှ ၁၇၀၊ ယန်ဘိုင်ခရိုင်မှ ၆၄ ဦးနှင့် ကွမ်နန်ခရိုင်မှ ၂၅ ဦးတို့တွင် အသီးသီးတွေ့ရှိရသည်။

လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၇၃၁၈၁၂ ဦးရှိပြီး အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၄၃၀၈၃ ဦးရှိကြောင်း သိရသည်။ သို့သော် ၉၅၅၃၁၉၃ ဦး(ရောဂါကူးစက်ခံရသူများ၏ ၈၉ ရာခိုင်နှုန်း)သည် ကျန်းမာရေးပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ဆင်းသွားခဲ့သည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂၂၃ ဒသမ ၄ သန်းနီးပါး သုံးစွဲပြီးဖြစ်ပြီး ယင်းတို့အနက် ၂၀၀ ဒသမ ၇ သန်းကို အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထိုးနှံပေးပြီးဖြစ်သည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၁ ခုနှစ် ဧပြီလမှစပြီး ကိုဗစ်-၁၉ ရောဂါ စတုတ္ထလှိုင်းကူးစက်မှုကို ရင်ဆိုင်ဖြတ်သန်းနေရပြီး လက်ရှိအချိန်အထိ ဒေသတွင်းကူးစက်ခံရသူပေါင်း ၁၀ ဒသမ ၇ သန်းကျော်ရှိပြီဖြစ်ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – အောင်ကျော်ကျော်**




# ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်၌ ကမ်းခြေတုအသစ်တစ်ခု ဖွင့်လှစ်

မနီလာ ဇွန် ၁၂

ဖိလစ်ပိုင်နိုင်ငံ မနီလာပင်လယ်အော်၌ ကမ်းခြေတုအသစ်တစ်ခုကို ယနေ့ ဖွင့်လှစ်ခဲ့ရာ ကမ္ဘာလှည့်ခရီးသွားများအပါအဝင် ဒေသခံပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

အဆိုပါကမ်းခြေတုကို ဖိလစ်ပိုင်နိုင်ငံ၏ (၁၂၄)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ မီတာ ၅၀၀ ခန့်ရှည်လျားသော အဖြူရောင် သဲသောင်ပြင်ကမ်းခြေကို Cebu ကျွန်းမှ ကြေမွနေသည့် ကျောက်တုံးများဖြင့် ပြုလုပ်ထားသည်။

အဆိုပါကမ်းခြေတု၌ ပြည်သူများက အနားယူအပန်းဖြေကာ အလှဓာတ်ပုံများ ရိုက်လျက်ရှိကြသည်။

မိသားစုနှင့်အတူရောက်ရှိလာသည့် အသက် ၂၁ နှစ် အရွယ် အမျိုးသမီးငယ်တစ်ဦးက အဆိုပါကမ်းခြေသို့ အလည်အပတ်လာရောက်ရခြင်းကို အလွန်ပျော်ရွှင်မိပါကြောင်း ပြောကြားသည်။ ထို့ပြင် မနီလာမြို့၌ ရောက်ရှိနေသည့် ဒိန်းမတ်နိုင်ငံသားတစ်ဦးက အဆိုပါကမ်းခြေသည် ကမ္ဘာလှည့် ခရီးသွားများအား ဆွဲဆောင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ သို့သော် မနီလာပင်လယ်အော်၌ ဆိုးရွားသော ရေညစ်ညမ်းမှုများရှိနေခြင်းကြောင့် အဆိုပါကမ်းခြေတွင် ရေကူးခြင်းကို ပိတ်ပင်တားမြစ်ထားကြောင်း သိရသည်။

ရေ ၁၀၀ မီလီလီတာလျှင် e-coli ဘက်တီးရီးယား ပမာဏသည် တရားဝင်ကန့်သတ်ချက်ထက် ကိုးဆကျော်ကျော်လွန်နေကြောင်း မေလကပြုလုပ်ခဲ့သည့် အစိုးရ၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

ကမ်းခြေအတု တစ်လျှောက်တွင် ရေကူးခြင်းနှင့် ငါးများခြင်းကို ပျော်ရွှင်စွာလုပ်ဆောင်နိုင်စေရန် အစိုးရသည် ပင်လယ်အော်ရှိ ရေကို သန့်စင်ရန် အရှိန်မြှင့် ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



**ကိုးကား – အင်န်အိတ်ချ်ကေ**
**ဘာသာပြန် – အောင်ကျော်ကျော်**

■

# တရားမဝင် စားသောက်ကုန်၊ ထိန်းချုပ်ဓာတုပစ္စည်းများ၊ ဘိလပ်မြေများ၊ ကြွေထည်ပစ္စည်းများ၊ အိမ်သုံးလျှပ်စစ်ပစ္စည်း၊ မော်တော်ယာဉ်နှင့် စက်ဘီးအပိုပစ္စည်းများ သိမ်းဆည်းရမိ



မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ သိမ်းဆည်းရမိသည့် ကြွေထည်ပစ္စည်းများနှင့် ၆၅ လက်မ တီဗွီတို့အား တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၂

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၉ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက ကော့သောင်းမြို့နယ် အတွင်းရှိ ဂိုဒေါင်များအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကောက်ခွန်မဲ့ ဘိလပ်မြေ ၂၉၈၇ အိတ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၇၉၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မြန်မာစက်မှုဆိပ်ကမ်း ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဇွန် ၁၀ ရက်တွင် ဆိပ်ကမ်း စစ်ဆေးရေးအဖွဲ့မှ သွင်းကုန်လိုင်စင် မပါရှိသော Double Tape များ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၁၃၆၀)ကို လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် တာဝန်ကျ အကောက်ခွန်စစ်ဆေးရေးအဖွဲ့က သွင်းကုန်ကြေညာလွှာ IDတွင် ကြေညာထားခြင်းမရှိသော ကြွေထည်ပစ္စည်း၊ ၆၅ လက်မ တီဗွီနှင့် စက်ဘီးအပိုပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၁၇၄၂၀)ကို လည်းကောင်း စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၂၄၈၇၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဇွန် ၁၁ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မန္တလေး ၁၆ မိုင် ကျောက်ချောစစ်ဆေးရေး စခန်းမှ စခန်းတာဝန်ကျကွပ်ကဲရေးမှူး ကြီးကြပ်ဦးစီးသော အဖွဲ့က ကင်းလှည့်စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မန္တလေး-ပြင်ဦးလွင် ကားလမ်း မိုင်တိုင်အမှတ် ၁၆ မိုင် ၂ ဖာလုံခန့်တွင် စုပုံထားသော HIIN GUANG အမျိုးအစား ဘီယာပုံး ၁၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က သတင်းအရ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားမဝင် ထိန်းချုပ်ဓာတုပစ္စည်းများဖြစ်သည့် အမိုနီယမ်နိုက်ထရိတ်ဟု ယူဆရသော အဖြူရောင်အစေ့များ ထည့်ထားသည့် ဆာလာအိတ်များ(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော စစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ TOYOTA Ipsum အမျိုးအစား လိုင်စင်မဲ့ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၉ ရက်၊ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၄၉၇၇၈၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ



တင်စိုးနှင့် စိုးထက်တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၀ ရက် ညနေ ၆ နာရီခွဲတွင် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် သူဇာ(၅)လမ်းထိပ်တွင် စိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့ပြီး ညနေ ၆နာရီ ၃၅ မိနစ်တွင် ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် တပ်မြို့တောင်ရပ်ရှိ ၎င်း၏နေအိမ်ကို ဆက်လက်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၇၈၀၀ ကိုလည်းကောင်း၊ ထိုနေ့ မွန်းလွဲ ၃ နာရီခွဲတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၃၃)ရပ်ကွက် ပင်လုံလမ်းနှင့် သင်းဝင်လမ်းထောင့်တွင် နေလင်းအောင်(ခ) နေလင်း မောင်းနှင်ပြီး တိုးဝေယံထွဋ် (ခ) အိန်ဂျယ် လိုက်ပါလာသည့် MAZDA AXELA BLSFP အမျိုးအစား ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေး ၂၀၁၅ ပြား သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ ညနေ ၅ နာရီတွင် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အမှတ်(၂၈)ရပ်ကွက် ပြည်ထောင်စုလမ်းတွင် သားငယ်(ခ) ဟိန်းသူဇော်အောင်နှင့် ပြည့်လင်းစိုး(ခ)ဆိုးပေတို့ နှစ်ဦးကို မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရှာဖွေရာ အက်တက်စီ ဆေးပြား ၁၀ ပြား သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၆ နာရီတွင် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် (၂၄)ရပ်ကွက် ကန်သာယာလမ်း အမှတ်(၄၈၁)ရှိ ပြည့်လင်းစိုး(ခ)ဆိုးပေ၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ အက်တက်စီဆေး ၃၉၁ ပြား၊ ကက်တမင်းသုည ဒသမ ၀၀၃၆ ကီလိုတို့ကိုလည်းကောင်း။

ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာရှိ စစ်ဆေးရေးဂိတ်တွင် တင်စိုး မောင်းနှင်ပြီး စိုးထက် လိုက်ပါလာသည့် Hijet အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၆၃ ကီလိုကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စု ယန်းခေါင်ကျေးရွာလမ်းဆုံအနီး ယန်းခေါင်-လွယ်စီတုံကျေးရွာသွားကားလမ်းတွင် စတီဗင်လား(လ်)ရီးဆန်း မောင်းနှင်လာသည့် VIGO အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၃-၆-၂၀၂၂ တနင်္လာနေ့

MRTV HD

| | | | |
|---|---|---|---|
| ၀၆:၀၀ | မေတ္တာသုတ်၊ ရတနသုတ်၊ တောရှုံ့သုတ် အန္တရာယ်ကင်းပရိတ်တရားတော် | ၁၈:၃၅ | (၃၀)ဖြာဗဝံလာ (ဦးနန္ဒဝင်းရေးသားပူဇော်တင်ဆက်သည်) 'ဝိနယောဝသုသိက္ခိတော' |
| ၀၇:၀၀ | နံနက်ခင်းသတင်း | ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ဘက်စကက်ဘောအက်ဆေး' (အပိုင်း-၁၄) |
| ၀၈:၃၅ | ဒီမိုကရေစီဆိုရာဝယ် | ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၀၉:၁၀ | နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း | ၂၁:၀၀ | သံစဉ်ဝေဖြာ စတီရီယိုတေးကမ္ဘာ |
| ၀၉:၃၀ | စိုက်ပျိုးရေးရာအဖြေရှာ | ၂၁:၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၁၂) |
| ၁၀:၀၀ | သတင်းထဲကသတင်း | ၂၂:၁၀ | ရုပ်မြင်သံကြားဇာတ်လမ်း 'ပိုဒ်ုရ (သီလ)' |
| ၁၁:၁၅ | 'နှယုန်လပြည့် မဟာသမယကြီးကျယ်ထူးမြတ်သည့်အခါတော်နေ့' တရားတော် | | |
| ၁၂:၃၀ | 'မဟာသမယအခါတော်နေ့' တရားတော် | | |
| ၁၃:၃၀ | MRTV National News | | |
| ၁၆:၃၅ | ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာ | | |
| ၁၇:၀၀ | သတင်းသမားပြောတဲ့သတင်းစကား | | |
| ၁၈:၀၀ | ပြည်တွင်းသတင်း | | |

mitv

| | |
|---|---|
| 07:01 | Kyun Nawt Htar Nay Bagan Pyay (Ye Htike) |
| 07:08 | A Visit To Ye's Coastal Area |
| 07:23 | Awesome Myanma Sculptures |
| 07:37 | Ocularist |
| 08:01 | Myanmar Traditional Instruments - Myanma Harp (Episode-2) |
| 08:26 | Kyaw Min Thu (Winner) Lose2Win With Andy |
| 08:39 | Myanmar Childhood Games (Episode-1) |
| 08:48 | Pyin Oo Lwin Sweater |
| 09:01 | News |
| 09:27 | Global Partnership for Brighter Future: Bulgaria Pavilion at Expo 2020 Dubai |
| 09:35 | Discovering Tribes: Taung Yoe (Their Life and Customs) |
| 10:02 | Snake Dancer |

MRTV NRC

အနောက်ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)
ဖျိုင်းဖြူရွာကရေလုပ်သားကြီးဘ၀

အရှေ့ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)
သာယာလှပဝင်ရော်ဒေသ (လိုင့်ထောင်ဗလာမီးရေတံခွန်)

ချင်း (လိုင်စိုး) (၀၈:၀၀ မှ ၀၉:၀၀)
စီးပွားဖြစ်လာသည့် ချင်းရိုးရာအထည်လုပ်ငန်း

ချင်း (ချိုး) (၀၉:၀၀ မှ ၁၀:၀၀)
မိုဘိုင်းဖုန်းနဲ့ကျန်းမာရေး

မွန် (၁၀:၀၀ မှ ၁၂:၀၀)
မွန်စာပေသင်ကြရအောင်(အပိုင်း-၂)

ရခိုင် (၁၂:၀၀ မှ ၁၄:၀၀)
အိပ်မက်ကကြိုးကခုန်သူ(ကျော်သိုက်)

ရှမ်း (၁၄:၀၀ မှ ၁၆:၀၀)
ပိုင်းဖုန်းဆရာတော်၏တရားတော်(အပိုင်း-၂)

ဝ (၁၆:၀၀ မှ ၁၈:၀၀)
သံထည်ဖြင့်ပြုလုပ်ထားသောလူအသုံးအဆောင်

ကချင် (၁၈:၀၀ မှ ၂၀:၀၀)
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၂)

ကယား (၂၀:၀၀ မှ ၂၂:၀၀)
ရေငတ်နေသောငှက်ကလေး(ပုံပြင်)

စကောကရင် (၂၂:၀၀ မှ ၂၃:၀၀)
ကင်းမွန်ငါးကောက်ညှင်းအစာသွပ်

MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း (LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၀:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း (LIVE) |

MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မကောင်းဆိုးဝါး' |
| ၁၀:၀၀ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ကြေညာချက်သတင်းများ |
| ၁၀:၃၀ | ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း (အပိုင်း-၁) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) (အပိုင်း-၂) |
| ၁၁:၃၀ | အတွေးအမြင် (အပိုင်း-၁) |

MRTV FARMERS'

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၀၂ | တောင်သူလယ်သမားရေးရာသတင်း |
| ၀၆:၂၅ | အရောက်လုပ်းကာဖူးမြော်မည် ပအိဝ်စက်တော်ရာဆီ |
| ၀၇:၁၅ | စီးပွားတိုးတက်ကြယ်ပဲသီးနံ့စိုက်ကွက် |
| ၀၇:၂၅ | နိုင်ငံတကာနည်းပညာ တို့လယ်တောမှာကျင့်သုံးပါ |
| ၀၈:၂၀ | ဂျုံကုလားပဲသီးနှံ့ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်ဆီ |
| ၀၉:၂၀ | သစ်စိမ်းမြေသြဇာနှင့် ရွှေရောင်လွင်ပြင် |

MRTV SPORTS

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၃၀ | အခြေခံအားကစားနည်းစနစ်များ |
| ၀၇:၀၀ | Sports News |
| ၀၇:၃၀ | Soccer View/ Weekly Sports Info |
| ၀၇:၄၅ | အားကစားလောကထဲက သူတို့အကြောင်း |
| ၀၈:၀၀ | ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ |
| ၂၀:၀၀ | ပြည်တွင်းသတင်း |

Education Channel ကို နေ့စဉ်နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း (၂၄)နာရီ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# မြို့နယ်အချို့၌ PDF အမည်ခံအကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်းများ ပြုလုပ်

**နေပြည်တော် ဇွန် ၁၂**

မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ အကြမ်းဖက်လုယက်မှုများ ပြုလုပ်လျက်ရှိရာ ဇွန် ၁၀ ရက် ည ၁၁ နာရီ မိနစ် ၅၀ တွင် တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ပိတောက်ကြီးကျေးရွာ ဘောလုံးကွင်းအနီး၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ကုန်တင်ယာဉ်တစ်စီးအား တားဆီးကာ ယာဉ်ပေါ်ပါပစ္စည်းများကို လုယက်ယူဆောင်သွားခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ပဲဒက်ကျေးရွာနေ သက်ဇော်အေး(ခ)ပျူးပျူး(၂၇)နှစ်(ဘ)ဦးသန်းဝင်း မောင်းနှင်ပြီး တစ်ရွာတည်းနေ မိုးဟိန်း(၁၇)နှစ် (ဘ)ဦးညွန့်သိန်းလိုက်ပါလာသည့် 4Q/9026 ဟိုက်စ်အမျိုးအစား အဖြူရောင်ယာဉ်သည် ပဲဒက်ကြီးကျေးရွာမှ မှာယူထားသည့် ဆန်အိတ် ၄၀၊ သွပ်ပြားများနှင့် စားသောက်ကုန်များတင်ဆောင်၍ ထားဝယ်မြို့မှ ပဲဒက်ကြီးကျေးရွာသို့ ထားဝယ်-မြိတ်ကားလမ်းအတိုင်း မောင်းနှင်လာစဉ် အခင်းဖြစ်နေရာအရောက် PDF အမည်ခံ အကြမ်းဖက်အဖွဲ့အင်အား ၃၀ ခန့်က ယာဉ်အားရပ်တန့်ခိုင်းကာ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါကုန်ပစ္စည်းများကို လုယက်ယူဆောင်ကာ သက်ဇော်အေးနှင့် မိုးဟိန်းတို့အား ပြန်လည်စေလွှတ်ပြီး ပိတောက်ကြီးကျေးရွာ၏မြောက်ဘက်ရှိ ကညင်ချောင်းကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အလားတူ ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ် ကမ်းပြုကျေးရွာ၏အနောက်ဘက် ငါးဖာလုံခန့်အကွာ မုံရွာ-အရာတော်-ရွှေဘို ကားလမ်းအတိုင်း မိုင်တိုင်အမှတ် ၂၂ မိုင် ၁ ဖာလုံနှင့် ၂ ဖာလုံကြား၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်တစ်စီးအား မိုင်းဆွဲတိုက်ခိုက်ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ကိုစိစစ်ခဲ့ရာ ဦးဇော်မြင့်မောင်းနှင်ပြီး ဦးရန်ကြီး(စိစစ်ဆဲ)နှင့် ခရီးသည် ၂၀ တို့ လိုက်ပါလာသည့် “ကံရာမင်း” ခရီးသည်တင်ယာဉ်လိုင်းမှ ယာဉ်အမှတ် SGG-3B/4369 ဖြူ/နီကြား မှန်လုံယာဉ်သည် မုံရွာမြို့ဘက်မှ ရွှေဘိုမြို့ဘက်သို့ ထွက်ခွာလာစဉ် အခင်းဖြစ်နေရာအရောက် PDF အမည်ခံအကြမ်းဖက်အဖွဲ့က လမ်း၏ယာဘက်မှ လက်လုပ်မိုင်း ငါးလုံးဖြင့် မိုင်းဆွဲတိုက်ခိုက်ခဲ့သဖြင့် ပေါက်ကွဲမှုကြောင့် ယာဉ်၏ကိုယ်ထည်ယာဘက်ခြမ်းရှိ ပြတင်းပေါက်မှန်များ၊ အရှေ့ယာဘက်ခြမ်း လေကာမှန်နှင့် ယာဉ်နောက်ဘီးအထက် ကိုယ်ထည်တို့တွင် မိုင်းစထိမှန်ပျက်စီးခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိခဲ့ခြင်းမရှိကြောင်း သိရသည်။

ထိုကဲ့သို့ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များကို အကြမ်းဖက်တိုက်ခိုက်လုယက်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၁၂**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ်သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ကျီးပင်ဝိုင်းကျေးရွာနေ စိုးလင်းသည် ၎င်းအသုံးပြုသည့် “Soe Linn” Facebook အကောင့်၊ ပဲခူးမြို့နယ် ဥဿာမြို့သစ် အမှတ်(၃)ရပ်ကွက်နေ ကျော်မင်းဦးသည် ၎င်းအသုံးပြုသည့် “Kyaw Min Oo” Facebook အကောင့်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ရွှေမြိုင်သီရိရပ်ကွက်နေ မင်းသူသည် ၎င်းအသုံးပြုသည့် “Min Thu” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဘုရားကြီးကုန်းကျေးရွာနေ ထွန်းနိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Htun Naing Win” Facebook အကောင့်၊ မအူပင်မြို့နယ် အမှတ်(၅)ရပ်ကွက်နေ အောင်ခန့်သည် ၎င်းအသုံးပြုသည့် “Aung Khant” Facebook အကောင့်၊ ဟင်္သာတမြို့နယ် တာကလေးရပ်ကွက်နေ စုစုထွေးသည် ၎င်းအသုံးပြုသည့် “Su Su Htwe” Facebook အကောင့်နှင့် မအူပင်မြို့နယ် ပိန္နဲကုန်းရပ်ကွက်နေ အုန်းမြင့်ကျော်သည် ၎င်းအသုံးပြုသည့် “Ohm Myint Kyaw” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■ **ကျောဖုံးမှ**

သို့ရာတွင် NUG အမည်ခံ အကြမ်းဖက်အဖွဲ့နှင့် ၎င်း၏လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်သမားများသည် အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ပညာရေးဆိုင်ရာ အဆောက်အအုံများအား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်း၊ အထောက်အကူပြုပစ္စည်းများနှင့် ကျောင်းသုံးပုံနှိပ်စာအုပ်များ၊ ကျောင်းသုံးစာအုပ်များအား မီးရှို့ဖျက်ဆီးခြင်း၊ အတင်းအဓမ္မလုယူခြင်း စသည့် နည်းလမ်းမျိုးစုံ အသုံးပြုကာ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ချောင်းဦးအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်းမှ လက်လုပ်မိုင်း တွေ့ရှိမှုမှတ်တမ်းဓာတ်ပုံ။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ်အချိန်တွင် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ချောင်းဦးမြို့မရပ်ကွက် မုံရွာ-မန္တလေးသွား ကားလမ်းဘေးရှိ ချောင်းဦးအခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ မသင်္ကာဖွယ် အထုပ်သုံးထုပ် တွေ့ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ စာသင်ကျောင်း၏မြောက်ဘက် ကိုက် ၂၀ ခန့်အကွာ ကျောင်းရှေ့မြေကွက်လပ်တွင် ကြွပ်ကြွပ်အိတ်အနက်ရောင် သုံးအိတ်အတွင်းမှ သံပိုက်ဖြင့်ပြုလုပ်ထားသော လက်လုပ်မိုင်း သုံးလုံးကို တွေ့ရှိရသဖြင့် ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိသည်။ တိုင်းရင်းသားပြည်သူ လူထု တစ်ရပ်လုံးအနေဖြင့်လည်း ယခုကဲ့သို့ ယုတ်မာရိုင်းစိုင်းသည့် လုပ်ရပ်ကို ကျူးလွန်ခဲ့သည့်၊ ကျူးလွန်ရန် အားပေးလှုံ့ဆော်နေသည့် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအပေါ် ဝိုင်းဝန်းဆန့်ကျင်ကြရန်နှင့် အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုသတင်းများရရှိပါက လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များထံ သတင်းပို့ခြင်းဖြင့် ပြည်သူ့လုံခြုံရေး၊ အနာဂတ်ရင်သွေးငယ်များ၏ လုံခြုံရေးကို ဝိုင်းဝန်းကူညီပေးကြပါရန် မေတ္တာရပ်ခံတိုက်တွန်းထားကြောင်း သိရသည်။

**သတင်းစဉ်**

# မကြာမီဖွင့်လှစ်တော့မည့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ

မြင့်စိုး(နတလ)



သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)။

## အမည်ပြောင်းလဲခေါ်ဝေါ်

ရှေးယခင်က အချို့သင်တန်းကျောင်းများသည် သမဝါယမကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်းအမည်ဖြင့် ရပ်တည်ပေါ်ပေါက်လာခဲ့သည်။ အချို့သင်တန်းကျောင်းများကမူ သမဝါယမ သင်တန်းကျောင်းအမည်ဖြင့် ရှိနေခဲ့ပါသည်။ ယခုအခါ သင်တန်းကျောင်း၏ ဖွဲ့စည်းပုံနှင့် သင်ကြားပေးမည့် ဘာသာရပ်များကို ပြင်ဆင်မွမ်းမံ၍ သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းအမည်ဖြင့် မန္တလေး၊ မကွေး၊ တောင်ကြီး၊ ပုသိမ်နှင့် မော်လမြိုင်မြို့တို့၌ လာမည့်ဇွန်လ ၁၆ ရက်နေ့တွင် တစ်ပြိုင်တည်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

## သင်တန်းကျောင်းများ၏ ရာဇဝင်နှင့် တည်နေရာ

မကြာသေးမီက ကျွန်တော်ရေးသားတင်ပြခဲ့ဖူးသော သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအောက်ရှိ ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်းများကဲ့သို့ပင် သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်းများ၏ သမိုင်းနောက်ခံလေးများမှာ အောက်ပါအတိုင်း အသီးသီး ရှိနေခဲ့ကြသည် –

**(က) သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)**

ပညာရေးဝန်ကြီးဌာန၊ စက်မှုစိုက်ပျိုးနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်တွင် မန္တလေး ကူးသန်းရောင်းဝယ်ရေးပညာသင်ကျောင်းအမည်ဖြင့် ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍ ဖွင့်လှစ်သင်ကြားပေးခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၅ ရက်နေ့တွင် သမဝါယမ ကူးသန်းရောင်းဝယ်ရေး သင်တန်းကျောင်း(မန္တလေး)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြသည်။ မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်ကြီးကျက်သရေအနောက်ရပ်ကွက် ၈၃ လမ်းနှင့် ၂၅x၂၆ လမ်းကြားတွင် တည်ရှိနေပါသည်။

**(ခ) သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)**

သမဝါယမဝန်ကြီးဌာန၏ ၁၉၉၈ ခုနှစ် ဇွန်လ ၂၄ ရက်နေ့ ရက်စွဲပါညွှန်ကြားစာဖြင့် သမဝါယမသင်တန်းကျောင်း (မကွေး)ကို စတင်ဖွဲ့စည်းတည်ထောင်ပေးခဲ့သည်။ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် အဆိုပါသင်တန်းကျောင်းကို မကွေးမြို့နယ် ဆားတိုင်ကံကျေးရွာတွင် ဖွင့်လှစ်ပေးခဲ့သည်။ ၂၀၀၁ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် လက်ရှိနေရာဖြစ်သော မကွေးမြို့ အောင်မေတ္တာရပ်ကွက် မြင်းကင်းကျေးရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

**(ဂ) သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)**

သမဝါယမသင်တန်းကျောင်း(တောင်ကြီး)ကို ၁၉၇၀ ပြည့်နှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းတပ်တွင်းပညာပေးသင်တန်းကျောင်း၌ စတင်ဖွင့်လှစ်ခဲ့ပါသည်။ ၁၉၇၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့တွင် လက်ရှိနေရာ တောင်ကြီးမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ချုပ်အောင်ဆန်းလမ်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

**(ဃ) သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(ပုသိမ်)**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်အရှေ့မြို့နယ် အမှတ် (၅) တိုင်းဗဟိုလေ့ကျင့်ရေး သင်တန်းကျောင်းတွင် ၁၉၇၀ ပြည့်နှစ်မှစတင်၍ ဖွင့်လှစ်ခဲ့သည်။ ယင်းမှ ၁၉၇၁/ ၁၉၇၂ ခုနှစ်တွင် ပုသိမ်အနောက်မြို့နယ် ပါတီယူနစ်ရုံးအား ပြုပြင်မွမ်းမံဖွင့်လှစ်ခဲ့သည်။ ၁၉၇၂/ ၁၉၇၃ ခုနှစ်တွင် အမှတ်(၆)အခြေခံပညာ အလယ်တန်းကျောင်းသို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၇၄/၁၉၇၅ ခုနှစ်တွင် လွန်ကန်သို့ ထပ်မံပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ သမဝါယမသင်တန်းကျောင်းအား ၁၉၉၉ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် နည်းပညာဝန်ကြီးဌာန စက်မှုနှင့် သက်မွေးပညာဦးစီးဌာန နည်းပညာကောလိပ် GTC လွှဲပြောင်းပေးအပ်ပြီး ပုသိမ်လေယာဉ်ကွင်းရှေ့ရှိ ငြိမ်းချမ်းဝန်ဆောင်သမဝါယမအသင်း လီမိတက်တွင် ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်၍ ၂၀၀၀/ ၂၀၀၁ ခုနှစ်တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သတ်မှတ်ပေးထားသော အမှတ် (၁၃) ရပ်ကွက်၌ သမဝါယမသင်တန်းကျောင်းကို ဆောက်လုပ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ပါသည်။

> **သမဝါယမဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ခဲ့သော သမဝါယမသင်တန်းကျောင်းများ၊ သမဝါယမ ကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများသည် စာရင်းကိုင်ပညာ ကျွမ်းကျင်တတ်မြောက်သော လူငယ်များ မွေးထုတ်၍ စီးပွားရေးလုပ်ငန်းအသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်၊ မိမိတတ်ကျွမ်းထားသော စာရင်းကိုင်ပညာကို အခြေခံ၍ နိုင်ငံတော်အား အထောက်အကူဖြစ်စေမည့် စာရင်းကိုင်ပညာနှင့် ကွန်ပျူတာပညာရပ်များကို လေ့လာသင်ယူခွင့်ရစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်းဖြစ်**

**(င) သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်)**

အရှေ့တောင်တိုင်း သမဝါယမသင်တန်းကျောင်းအမည်ဖြင့် ၁၉၇၀ ပြည့်နှစ်တွင် တိုင်းတပ်တွင်းပညာပေးသင်တန်းကျောင်း၌ စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၇၅ ခုနှစ်တွင် မော်လမြိုင်မြို့ ရွှေတောင်ရပ်ကွက်ရှိ ပညာရေးဝန်ကြီးဌာနပိုင် ဗညားဒလဆောင်သို့ ပြောင်းရွှေ့ဖွင့်လှစ်သည်။ ၁၉၇၈ ခုနှစ်တွင်မူ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်းနှင့်သက်ဆိုင်သော ပြည်နယ်/တိုင်း သမဝါယမသင်တန်းကျောင်းအဖြစ် မော်လမြိုင်မြို့ မောင်ငံရပ် အရာတော်လမ်း၌ ဖွင့်လှစ်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ်တွင် သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း ဖြစ်လာခဲ့ပါသည်။

## သင်တန်းကျောင်းများ၏ ရည်ရွယ်ချက်

သမဝါယမဝန်ကြီးဌာနအနေဖြင့် ဖွင့်လှစ်ခဲ့သော သမဝါယမသင်တန်းကျောင်းများ၊ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်းများသည် စာရင်းကိုင်ပညာ ကျွမ်းကျင်တတ်မြောက်သော လူငယ်များ မွေးထုတ်၍ စီးပွားရေးလုပ်ငန်းအသီးသီးတွင် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလာစေရန်၊ မိမိတတ်ကျွမ်းထားသော စာရင်းကိုင်ပညာကို အခြေခံ၍ နိုင်ငံတော်အား အထောက်အကူဖြစ်စေမည့် စာရင်းကိုင်ပညာနှင့် ကွန်ပျူတာပညာရပ်များကို လေ့လာသင်ယူခွင့်ရစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

စာမျက်နှာ ၁၇ သို့ ○



သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)၏ စာသင်ခန်းမ။

○ စာမျက်နှာ ၁၆ မှ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးတွင် အခြေခံပညာကို ဆက်လက်သင်ယူရန် အခက်အခဲရှိသူများ၊ အကြောင်းအမျိုးမျိုးကြောင့် တက္ကသိုလ်ပညာ ဆက်လက်မသင်ကြားနိုင်သူများအနေဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်၊ တက္ကသိုလ်ပညာကို ပေါင်းကူးတက်ရောက်ခွင့်ရရှိစေရန်အတွက် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများအား အောက်ဖော်ပြပါ ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်သင်ကြားပေးမည် ဖြစ်ပါသည် -

(က) ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေး စာရင်းကိုင်ပညာဖြင့် သက်မွေးမှုလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်၊

(ခ) သက်မွေးမှုပညာ သင်ယူတတ်မြောက်ပြီးသူများထဲမှ ထူးချွန်သူများကို သမဝါယမကောလိပ်များနှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်များသို့ ပေါင်းကူး၍ ဆက်လက်ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများရရှိနိုင်စေရန်။

### သင်ကြားပို့ချပေးမည့် ဘာသာရပ်များ

အခြေခံပညာအလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအား လက်ခံ၍ နှစ်နှစ်သင်တန်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ပထမနှစ်သင်တန်းတွင် စာရင်းရေးစာရင်းကိုင်ဘာသာရပ်၊ Fundamental ICT ဘာသာရပ်၊ သမဝါယမဘာသာရပ်များနှင့်အတူ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို လေ့ကျင့်သင်ကြားပေးမည်ဖြစ်ပါသည်။ ဒုတိယနှစ်သင်တန်းများတွင်မူ စာရင်းရေးစာရင်းကိုင်ပညာကို အလေးထား၍ Cost Accounting၊ Financial Accounting၊ Business Accounting၊ Computerized Accounting၊ Business Organization and Management၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။

### လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး

ရှစ်တန်းအောင်ဆိုပေမဲ့လို့ ဒီအရွယ်လေးတွေဟာ ပီဘိကလေးငယ်အရွယ်လေးတွေပါပဲ။ မိဘရင်ခွင်ကခွာပြီး ဒီမှာကျောင်းလာတက်တုန်း ငါတို့သေချာစောင့်ရှောက်ပေးရမယ်၊ ကျောင်းရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးရမယ်၊ ရည်မှန်းချက်အတိုင်း စာရင်းရေးစာရင်းကိုင်ပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ လူငယ်လူရွယ်တွေ မွေးထုတ်ပြီး အလုပ်အကိုင် အခွင့်အလမ်းတွေ ဖန်တီးပေးဖို့၊ သမဝါယမကောလိပ်နဲ့ တက္ကသိုလ်တွေမှာ ဆက်လက်သင်ယူခွင့်ရစေဖို့ အလေးထားဆောင်ရွက်ကြရမယ်လို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက အမြဲမှာကြားလေ့ရှိသည်။



သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)၏ စာသင်ဆောင်။

ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ သင်တန်းကျောင်း ငါးကျောင်းတွင် လက်ခံထားသည့် ကျောင်းသား ကျောင်းသူဦးရေအတိုင်း ကျောင်းဝတ်စုံများ၊ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ၊ နေ့စဉ်စားသောက်စရိတ်၊ ဝတ်စုံစရိတ် စသည်တို့အပြင် စောင်၊ ခြင်ထောင်၊ အိပ်ရာခင်းများနှင့် အားကစားပစ္စည်းများကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။ ရေ၊ မီး၊ မိလ္လာစနစ် ကောင်းမွန်ရေး လိုက်လံစစ်ဆေးကြည့်ရှုကာ လိုအပ်ချက်များကို ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြသည်။ ကျောင်းသား ကျောင်းသူများ၏ အိပ်ဆောင်များတွင် 7W မီးချောင်း ၁၈ ချောင်း၊ 6W မီးလုံး နှစ်လုံး တပ်ဆင်အသုံးပြုနိုင်သည့် 190W ဆိုလာပြား နှစ်ချပ်ဖြင့် ဆိုလာမီးစနစ် တပ်ဆင်ပေးထားသည်။ မိန်းကလေးဆောင်များ၏ လုံခြုံရေးနှင့် နေထိုင်မှု စည်းကမ်းကောင်းမွန်ရေးအတွက် ဂရုပြုဆောင်ရွက်ပေးထားသည်။

သင်တန်းကာလမှာ နှစ်နှစ်ဖြစ်ရာ လာမည့်နှစ်ဆိုလျှင် ပထမနှစ်၊ ဒုတိယနှစ် သင်တန်းသား သင်တန်းသူများ စုံစုံညီညီ တက်ရောက်ကြတော့မည်ဖြစ်သည်။ နေထိုင်စားသောက်ရေးစရိတ်၊ စာသင်ဆောင်၊ အိပ်ဆောင်များလိုအပ်ချက်၊ သင်ကြားရေးဆရာ ဆရာမများ လိုအပ်ချက်၊ ရေ၊ မီး၊ မိလ္လာ လိုအပ်ချက်များမှအစ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မိမိတို့ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရအဖွဲ့များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

### ပုံရိပ်ကောင်းဖို့ ပြောင်းကြစို့

ကျွန်တော်တို့ငယ်စဉ်ကတည်းက နားရည်ဝခဲ့သော စကားတစ်ခွန်းမှာ သားဝ၊ မယားဝ သမဝါယမဟု ပြောဆိုနေကြခြင်းပင်ဖြစ်သည်။ အမှန်ကမူ လမ်းစဉ်ပါတီခေတ်ကတည်းက စတင်ခဲ့သော သမဝါယမစနစ်ကြီးက မကောင်း၍မဟုတ်၊ ချမှတ်ထားသောမူဝါဒများ အလွန်ကောင်းပါသည်။ အဆိုပါမူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း အကောင်အထည်ဖော်ရာတွင် အားနည်းချက်များ ရှိခဲ့သည်။ သို့ရာတွင် မည်သည့်နေရာ၊ မည်သည့်ဌာနတွင် တာဝန်ယူရသည်ဖြစ်စေ ဆိုးမွေ၊ ကောင်းမွေအားလုံးကို ခံယူကြရသည်ဖြစ်လေရာ အားနည်းချက်များကို သုံးသပ်ပြင်ဆင်၍ မိမိတို့ဝန်ကြီးဌာန၏ ပုံရိပ်ကောင်းများ ရရှိစေဖို့ ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။



သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မကွေး)၏ သင်တန်းသူအိပ်ဆောင်။

သမဝါယမနှင့် စီမံခန့်ခွဲမှုပညာ တက္ကသိုလ်များ၊ သမဝါယမကောလိပ်များ၊ ယွန်းကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၊ ယခုဖွင့်လှစ်မည့် သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများ၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း များအားလုံး၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သကဲ့သို့ ဦးစီးဌာနများ၏ မူဝါဒ၊ ရည်မှန်းချက်၊ လုပ်ငန်းစဉ်များကိုလည်း အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ကြရမည်ဖြစ်သည်။ ထိုနည်းတူစွာ သမဝါယမအသင်း (ဗဟို) မှသည် ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ အသင်းစုချုပ်များ၊ အသင်းစုများ၊ အသင်းအဖွဲ့များ အနေဖြင့်လည်း နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံး၏အကျိုးစီးပွားကို ဦးထိပ်ထားကာ မိမိတို့စွမ်းအားရှိသလောက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည်ဆိုပါလျှင် ကျွန်တော်တို့ဌာနအတွက်၊ ခေတ်အဆက်ဆက်မျှော်မှန်းခဲ့သော သမဝါယမစနစ်အတွက် ပုံရိပ်ကောင်းတစ်ခု ရရှိမည်မှာ မလွဲပါပေ။

## ညောင်လေးပင်မြို့၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်တင်

ညောင်လေးပင် ဇွန် ၁၂

မိုးရာသီတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပွားစေရန်အတွက် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ပြုလုပ်သော "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအားလုံးပါဝင်ဆောင်ရွက်ပေး" အသိပညာပေးဆိုင်းဘုတ်တင်ပွဲကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ညောင်လေးပင်မြို့ ပြည်သူ့ဆေးရုံရှေ့၌ ပြုလုပ်သည်။

ရေးဦးစွာ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးနေလင်း၊ အဖွဲ့ဝင်(၂) ဦးဇော်မင်းယု၊ လဝကဦးစီးမှူး ဦးအောင်ဇော်လင်း၊ အတွင်းရေးမှူး ရဲမှူးအေးကျော်တို့က ဆိုင်းဘုတ်ကိုတင်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများက ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကာ ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ နေအိမ်များသို့ သွားရောက်ကာ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

နေလင်း(ညောင်လေးပင်)

သစ်ပင်စိုက်လျှင်
တို့ဝန်းကျင်
စိမ်းစိုလှပ
ကြည်နူးရ၏

## ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၃-၆-၂၀၂၂ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၃၀၅ | ၂၃၅၀ | ၂၃၄၅ | ၂၃၁၅ | ၂၃၅၀ | ၂၃၇၀ | ၂၃၆၀ | ၂၃၃၅ | ၂၄၃၀ | ၂၄၄၅ | ၂၃၄၅ | ၂၃၅၀ | ၂၃၈၅ | ၂၃၈၅ | ၂၃၉၀ | ၂၆၁၀ | ၂၇၆၀ |
| 95 Ron | ၂၃၇၀ | ၂၄၁၅ | ၂၄၁၅ | ၂၃၈၀ | ၂၄၁၅ | ၂၄၄၀ | ၂၄၂၅ | ၂၄၀၀ | ၂၄၉၅ | ၂၅၁၀ | ၂၄၁၀ | ၂၄၂၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၅၅ | ၂၆၇၅ | ၂၈၁၅ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၅၅ | ၂၆၅၀ | ၂၆၂၀ | ၂၆၅၅ | ၂၆၈၀ | ၂၆၇၅ | ၂၆၄၀ | ၂၇၅၅ | ၂၇၅၀ | ၂၆၅၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၉၀ | ၂၆၉၅ | ၂၉၁၅ | ၂၉၅၅ |
| HSD (50 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |
| HSD (10 ppm) | ၂၆၄၀ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၅ | ၂၇၀၅ | ၂၇၀၀ | ၂၆၇၀ | ၂၇၈၅ | ၂၇၈၀ | ၂၆၇၅ | ၂၆၈၅ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၄၀ | ၂၉၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၉၈ | ၂၂၇၅ |
| 95 Ron | ၂၂၆၁ | ၂၃၄၀ |
| HSD (500 ppm) | ၂၄၉၄ | ၂၅၇၃ |
| HSD (50 ppm) | ၂၅၂၂ | ၂၆၀၂ |
| HSD (10 ppm) | ၂၅၂၂ | ၂၆၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## အင်းတော်မြို့နယ်တွင် တောင်သူများအား မိုးသီးနှံစပါး မျိုးစေ့ပေးအပ်ပွဲ ကျင်းပ

အင်းတော် ဇွန် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန အင်းတော်မြို့နယ်ဦးစီးမှူးရုံးတွင် ယနေ့နံနက် ၁၀ နာရီက တောင်သူများအား မိုးသီးနှံစပါးမျိုးစေ့များပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

မျိုးစေ့ပေးအပ်ပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ကသာခရိုင်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်စိုး၊ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့် စိုက်ပျိုးရေးဌာန အင်းတော်မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်တို့က မိုးသီးနှံစပါးပေးအပ်ရခြင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကသာခရိုင်ဦးစီးမှူး ဦးမြင့်စိုးက တောင်သူများအား ဆီထွက်သီးနှံနေကြာစိုက်ပျိုးရေးနှင့် သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်)စိုက်ပျိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး မျိုးစေ့များ ပေးအပ်သည်။

အခမ်းအနားသို့ အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ အင်းတော်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် တောင်သူများ စုစုပေါင်း ၅၀ တက်ရောက်ကြကြောင်း သိရသည်။

အေးမြသက်ထား

## ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်း အပန်းဖြေစခန်းစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန် စီစဉ်

ရန်ကုန် ဇွန် ၁၂

ရန်ကုန်တိုင်း ဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာအနီးရှိ ပဲခူးမြစ်အတွင်း၌ နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်း ပိုမိုဖွံ့ဖြိုး တိုးတက်စေရန်နှင့်ပြည်တွင်း ပြည်ပ ခရီးသွား ဧည့်သည်များအား ဆွဲဆောင်စေနိုင်မည့် ရေလယ်ကျွန်း အပန်းဖြေစခန်း စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ စီမံကိန်းအတွင်း အပျော်စီးသင်္ဘော (River Cruise) ခရီးစဉ်များ၊တိုင်းရင်းသားရိုးရာ အစားအစာများ ပါဝင်သည့် စားသောက်ဆိုင်များ၊သစ်ပင်ပန်းမန်နှင့်သီးနှံပင်များ စိုက်ပျိုးထားရှိမည့်စိုက်ခင်းများ၊ မြန်မာမှုလက်ရာများဖြင့် ပြုလုပ်ထားသော နားနေဆောင်များနှင့် နေဝင်ဆည်းဆာအလှကို ကြည့်ရှုခံစားလေ့လာနိုင်မည့်နေရာများ ပါဝင်မည်ဖြစ်ကာ ရေလွှာလျှော၊ ရေကန်၊ မြက်ခင်းတု၊ မြင်းစီးကွင်းများအပါအဝင် အဆင့်မြင့်ဟိုတယ်တစ်လုံးကိုပါ ထည့်သွင်းတည်ဆောက်ရန် စီစဉ်ထားကြောင်း သိရသည်။

"ရေလယ်ကျွန်း အပန်းဖြေစခန်းကို ရေပေါ်မှာပဲတည်ဆောက်မှာဖြစ်တာကြောင့် လတ်တလောမှာ မြစ်ချောင်းလေ့လာဆန်းစစ်အကဲဖြတ်မှုနဲ့ ရေအရင်းအမြစ် သုံးစွဲမှု စတာတွေကို လေ့လာဆန်းစစ်နေပြီဖြစ်ပါတယ်။ ရေလယ်ကျွန်း အပန်းဖြေစခန်း တည်ဆောက်ဖို့ကို ခရီးသွားလုပ်ငန်းရှင်တွေအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေထံ ခွင့်ပြုချက်တောင်းခံထားဆဲဖြစ်ပြီး Feasibility Study အရင်ပြုလုပ်ပြီး ခွင့်ပြုချက်ရရှိတာနဲ့ စီမံကိန်းကို ဆောင်ရွက်သွားမှာ ဖြစ်သလို သက်ဆိုင်ရာ ဝန်ကြီးဌာနတွေမှ သတ်မှတ်ထားတဲ့"စံ"သတ်မှတ်ချက်တွေအပေါ်မူတည်ပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ရေလယ်ကျွန်း အပန်းဖြေစခန်းတည်ဆောက်ပြီးစီးပြီဆိုရင်တော့ ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်တွေလာရောက်လေ့လာလည်ပတ်ကြမှာဖြစ်တဲ့ အတွက် ပြည်တွင်း ခရီးသွားကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်လာမှာလည်း ဖြစ်ပါတယ်"ဟု Best Myanmar National Tourism Public ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးနောင်နောင်ဟန်က ပြောသည်။

အဆိုပါရေလယ်ကျွန်း အပန်းဖြေစခန်းတည်ဆောက်ပြီးစီးပါက ပြည်တွင်း ပြည်ပခရီးသွားဧည့်သည်များမှာ ရန်ကုန်မြို့၏ မြစ်ကြောင်း တစ်လျှောက်ရှိ နေဝင်ချိန်ဆည်းဆာအလှကို မြစ်တွင်း အပျော်စီးသင်္ဘော ခရီးစဉ်ဖြင့် ကြည့်ရှုခံစားနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

သတင်း-ပွင့်သစ္စာ
ဓာတ်ပုံ-စိုးမြင့်အောင်

ဤ "ဗုဒ္ဓအကြောင်း သိကောင်းစရာမှတ်တမ်း" စာအုပ်သည် ဗုဒ္ဓဘာသာဝင်တိုင်း သိသင့်သိထိုက်သော ဗုဒ္ဓအကြောင်း မှတ်တမ်းတင်ခြင်းကို ရေးသားထားခြင်း ဖြစ်ပါသည်။ အစမှအဆုံးအထိ ဖတ်ကြည့်သောအခါ ဗုဒ္ဓဝင် ဖြစ်ပါသည်။ ဤစာအုပ်သည် မြတ်ဗုဒ္ဓ၏ သန္ဓေယူသည်မှ ပရိနိဗ္ဗာန်စံသည်အထိ (တေဇောဓာတ် လောင်ကျွမ်းခြင်း) စုဆောင်းဖော်ပြရေးသားထားပါသည်။ မကျဉ်းမကျယ်သော ဗုဒ္ဓအကြောင်း ဖြစ်ပါသည်။ စာရေးသူက တိုတိုနှင့်လိုရင်းသို့ရောက်အောင် ရေးပြထားပါသည်။ (စာတည်း)

# ဗုဒ္ဓအကြောင်းသိကောင်းစရာမှတ်တမ်း

ဆရာကြည်

(၂၉-၅-၂၀၂၂ ရက်နေ့မှအဆက်)

ထိုပန်းရှစ်ဆုပ် ရှစ်စလယ်တို့သည် ဘုရားရှင်အား လေးဘက်လေးတန်ခြံရံလျက် မပြုတ်ကျဘဲ တွဲလွဲဆွဲလျက်တည်နေပြီး ဘုရားရှင်နှင့်အတူ လိုက်ပါသွားလေသည်။ ဘုရားရှင်ကထွက်နေသော ရောင်ခြည်တော်သည် မပြတ်ထွက်၍ ရှေ့မှပြေးသွားလေသည်။ ဘုရားရှင်သည် ဤသို့ဖြင့် ဆက်လက်ကြွလာတော်မူသည်။ ရာဇဂြိုဟ်ပြည်ကြီးတစ်ခုလုံးလည်း အုန်းအုန်းကျွက်ကျွက် ဖြစ်လေသည်။ မြို့သူမြို့သားတို့သည် အိမ်မှထွက်၍ ဆွမ်းထွက်မလောင်းမည့်သူများ မရှိပေ။ အားလုံးဆွမ်းထွက်လောင်းကြသည်။ လူအပေါင်းတို့သည် ကြွေးကြော်လျက်၊ ပုဆိုးခေါင်းပေါင်းတို့ကို မြှောက်ခြင်း၊ ပစ်ခြင်းပြုလျက် ဘုရားရှေ့မှ သွားကြကုန်သည်။



ဘုရားရှင်ကလည်း သုမန၏ ဂုဏ်ကျေးဇူးကို ထင်ရှားစေရန် မြို့တွင်းလမ်းအားလုံးကို လမ်းမကြီးအတိုင်းကြွတော်မူလေသည်။ သုမနသည် ယင်းသို့အဖြစ်ကိုတွေ့ရ၍ သူလှူဒါန်းမှုကို ဝမ်းမြောက်ရွှင်လန်းလျက် တစ်ကိုယ်လုံးပီတိဖြာ၍ ပျံ့နှံ့လေသည်။ ဘုရားရှင်၏ ရောင်ခြည်တော်တွင်းသို့ဝင်၍ ချီးမွမ်းရှိခိုးပြီး တောင်းတွင် ပန်းများမရှိ ဗလာဖြင့် အိမ်သို့ ပြန်လာလေသည်။ ယင်းအကြောင်းကို ဇနီးမယားအားပြောပြရာ မယားက မိုက်မဲသူဖြစ်သဖြင့် သုမနအား ဆဲရေးပြောဆို၍ သားကိုခေါ်ပြီး မင်းကြီးထံသို့ သွားလေသည်။ ၎င်းအမျိုးသမီးက သုမနအား ပြစ်တင်လျှောက်ထားပြီး သူ့သာအရေးယူပါ။ သူနှင့်၎င်းတို့မှာ မဆိုင်၊ စွန့်ခဲ့ပြီဖြစ်ကြောင်း လျှောက်လေသည်။

မင်းကြီးသည် ဤအမျိုးသမီးသည် မိုက်မဲကြောင်း သိတော်မူသည်။ မင်းကြီးသည် သုမနအား ဒေါသထွက်ဟန်ဖြင့် ထိုမိန်းမကို လွှတ်လိုက်လေသည်။ ဘုရားရှင်လည်း နန်းတော်သို့ဝင်လေသည်။ မင်းကြီးကလည်း ဘုရားထံမှသပိတ်များ လှမ်းယူ၍ နန်းတော်မဏ္ဍပ်၌ သံဃာတော်များနှင့် သီတင်းသုံးတော်မူစေသည်။ ထို့နောက် ဆွမ်းခဲဖွယ်များကို ကပ်သည်။ ဘုရားရှင်သည် ဆွမ်းခဲဖွယ်များကို ဘုဉ်းပေးပြီး တရားအနုမောဒနာဟောကြားကာ ပန်းဆိုင်များနှင့်အတူ ပြန်ကြွလေသည်။

မင်းကြီးသည် ဘုရားရှင်အား အစဉ်လိုက်၍ ပို့လိုက်ပြီး ပြန်လာသည်။ ထို့ပြင် မင်းကြီးသည် သုမနပန်းသည်အားခေါ်၍ ဆင်ရှစ်ကောင်၊ မြင်းရှစ်ကောင်၊ ကျွန်မ ရှစ်ယောက်၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ တန်ဆာ ရှစ်ခု၊ သမီးကညာရှစ်ဦး၊ ရွာကြီးရှစ်ရွာနှင့် ငွေရှစ်ထောင်ဟူသော ရှစ်မျိုးရှစ်လီ (သဗ္ဗဋ္ဌကမည်သော) ဆုတော်လာဘ်တော်များ ပေးသနားတော်မူလေသည်။

ဘုရားရှင်သည် ကျောင်းတော်သို့ ဝင်သောအခါ ဂန္ဓကုဋိသို့ရောက်သော် ထိုပန်းတို့သည် တံခါးဝ၌ အလိုလိုကျကုန်သည်။ ထိုနေ့ညနေချမ်း၌ ရဟန်းတို့သည် တရားပလ္လင်၌ အသက်ကိုစွန့်၍ ပန်းများလှူသော သုမန၏ အလှူအကြောင်းနှင့်ပတ်သက်၍ မင်းကြီးက ဆုတော်ရှစ်မျိုး ပေးသနားသည်ကို တအံ့တသြ ပြောဆိုကြလေသည်။ ရဟန်းတို့ထံသို့ ဘုရားရှင်ကြွလာပြီး မေးလေသည်။ ဘုရားရှင်သည် ဤအကြောင်းနှင့်ပတ်သက်၍ "ဤသို့ ပြုကျင့်ခြင်းသည် နောင်တတစ်ဖန် စိုးရိမ်ပူပန်မှုမဖြစ်ပါ။ ယင်းသို့ အလှူကို သတိရတိုင်း ဝမ်းမြောက်ခြင်းသာ ဖြစ်စေသည်။ ဤသို့ ကုသိုလ်ကိုပြုအပ်ကြောင်း" စသည်ဖြင့် တရားဟောကြားတော်မူလေသည်။

### ဇမ္ဗုကတက္ကတွန်းအား ဘုရားရှင်မှ ချွတ်တော်မူခြင်း

ကဿပဘုရားရှင်လက်ထက်၌ ရဟန်းတစ်ပါး ရှိသည်။ ၎င်းသည် ဤကျောင်းသို့လာ၍နေသော ရဟန္တာတစ်ပါးကို မနာလိုဖြစ်သည်။ ကျောင်းတွင် မနာလိုဖြစ်၍ ထိုရဟန္တာအား ၎င်းမှ စကားမပြောပါ။ သူ၏ဒါယကာတစ်ဦးကလည်း ရဟန္တာကို အလွန်ကြည်ညိုသည်။ ထိုဒါယကာက နောက်တစ်နေ့ ဆွမ်းဖိတ်ကျွေးကပ်တော်မူသည်။ ထို့အပြင် ၎င်းရဟန္တာမထေရ်ကို ဆွမ်းကိုလည်း ထည့်ပေးလိုက်ပါသည်။ ၎င်းသည် ရဟန္တာမထေရ်ကို မနာလိုစိတ်ကြောင့် ဆွမ်းကိုလည်း လမ်းတွင်စွန့်ပစ်ခဲ့သည်။

ဤသို့ မကောင်းမှုကံကြောင့် ထိုရဟန်းသည် အဝီစိကဲ့သို့ သေလွန်သောအခါ၌ ကျနေသည်။ ထိုမှလွတ်သောအခါ ရာဇဂြိုဟ်ပြည်တွင် သူကြွယ်မျိုး၌ ဖြစ်လေသည်။ သူသည် လမ်းကိုခြေဖြင့်သွားနိုင်သည့်အရွယ်မှစ၍ အိပ်ရာ၌မအိပ် မြေပေါ်၌သာ အိပ်သည်။ ထမင်းကိုမစားဘဲ ကိုယ်မှ အညစ်အကြေးများ စားပြီးနေလေသည်။ ၎င်းသည် အရွယ်ကြီးလာသောအခါ အဝတ်မဝတ်လို အဝတ်မပါဘဲနေလေ့ရှိသည်။

မိဘများကလည်း ထိုသို့ ၎င်းအဝတ်မဝတ်ဘဲ နေသောကြောင့် အဝတ်မဝတ် အာဇီဝက တက္ကတွန်းများထံသို့ ရဟန်းပြုစေသည်။ ၎င်းသည် ထမင်းကို မစားဘဲ ကုဋ္ဌိမှမစင်များကိုစားနေသည်ကို တက္ကတွန်းများကသိ၍ နှင်ထုတ်လိုက်လေသည်။ ၎င်းသည် လူအပေါင်းတို့ မစင်စွန့်ရာအရပ်သို့သွား၍ ညအခါ ယင်းမစင်များကို စားသည်။ နေ့အခါ၌ လူများက သူ့အား ကြည်ညိုအောင် အနီးရှိကျောက်ဖျာကြီးပေါ်တွင် ခံတွင်းဖွင့်လျက် ခြေတစ်ဖက်ဖြင့် ရပ်၍နေသည်။

လူတို့ကတွေ့၍မေးသောအခါ "၎င်းသည် လေကိုသာ စားသည်။ ခြေနှစ်ဖက်ချလျှင် မြေကြီးက သူ့ကိုမခံနိုင်ဘဲ တုန်လှုပ်မည်ဖြစ်ကြောင်း၊ ယင်းသို့နေရခြင်းဖြစ်ကြောင်း" ပြောလေသည်။

ဤသို့နေခြင်း၊ အိပ်ခြင်းမရှိ၊ နေ့ရောညပါ နေကြောင်း ပြောလေသည်။ ၎င်းသည် မြေခွေး (ဇမ္ဗုက) ယုတ်သောအကျင့်ကို ကျင့်သောကြောင့် ဇမ္ဗုကဟူ၍ အမည်တွင်လေသည်။ ဤသို့ကျင့်သည်ကို မြင်ကြသော အင်္ဂတိုင်း၊ မဂဓတိုင်းတို့မှ လူများသည် အံ့သြ၍ ကြည်ညိုကြသဖြင့် လစဉ်လတိုင်း ဆွမ်းခဲဖွယ်လှူဖွယ်ဝတ္ထုတို့ဖြင့် လာရောက်ကန်တော့ပူဇော်ကြသည်။ ထိုသို့ လှူဖွယ်ဝတ္ထုများ လှူဒါန်းလာကြသောအခါ၌ အာဇီဝက (ဇမ္ဗုက)သည် လေမှတစ်ပါး အခြားဘာမျှမစားဟု ပြောလေသည်။ လူများက အဖန်တလဲလဲ လှူဒါန်းသည်။ သုံးဆောင်ရန် ပြောကြသောအခါ ၎င်းသည် ၎င်းတို့လှူဒါန်းသည့် ထောပတ်၊ တင်လဲတို့ကို သမန်းမြက်ဖျားဖြင့် လျှာဖျား၌တင်၍ ၎င်းပြည်သူပြည်သားများကို ပြန်၍ သွားကြလော့ဟု ပြောဆိုလေသည်။

ဤသို့အားဖြင့် ကျင့်ကြံအားထုတ်သည်။ ၅၅ နှစ်ပတ်လုံး ကျင့်ကြံခဲ့ပါသည်။ ထိုသို့ လုပ်နေစဉ် ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်ကာလဖြစ်သည်။ ဘုရားရှင်သည် သမန္တစက္ခု (ဗုဒ္ဓစက္ခု) ဖြင့် လောကကိုကြည့်သော် ချွတ်ထိုက်ကျွတ်ထိုက်သူသည် ဇမ္ဗုကတက္ကတွန်းဖြစ်သည်ကို မြင်လေသည်။ ဘုရားရှင်သည် ဆင်ခြင်ကြည့်သောအခါ ဇမ္ဗုကတက္ကတွန်းသည် ရဟန္တာဖြစ်လတ္တံ့။ "လူအပေါင်းတို့ကို တစ်ဂါထာဖြင့် ၎င်းဟောသော တရားနာရလျှင် အကျွတ်တရားရပေအံ့" ဟု မြင်တော်မူသည်။

ဘုရားရှင်သည် ရာဇဂြိုဟ်မြို့ထဲသို့ ဆွမ်းခံကြွတော်မူပြီးနောက် ညနေစောင်းအခါတွင် ထိုဇမ္ဗုက အာဇီဝကတက္ကတွန်းနေရာသို့ သွားသည်။ နတ်များကလည်း ဘုရားကြွလာမည်ကိုသိ၍ ၎င်းနေသော နေရာကို မိုးရွာသွန်းစေပြီး ကျင်ကြီးကျင်ငယ်များကို သန့်ရှင်းအောင် ဆေးကြော၍ ပန်းမိုးများကို ရွာစေလေသည်။ သန့်ပြန့်အောင် ကြိုတင်ပြင်ထားလေသည်။

ဘုရားရှင်သည် ညနေဆည်းဆာ၌ တစ်ပါးတည်းကြွလာ၍ ဇမ္ဗုကအား ဤနေရာ၌ တစ်ညမျှ နေခွင့်ပြုရန် ခွင့်တောင်းခံသည်။ ကြိမ်ဖန်များစွာ တောင်းခံရသည်။ ဖျောင်းဖျပြောသောကြောင့် နေခွင့်ရသောအခါ မနီးမဝေးတောင်ချိုင့်ဝှမ်း၌ နေလေသည်။

ဤသို့ဘုရားရှင် သီတင်းသုံးနေထိုင်သောကြောင့် စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် ညဉ့်ဦးယံ၌လည်းကောင်း၊ သိကြားမင်းသည် သန်းခေါင်ယံ၌လည်းကောင်း၊ မဟာဗြဟ္မာမင်းကြီးတို့သည် ပစ္ဆိမယံ၌လည်းကောင်းလာ၍ ဖူးမြော်ကန်တော့ကြပါသည်။ ၎င်းတို့လာသောအခါ တစ်တောလုံးသည် အလင်းရောင်ပေါ်ထွက်လင်းနေလေသည်။ ဇမ္ဗုကသည် ၎င်းတို့လာတိုင်း အလင်းရောင်လင်းသည်ကို မြင်ရလေသည်။ နံနက်မိုးလင်းသောအခါ ဇမ္ဗုကက ဘုရားရှင်ထံသို့ ချဉ်းကပ်သွားပြီး အလာပသလ္လာပစကားပြောသည်။ ထို့အပြင် တစ်ကြိမ်စီလာကြသော ပုဂ္ဂိုလ်များအကြောင်းကို ၎င်းက ဘုရားရှင်အား မေးသည်။ ထို့အပြင် ၎င်းက ဘုရားရှင်အား ယခုကဲ့သို့ လာကြသော ပုဂ္ဂိုလ်များထက် သင်က မြတ်သလောဟု မေးသည်။ ဘုရားရှင်ကလည်းမြတ်ကြောင်း၊ ၎င်းတို့သည် ဘုရားအား အလုပ်အကျွေးပြုကုန်လာကြသည်။ ဘုရားရှင်က ကပ္ပိယတပည့်သာမဏေနှင့်တူကြောင်း ပြောလေသည်။

ဇမ္ဗုကသည် သူသည် ၅၅ နှစ် ကာလပတ်လုံး ဤသို့ကျင့်ရာ တစ်ဦးတစ်ယောက်မျှ မလာပါ။ ဘုရားရှင်အား ယခုကဲ့သို့လာသည်။ အံ့သြကြောင်း ပြောသည်။ ဘုရားရှင်က ၎င်းသည် မိုက်မဲသော ပြည်သူပြည်သားများကို လှည့်စား၍လေးစားကြောင်း၊ ယခု၌သင်သည် ငါ့အားလှည့်ဖြားပြောဆိုလာသည်။ အမှန်မှာ မစင်ကိုစားသည်။ မြေပေါ်အိပ်သည်စသည်ဖြင့် သူကျင့်သော အကျင့်ကို ဘုရားရှင်က ပြောလိုက်ပါသည်။ ထို့နောက် ၎င်းအား ရှေးဘဝအတိတ်အကြောင်းကို ဘုရားရှင်က ပြောလိုက်ပါသည်။ ထို့နောက် ယခုကဲ့သို့ ရှေးအတိတ်ကံဖြစ်ကြောင်း မစင်ကိုစားလျက်၊ အဝတ်ဗလာနတ္ထိ မြေမှာအိပ်ရကြောင်း ရှင်းလင်းဟောပြလေသည်။

ထိုအခါ၌ ဇမ္ဗုကသည် ရှက်လာသည်။ ဘုရားရှင်ပေးသော ရေသနုပ်ကိုဝတ်ပြီး ဘုရားရှင်အား ရှိခိုးကန်တော့လေသည်။ ဘုရားရှင်ဟောကြားသည့် တရားကို နာပြီးနောက် ရဟန္တာဖြစ်သွားလေသည်။ နောက်ဘုရားရှင်က ဧဟိဘိက္ခုခေါ်၍ ရဟန်းအသွင်ရောက်သွားပါသည်။ ထို့နောက် သူ့အားကြည်ညိုလေးစားသော အင်္ဂတိုင်း၊ မဂဓတိုင်းသားတို့သည် ဤအဖြစ်ကိုမြင်လျှင် သူတို့သံသယဖြစ်သည်။ အရှင်သခင်ဇမ္ဗုကလည်း တန်ခိုးကြီး၍ ရဟန်းဂေါတမကြောင့် ထင်ကြပါသည်။ ထိုအခါ ဇမ္ဗုကအား သင့်ပရိသတ်၏ သံသယကိုဖျောက်ရန် သင်လုပ်ပေတော့ဟု ဘုရားရှင်က ပြောလိုက်ပါသည်။ ဇမ္ဗုကလည်း ဈာန်တို့ဖြင့် ကောင်းကင်သို့ ပျံတက်ပြီးဆင်း၍ ဘုရားရှင်၏ ခြေတော်ရင်းတွင် ကန်တော့ကာ ဘုရားရှင်၏ တပည့်ဖြစ်ကြောင်း ခုနစ်ကြိမ် လုပ်ပြလေသည်။

ဤအဖြစ်အပျက်ကို ပြည်သူပြည်သားများ မြင်သော်ဘုရားရှင်သည် အံ့သြဖွယ်ရှိကြောင်း မနှိုင်းယှဉ်အပ်သော ဂုဏ်တော်များရှိကြောင်း ပြည့်စုံပေသည်ဟု မှတ်ယူကြသည်။ သူတို့၏သံသယ ကင်းရှင်းသွားလေသည်။

ဘုရားရှင်က ပြည်သူပြည်သား လူအများအား သင်၏ဆရာဇမ္ဗုက ကျင့်ခဲ့သည့် ခြိုးခြံသောအကျင့်သည် ယခုသူကျင့်သောအကျင့်သိက္ခာ၏ တစ်ဆယ့်ခြောက်စိပ်၏ တစ်စိတ်ဝက်တောင် မမီကြောင်း ဟောကြားလေသည်။ ၎င်းတို့သည် ဘုရားရှင်အား ကြည်ညိုသဒ္ဓါတရားပွား၍ သရဏဂုံ၌ တည်ကြလေသည်။ ။

"ဤသို့အားဖြင့် ကျင့်ကြံအားထုတ်သည်။ ၅၅ နှစ်ပတ်လုံး ကျင့်ကြံခဲ့ပါသည်။ ထိုသို့လုပ်နေစဉ် ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေစဉ်ကာလဖြစ်သည်။ ဘုရားရှင်သည် သမန္တစက္ခု (ဗုဒ္ဓစက္ခု) ဖြင့် လောကကိုကြည့်သော် ချွတ်ထိုက်ကျွတ်ထိုက်သူသည် ဇမ္ဗုကတက္ကတွန်းဖြစ်သည်ကို မြင်လေသည်။ ဘုရားရှင်သည် ဆင်ခြင်ကြည့်သောအခါ ဇမ္ဗုကတက္ကတွန်းသည် ရဟန္တာဖြစ်လတ္တံ့။ "လူအပေါင်းတို့ကို တစ်ဂါထာဖြင့် ၎င်းဟောသော တရားနာရလျှင် အကျွတ်တရားရပေအံ့" ဟု မြင်တော်မူသည်"

# ပုံပြင်

## သမားတော်နှင့် လူနာ

## ငုံးနှင့် ခင်ပုပ်

မင်းယုဝေ

တစ်ရံရောအခါ မြို့တစ်မြို့တွင် သမားတော်ကြီးတစ်ဦးရှိသည်။ သူသည် ဆေးကုသရာ၌ အထူးကျွမ်းကျင်သည်။ အများက သူ့ကို လေးစားယုံကြည်ကြသည်။

သမားတော်ကြီးသည် ဘုရင်၏အနာပဆုပ်ရောဂါကိုလည်း ပျောက်ကင်းအောင် ခက်ခဲစွာကုသနိုင်ခဲ့သည်။ အိမ်ရှေ့မင်း၏ လိပ်ခေါင်းရောဂါကိုလည်း အောင်မြင်စွာကုသနိုင်ခဲ့သည်။

တစ်နေ့သ၌ လူတစ်ယောက်သည် သူ့ကျောတွင် အနာကြီးပေါက်သဖြင့် သမားတော်ကြီးထံသွားရောက်ပြသသည်။ သမားတော်ကြီးသည် ထိုလူနာ၏ အနာကို သေချာစွာ ကြည့်ရှုစစ်ဆေးပြီးလျှင်.....။

“ခင်ဗျားရဲ့ ရောဂါကို ခွဲစိတ်ကုသရမယ်၊ နာမှာ မကြောက်ဘူးလား” ဟူ၍ မေးမြန်းသည်။

လူနာက..

“ဆရာ့ကို ယုံကြည်လို့ပုံအပ်ပြီးသားပါ။ ကြိုက်သလိုကုပါ ဆရာ၊ ကျွန်တော်မကြောက်ပါဘူး” ဟူ၍ ပြန်လည်ပြောဆိုသည်။

သို့ဖြင့် သမားတော်ကြီးသည် အနာကိုစိတ်တိုင်းကျ ခွဲစိတ်ကုသပေးရာ မကြာမီပင် အနာပျောက်ကင်းသွားလေသည်။

ရောဂါကုသရာ၌ သမားတော်၏ ပညာစွမ်းရည်အပေါ် မူတည်သည်မှာမှန်ပါ၏။ ထိုမျှမကလူနာ၏ ယုံကြည်ကိုးစားမှုသည်လည်း ရောဂါပျောက်ကင်းစေသောအကြောင်းတစ်ရပ်ဖြစ်ပေသည်။

(တရုတ်ပုံပြင်)

တစ်နေ့သ၌ ငုံးတစ်ကောင်သည် အသိုက်ပြောင်းမည်ပြုနေသော ခင်ပုပ်ငှက်တစ်ကောင်ကို တွေ့သဖြင့် “အဆွေ၊ သင်သည်မည်သည့်အရပ်သို့ပြောင်းရွှေ့နေထိုင်ပါမည်နည်း”ဟု မေးမြန်း၏။

ခင်ပုပ်ငှက်က

“အဆွေ၊ ငါသည်အရှေ့အရပ်သို့ပြောင်းရွှေ့နေထိုင်တော့မည်” ဟု ဆို၏။

ငုံးကလည်း “အဆွေ၊ အဘယ်ကြောင့် ပြောင်းရွှေ့ပါမည်နည်း” ဟု ထပ်မံမေးမြန်း၏။

ခင်ပုပ်ငှက်က...

“အဆွေ၊ ဤအရပ်တွင် နေထိုင်ကြသော ရွာသားတို့သည် ငါ၏သာယာခြင်းကင်းမဲ့သော အသံကိုရွံရှာမုန်းတီးခြင်း ဖြစ်ကြသည်။ ထို့ကြောင့် အရှေ့အရပ်တွင် ပြောင်းရွှေ့နေထိုင်ပါတော့မည်” ဟူ၍ ဖြေကြား၏။

ထိုအခါ ငုံးက..

“အဆွေ၊ သင်၏ဆိုးရွားလှသော အသံကိုသာ သာယာသောအသံအဖြစ်သို့ ရောက်ရှိလာရန် ပြုပြင်နိုင်က ပြုပြင်ပါ။ သို့မဟုတ်က သင်သည် အရှေ့အရပ်တွင်သာမက မည်သည့်အရပ်သို့ပင် သွားရောက်နေထိုင်စေကာမူ ထိုအရပ်ရှိလူတို့သည် သင်၏အသံကို ရွံမုန်းကြမည်မှာ မုချပင်ဖြစ်ပါသည်” ဟူ၍ ပြောဆိုလိုက်လေသတည်း။

(တရုတ်ပုံပြင်)

**ဆရာကြီးမင်းယုဝေ၏ လက်ရွေးစင်ပုံပြင်ပေါင်းချုပ် စာအုပ်မှပုံပြင်ကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

ဆရာကြီးသန်းကြွယ်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။





လူမှု
၁၀

# လူငယ်များနှင့် အချိန်စီမံခန့်ခွဲမှု

— — — မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) — — —

မိမိထံတွင်ရှိသောအချိန်မှ အကျိုးအမြတ်အများဆုံးရရှိအောင် စနစ်တကျ စီစဉ်ဆောင်ရွက်မှုသည် အချိန်စီမံခန့်ခွဲမှုပင်ဖြစ်သည်။ လူငယ်များအနေဖြင့် အချိန်စီမံခန့်ခွဲမှုသဘောတရားများ၏ အရေးပါမှုကို သိရှိထားရန်လိုသည်။ အာရုံစိုက်မှုစွမ်းရည်နှင့် ယှဉ်ပြိုင်မှုစွမ်းရည်ထက်မြက်ရန် တစ်ခုတည်းသောနည်းလမ်းမှာ အချိန်စီမံခန့်ခွဲမှုနည်းစနစ်များကို လိုက်နာအသုံးပြုရန် ဖြစ်သည်။

လူငယ်များအနေဖြင့် အချိန်စီမံခန့်ခွဲမှု၏ အကျိုးကျေးဇူးများကို သိရှိထားရန်လိုသည်။ ယင်းတို့မှာ....

(၁) သင့်ကို စနစ်တကျ ဆောင်ရွက်နိုင်အောင် ပံ့ပိုးကူညီပေးသည်။
(၂) နေ့လွဲ ညလွဲ ပြုမှုကို ချေဖျက်ပေးသည်။
(၃) သင်၏စွမ်းရည် အပြည့်အဝကို သဘောပေါက်ရန် အထောက်အကူပြုသည်။
(၄) စိတ်ခတ်ကျမှုကို ချေဖျက်ပေးသည်။
(၅) ပူပင်ကြောင့်ကြမှုကို လျော့ပါးစေသည်။
(၆) အချိန်တိကျမှုကို အလေးထားလာစေသည်။
(၇) သင်၏ရည်မှန်းချက်များကို ရရှိအောင်မြင်ရန် ပံ့ပိုးကူညီပေးသည်။
(၈) တိုတောင်းသောအချိန်တွင် ဖြစ်နိုင်သည်ကို ပြီးပြတ်အောင် စွမ်းဆောင်စေသည်။
(၉) သင့်ကို စိတ်လက်ဖြေလျော့အောင် ကူညီသည်။
(၁၀) သင့်ကံကြမ္မာကို သင်စီရင်ချမှတ်ရန် အထောက်အကူပြုသည်။

လူငယ်များအနေဖြင့် အောင်မြင်သော အချိန်စီမံခန့်ခွဲမှုကိုကျင့်သုံးရန် ၎င်းတို့၏ လက်ရှိနေ့စဉ်အချိန်ဇယားကို ပြုပြင်မွမ်းမံရန် အရေးကြီးသည်။ သို့ဖြစ်ရာ စနစ်ကျသောအချိန်စီမံခန့်ခွဲမှုဖြင့် မိမိတို့ဘဝတိုးတက်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

လူငယ်များအနေဖြင့် မလိုအပ်သော တယ်လီဖုန်းဆက်သွယ်မှု၊ စာပေးစာယူဆက်သွယ်မှုနှင့်ပတ်သက်၍ အချိန်ကုန်မှုကို လျှော့ချရန်အရေးကြီးသည်။ မလိုအပ်သော ဖုန်းဆက်သွယ်မှုများကြုံလျှင် စကားတိုတို ဖြတ်ပစ်နိုင်မည့် နည်းလမ်းဖြင့် ယဉ်ကျေးစွာ ဆက်ဆံပြောဆိုသင့်သည်။ အရေးကြီးသော ဖုန်းလက်ခံပြောဆိုရာတွင် မိမိသိလိုသော အချက်အလက်များကိုမေးမြန်း၍ မှတ်သားထားပါ။ အသေးအမွှားကိစ္စများ သို့မဟုတ် အကျိုးမဲ့စကားများ ပြောဆိုခြင်းဖြင့် သင့်အချိန်ကို မဖြုန်းသင့်ချေ။

မိမိနှစ်သက်ရာအကြောင်းအရာများ၊ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် စာအုပ်များ ဖတ်ရှုရန်အချိန်သတ်မှတ်ထားသင့်သည်။ နေ့စဉ်အချိန်အနည်းငယ် (ဆယ်မိနစ် သို့မဟုတ် ဆယ်မိနစ်ကျော်) ယူ၍ စိတ်ခတ်ဖြေလျှော့ထားပါ။ ဤသည်က သင့်ကို ပြန်လည်လန်းဆန်းစေမည်ဖြစ်သောကြောင့် အချိန်ဖြုန်းတီးခြင်းဖြစ်မည် မဟုတ်ချေ။ သတင်းအဖျင်းပြောဆိုခြင်းသည် အချိန်ဖြုန်းတီးမှုသက်သက်သာ ဖြစ်သည်။

လူငယ်များအနေဖြင့် တစ်ဦးတစ်ယောက်ကို သွားရောက်တွေ့ဆုံမှုမပြုခင် ကြိုတင်ချိန်းဆိုမှုပြုလုပ်သင့်သည်။ ထို့အတူ သင့်ကိုတွေ့ရန် ကြိုတင်ချိန်းဆိုမှုများကိုလည်း လက်ခံတွေ့ဆုံ၍ အချိန်ပေးသင့်သည်။ မိမိတို့၏ နေ့စဉ်မှတ်တမ်းတွင် နေ့စဉ်ဆောင်ရွက်မှုများကို ရေးချသည့်အကျင့်ကို မွေးမြူပါ။ လူငယ်များသည် မိသားစုနှင့် တစ်နေ့တာအကြောင်း ပြောဆိုရန် အချိန်ပေးသင့်သည်။ မိမိတို့၏အိပ်ချိန်ကို အချိန်မှန်မှန် အိပ်ရာဝင်သည့်အကျင့်ဖြင့် ပြုမူဆောင်ရွက်နိုင်သည်။ လူငယ်များ၏ ပန်းတိုင်တွင် အချိန်စီမံခန့်ခွဲမှုသည် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်သည်။

လူငယ်များအနေဖြင့် မိမိတို့၏ နေ့စဉ်ဦးစားပေးမှုများကို စနစ်တကျသတ်မှတ်ခြင်းဖြင့် သီတင်းတစ်ပတ် အစီအစဉ်ကို ချမှတ်နိုင်သည်။ ညစဉ်အိပ်ရာမဝင်ခင် မိမိတို့ နောက်တစ်နေ့ ပြုလုပ်ရမည့် အလုပ်များ၊ ကျောင်းသင်ခန်းစာများကို ချရေးထားပါ။ ဤအတွက် အချိန် ငါးမိနစ်ခန့်သာ ကြာမည်ဖြစ်ပြီး အိပ်ပျော်နေချိန်တွင် သင့်မသိစိတ်က တွေးတောစဉ်းစားစုစည်းရန် အထောက်အကူဖြစ်စေသည်။ ဤသို့ပြုလုပ်ရန်ကိစ္စများစာရင်း (Things to do list ) ကို ပြင်ဆင်ထားခြင်းဖြင့် မိမိ၏အချိန်ကို ကောင်းစွာစီမံခန့်ခွဲနိုင်မည် ဖြစ်သည်။ မိမိတို့၏ အပတ်စဉ် အစီအစဉ်အတွက် ယင်းကို လမ်းညွှန်အဖြစ် အသုံးပြုနိုင်သည်။

လူငယ်များသည် မိမိတို့ရေးမှတ်ထားသော နေ့စဉ်လုပ်ဆောင်ရန် အလုပ်များပြီးမြောက်မှု ရှိ၊ မရှိ ဆန်းစစ်သုံးသပ်သင့်သည်။ ဤသို့ဖြင့် မိမိတို့၏စွမ်းရည်ကို သိရှိနိုင်မည်။ ဤသည်က လူငယ်များ၏ မသိစိတ်တွေးခေါ်စွမ်းကို အားဖြည့်ပေးပြီး ခိုင်မာသော အချိန်စီမံခန့်ခွဲမှုသဘောတရားများကို လိုက်နာရန် မိမိတို့၏သန္နိဋ္ဌာန်ကို ခိုင်မာစေနိုင်သည်။ သို့ဖြစ်ရာ အချိန်စီမံမှု၏ အကျိုးကျေးဇူးများကို သိရှိကျင့်သုံးခြင်းဖြင့် လူငယ်များသည် ဘဝအောင်မြင်ရေးကို တိုးတက်အောင်လုပ်ဆောင်လာနိုင်မည် ဖြစ်သည်။ ။

[Ref: Time Management by MS Reddy]



(ဆက်လက်ဖော်ပြပါမည်)

ကဗျာ

## မိုးအားကြီး၍

မိုးအားကြီး၍
ခိုင်ဖြိုးသန်သန်၊ စပါးနှံလည်း
ရိုးတံကွေးညွတ်၊ မြေသို့ဝပ်တည့်။
မိုးအားကြီး၍
ရေစီးထန်ထန်၊ ချောင်းမြောင်းလျှံလျက်
မြေယံအလုံး၊ ရေယဉ်ဖုံးတည့်။
ခမောက်ဆောင်းလျက်
ရေမြောင်းထုတ်ဖောက်၊ ကန်သင်းလျှောက်ဝယ်
လွဲပေါက်ပြုပြင်၊ လယ်တဲရှင်တည့်။
မိုးမင်းစဲသော်
လယ်တဲတစ်ခွင်၊ ရေကုန်စင်၍
ကောက်ပင်ညွတ်အိ၊ ပြန်မတ်ဘိသည်
မိုးထိမျှော်၍ မှန်းသတည်း။
ယနေ့ပွင့်သည့်
ရွှန်းတင့်ရောင်စို၊ နှင်းဆီပျိုမှူ
မိုးကိုမျှော်ငံ့၊ လည်တံဆန့်စဉ်
မတန့်ထစ်ကြိုး၊ ရွာသည့်မိုးကြောင့်
ငိုက်ညိုးလျော့ခွေ၊ ချပ်လွှာကြွေ၍
ထွန်းနေရှိန်တောက်၊ တိမ်ကိုဖောက်၍
မိုးပေါက်အား၊ အရှိန်လျော့လည်း
ရွှန်းကြော့ကိုယ်နေ၊ မစိုပြည်သည်
ရေယဉ်မျော၍ ပါလေသတည်း။

ဇွဲတာရီ

ဆရာမ ဇွဲတာရီ၏ ဇွဲတာရီကဗျာပေါင်းချုပ်မှ ကဗျာကို စာရေးသူမိသားစု၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။

# မြန်မာ့အမွေ၊ ကမ္ဘာ့အမွေ ထိန်းသိမ်းရမယ့် အင်းလေးကန်ဇီဝအဝန်းနယ်မြေ

ကောင်းထက်

လှေကို ခြေနှင့်လှော်သောကြောင့်၊ ခရီးကို လှေဖြင့်သွားသောကြောင့်၊ အိမ်ကို ရေတွင် ဆောက်သောကြောင့် ပြည်တွင်းပြည်ပခရီးသွားများ၏ စိတ်ဝင်တစား လည်ပတ်သောနေရာတစ်ခုအဖြစ် အင်းလေးကန်သည် ထင်ရှား၏။ ထိုသို့ ကန်နှင့်အတူ ရှင်သန်နေထိုင်သော အင်းသူအင်းသားတို့၏ လူမှုဘဝနှင့် ရိုးရာဓလေ့များသာမက ဇီဝမျိုးစုံမျိုးကွဲများစွာကိုပါ အင်းလေးကန်ဝန်းကျင်ဒေသတွင် လေ့လာနိုင်သည်။

**ဒုတိယအကြီးဆုံး သဘာဝရေချိုကန်**

ရှမ်းကုန်းပြင်မြင့်ရှိ တောင်မြောက်သွယ်တန်းနေသော တောင်တန်းနှစ်ခုကြားရှိ လွင်ပြင်ချိုင့်ဝှမ်းနေရာတွင် အင်းလေးကန်သည် တည်ရှိနေသည်။ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်းမြင့်ပိုင်း သဘာဝရေချိုကန်ဖြစ်သည်။ အင်းလေးကန် ဝန်းကျင်တွင် သစ်တောဂေဟစနစ်၊ ရေဝေရေလဲဒေသနှင့် သဘာဝနယ်မြေအတွင်း သဘာဝရေထွက်စမ်းများနှင့် ရေပူရေထွက်စမ်းများကို တွေ့ရှိနိုင်ပြီး ထိုဂေဟစနစ်ကို တည်မှီနေသည့် ကုန်းနေ၊ ရေနေ သားငှက်တိရစ္ဆာန် မျိုးစိတ်များစွာ တည်ရှိနေသည်။

ဝန်းကျင်ဂေဟစနစ်စုံလင်ပြီး ဇီဝမျိုးစုံမျိုးကွဲများစွာတည်ရှိနေသည့်အတွက် နိုင်ငံ၏ သဘာဝအမွေအနှစ်တစ်ခုအဖြစ် ရေရှည်ထိန်းသိမ်းသွားနိုင်ရန် အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောအဖြစ်သတ်မှတ်၍ သစ်တောဦးစီးဌာနသည် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အုပ်ချုပ်ရေးမှူးရုံးကို ဖွင့်လှစ်ကာ ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနယ်မြေကို အင်းလေးကန်၊ စံကားအင်းနှင့် မိုးဖြဲဆည် ရေဝပ်ဒေသကြီး သုံးခုဖြင့် ဖွဲ့စည်းထားသည်။ အင်းလေးကန်ဘေးမဲ့တော နယ်မြေအတွင်းရှိ ရေဝပ်ဒေသဂေဟစနစ်ကို ထိန်းသိမ်းရန်၊ အင်းလေးကန်၏ ထူးခြားသော ဘူမိအသွင်အပြင်နှင့် ကုန်းမြင့်ရေကန်၏ သဘာဝအလှအပများကို ထိန်းသိမ်းကာကွယ်ရန်၊ ရေပျော်ငှက်များနှင့် ရေတိမ်ဒေသနေ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်ကျက်စားမျိုးပွားရာများကို ထိန်းသိမ်းရန်၊ လောပိတရေအားလျှပ်စစ်စက်ရုံအတွက် ရေအရင်းအမြစ်များ ထောက်ပံ့နိုင်ရန်၊ ပြည်သူများ အပန်းဖြေအနားယူနိုင်ရန်နှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို တည်ထောင်ထားခြင်းဖြစ်သည်။ ဘေးမဲ့တော၏ နယ်မြေအကျယ်အဝန်းမှာ ၂၀၆ ဒသမ ၀၇ စတုရန်းမိုင်ဖြစ်သည်။



ဘက်ထရီရှော့တိုက်ငါးဖမ်းမှုမရှိစေရေး စစ်ဆေးခြင်း

**သဘာဝအမွေအနှစ်ဒေသတစ်ခု**

သဘာဝအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် အင်းလေးကန်ကို အာဆီယံအမွေအနှစ်ဥယျာဉ်များထဲမှ တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခြင်းခံရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီက ၂၀၁၅ ခုနှစ်တွင် အတည်ပြုသတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာ လမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းခံရသည့် သဘာဝအမွေအနှစ်ဒေသတစ်ခု ဖြစ်လာသည်။

ထိုကဲ့သို့ နိုင်ငံအတွက်သာမက ကမ္ဘာ့အတွက်ပါ ထိန်းသိမ်းသင့်သည့် ဝန်းကျင်ဒေသတစ်ခုဖြစ်သည့်အတွက် သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနသည် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော သဘာဝနယ်မြေအတွင်း "တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း စီမံကိန်း(၂၀၁၉-၂၀၂၀ မှ ၂၀၂၈-၂၀၂၉ အထိ) ၁၀ နှစ်စီမံချက်၊ အင်းလေးကန် ရေဝေရေလဲဒေသ ထိန်းသိမ်းရေး ၁၀ နှစ်စီမံကိန်း (၂၀၂၀-၂၀၂၁ မှ ၂၀၃၀-၂၀၃၁ အထိ)တို့ကို ရေးဆွဲကာ ထိန်းသိမ်းရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**"သဘာဝအရင်းအမြစ်များစွာ တည်ရှိနေသည့်အတွက် အင်းလေးကန်ကို အာဆီယံအမွေအနှစ်ဥယျာဉ်များထဲမှ တစ်ခုအဖြစ် ၂၀၀၃ ခုနှစ်တွင် သတ်မှတ်ခြင်းခံရသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးသော ဇီဝအဝန်းနယ်မြေအဖြစ် ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ (UNESCO)၏ လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကော်မတီက ၂၀၁၅ ခုနှစ်တွင် အတည်ပြုသတ်မှတ်ခဲ့သည်။ ထို့အတူ ၂၀၁၈ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသအဖြစ်၊ ၂၀၂၀ ပြည့်နှစ်တွင် အရှေ့အာရှ-သြစတြေးလျ ငှက်ပျံသန်းရာလမ်းကြောင်းအဖြစ် သတ်မှတ်ခြင်းခံရသည့် သဘာဝအမွေအနှစ်ဒေသတစ်ခုဖြစ်လာ"**

**လူထုပညာပေးပြခန်း**

"ကျွန်တော်တို့ ဌာနအနေနဲ့ အင်းလေးကန်အတွင်းမှာ ငှက်ကြည့်စင်စခန်း၊ ထိန်းသိမ်းရေးကင်းစခန်းနဲ့ အင်းလေးကန်ဇီဝအဝန်းနယ်မြေ လူထုပညာပေးပြခန်းကို ညောင်ရွှေမြို့အဝင်ရှိ ရွှေရန်ပြေမှာနဲ့ နန်းသဲကင်းစခန်းကို နန့်လတ်ချောင်းနံဘေးရှိ နန့်သဲကျေးရွာမှာထားရှိပြီး တော့ ပညာပေးလုပ်ငန်းတွေနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဆောင်ရွက်နေတယ်"ဟု သစ်တောဦးစီးဌာန သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာန အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ပြောသည်။

အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောမှ သစ်တောဦးစီးဌာန ဝန်ထမ်းများသည် ကန်အတွင်းနှင့် ဆက်စပ်ဧရိယာများတွင် တရားမဝင်လုပ်ငန်းများ လျော့နည်းပပျောက်စေရန်နှင့် တိရစ္ဆာန်များ ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းမရှိစေရန်၊ သတ်မှတ်ထားသည့် စည်းကမ်းများအား လိုက်နာစေရန် ကင်းလှည့်ထိန်းသိမ်းခြင်း၊ ပတ်ဝန်းကျင်ကျေးရွာရှိ ကျောင်းများနှင့် ဒေသခံပြည်သူများအား ထိန်းသိမ်းရေးနှင့် ကင်းလှည့်ထိန်းသိမ်းရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်လာစေရန် ပညာပေးဟောပြောခြင်း၊ ဘေးမဲ့တောအတွင်း မျိုးစိတ်များတိုးပွားမှု၊ လျော့နည်းမှုနှင့် ပျံ့နှံ့ကျက်စားမှု စောင့်ကြည့်လေ့လာခြင်း စသည့်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ကန်ပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော အပင်စာရင်းကောက်ယူခြင်း၊ ငါးမျိုးစိတ်စာရင်းကောက်ယူခြင်း၊ ရေအတိမ်အနက်နှင့် အရည်အသွေးတိုင်းတာခြင်း စသည့်တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသပြန်လည်တည်ထောင်ခြင်း လုပ်ငန်းများကို နှစ်အလိုက် လုပ်ငန်းလျာထားချက်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၂၃ သို့ ○



ခရုတုတ်ငှက်



ရေဒေါင်းငှက်



ငှက်ကြား



ကြိုးကြာ

❍ စာမျက်နှာ ၂၂ မှ

စဉ်ဆက်မပြတ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အင်းလေးကန် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ရေမဲ(မိုးမခ)၊ သပြေ၊ ရေထိမ်၊ ညောင်၊ ခံတက်၊ ပေါက်၊ ကသစ်၊ စစ်၊ ရေသင်းဝင်၊ လက်ပံ၊ ဒီးဒူး၊ မအူ၊ ဘိုင်၊ ကတွတ်၊ သဖန်း၊ သဘာလဲ စသည့်သစ်မျိုး ၁၀၈ မျိုး၊ ဝါးမျိုး ၁၁ မျိုး၊ ဆေးဖက်ဝင်အပင် ၅၂၇ မျိုး၊ ရေမှော် ၁၂ မျိုးနှင့် သစ်ခွမျိုးစိတ် ၁၈၄ မျိုးကို ရှင်သန်ပေါက်ရောက်လျက်ရှိကြောင်း သစ်တောဦးစီးဌာန၏ သုတေသနပြုစာရင်းများအရ သိရသည်။

"အင်းလေးကန်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်း နို့တိုက်သတ္တဝါမျိုးစိတ် ၂၆ မျိုး၊ သစ်တောငှက် ၂၆၅ မျိုး၊ ရေပျော်ငှက် ၉၅ မျိုး၊ ကုန်းနေရေနေမျိုးစိတ် ၂၆ မျိုး၊ လိပ်ပြာမျိုးစိတ် ၉၄ မျိုး၊ ခရုမျိုးစိတ် ၁၂ မျိုး၊ ငါးမျိုးစိတ် ၆၀ နှင့် လိပ်မျိုးစိတ် သုံးမျိုးကို သုတေသနပြု မှတ်တမ်းတင်နိုင်ခဲ့ပါတယ်"ဟု အုပ်ချုပ်ရေးမှူးက ပြောသည်။

**သစ်တောနှင့် ရေဝပ်ဒေသများ**

သစ်တောဦးစီးဌာနအနေဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အင်းလေးကန်နှင့် ဆက်စပ်ရေဝပ်ဒေသများ၊ ၎င်းတို့အတွင်းရှိ ဇီဝမျိုးစုံမျိုးကွဲများ၊ ရေဝပ်ဒေသဂေဟစနစ်များ ရေရှည်တည်တံ့စေရေး ထိန်းသိမ်းရန်၊ အင်းလေးကန်၏ ရေဝေရေလဲဒေသများရှိ ရှင်သန်ကျက်စားသော ဇီဝမျိုးစုံမျိုးကွဲများနှင့် သစ်တောဂေဟစနစ်များကို ထိန်းသိမ်းရန်၊ သစ်တောနှင့် ရေဝပ်ဒေသများကို ထိန်းသိမ်းခြင်း၊ အကျိုးရှိစွာ အသုံးပြုခြင်းနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးလာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိသည်။

"ကျွန်တော်တို့ဌာနအနေနဲ့ ထိန်းသိမ်းရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အခါ လူသားနဲ့ ဇီဝအဝန်းနယ်ဆိုတာကို အခြေပြုဆောင်ရွက်ရတယ်။ အင်းလေးဒေသမှာ ထိန်းသိမ်းရမယ့် ရိုးရာဓလေ့နဲ့ သဘာဝအခြေခံခရီးသွားလုပ်ငန်းရှိတဲ့ ဇီဝအဝန်းနယ်မြေဖြစ်တယ်။ ဒါကြောင့် ရိုးရာဓလေ့ တည်ရှိနေဖို့၊ ဒေသခံတွေအတွက် သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးဖို့ လုပ်ဆောင်တာတွေကို ဇီဝဝန်းကျင်ထိန်းသိမ်းရေးနဲ့ ချိန်ညှိဆောင်ရွက်ရတယ်။ ဒီလိုဆက်စပ်တည်ရှိနေတာကို ဒေသခံတွေ နားလည်ပြီး ထိန်းသိမ်းရေးလုပ်ငန်းမှာ ပါဝင်ဖို့ ကြိုးပမ်းဖော်ဆောင်ရပါတယ်"ဟု အင်းလေးကန် ဘေးမဲ့တောအုပ်ချုပ်ရေးမှူးက ဆိုသည်။

**ဒေသခံများ၏ လူနေမှုဘဝများ**

ကျေးရွာလူမှုရေး အသင်းအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ရန်၊ ရေလုပ်သားအဖွဲ့က အင်းလေးကန် ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ရန်၊ ပြည်တွင်း ပြည်ပဧည့်သည်များ သဘာဝဂေဟစနစ်များအား လေ့လာ၍ အပန်းဖြေအနားယူနိုင်ရန်၊ ဒေသခံများ၏ လူနေမှုဘဝများကို လေ့လာနိုင်ရန် အတွက်ပါ သစ်တောဦးစီးဌာနအနေဖြင့် ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။

"မြစ်ချောင်းအင်းအိုင်နဲ့ ရေဝေရေလဲဒေသဆိုတာ ဆက်စပ်နေတယ်။ အင်းလေးကန် ဂေဟစနစ် ထိန်းသိမ်းနိုင်ဖို့အတွက် ရေဝေရေလဲဒေသကို ထိန်းသိမ်းကာကွယ်ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဌာနအနေနဲ့ အင်းလေးကန်ရေဝေရေလဲဒေသ ထိန်းသိမ်းရေးစီမံကိန်းကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေပါတယ်" ဟု တောင်ကြီးခရိုင်သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ကျော်ဦးက ပြောသည်။

**စီမံကိန်းဧရိယာဇုန် လေးခု**

သစ်တောဦးစီးဌာနအနေဖြင့် အင်းလေးကန်ရေဝေရေလဲထိန်းသိမ်းရေးစီမံကိန်းကို ၂၀၂၀ ပြည့်နှစ်မှစတင်ကာ ၁၀ နှစ်ကာလသတ်မှတ်၍ စီမံကိန်းဧရိယာဇုန် လေးခု သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။ ညောင်ရွှေမြို့နယ်ကို ဇုန် (၁)အဖြစ်လည်းကောင်း၊ ကလောမြို့နယ်၊ ပင်လောင်းမြို့နယ်နှင့် ဖယ်ခုံမြို့နယ်တို့ကို ဇုန်(၂)အဖြစ်လည်းကောင်း၊ ရွာငံမြို့နယ်၊ ပင်းတယမြို့နယ်နှင့် ရပ်စောက်မြို့နယ်တို့ကို ဇုန်(၃) အဖြစ်လည်းကောင်း၊ တောင်ကြီးမြို့နယ်၊ ဟိုပုံးမြို့နယ်နှင့် ဆီဆိုင်မြို့နယ်တို့ကို ဇုန်(၄) အဖြစ်လည်းကောင်း သတ်မှတ်ထားသည်။

အင်းလေးကန်ရေဝေရေလဲဒေသများ ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ရေဝေရေလဲဂေဟစနစ်များ ရေရှည်တည်တံ့စေခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ရေနှင့်မြေဆီလွှာကာကွယ်ထိန်းသိမ်းခြင်း၊ တိုးချဲ့ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ သားငှက်တိရစ္ဆာန်များကာကွယ်ထိန်းသိမ်းခြင်း၊ သုတေသနပြုလုပ်ခြင်း စသည့် အဓိကလုပ်ငန်းကြီး ခြောက်မျိုးကို လုပ်ဆောင်နေသည်။

ထို့အတူ အင်းလေးကန် ပတ်ဝန်းကျင်ရှိ ဒေသခံများအား စနစ်ကျသော အမှိုက်စွန့်ပစ်မှု၊ အညစ်အကြေးစွန့်ပစ်မှုစနစ် (မိလ္လာစနစ်)များ ဖြစ်လာရေး၊ သဘာဝအခြေခံခရီးသွားလုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်နိုင်ရေး၊ အင်းလေးကန် သဘာဝလယ်ယာသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်းများ ဖွံ့ဖြိုးလာစေရေး၊ ရေလုပ်သားများအတွက် စဉ်ဆက်မပြတ် ငါးသယံဇာတများ ထုတ်ယူသုံးစွဲနိုင်ရေးစသည့် လုပ်ငန်းများကို ဆက်စပ်ဌာနများနှင့် သစ်တောဦးစီးဌာန ပူးပေါင်း၍ ဒေသခံများနှင့်အတူ အကောင်အထည်ဖော်လျက်ရှိသည်။

**ဇီဝဝန်းကျင်ဆိုင်ရာအမွေအနှစ်**

အင်းလေးကန်သည် နိုင်ငံအတွက်သာမက ကမ္ဘာအတွက်ပါ ထိန်းသိမ်းသင့်သည့် ဇီဝဝန်းကျင်ဆိုင်ရာ အမွေအနှစ်အဖြစ်ပါ တည်ရှိနေသည့်အတွက် သစ်တောဦးစီးဌာနအနေဖြင့် ဘေးမဲ့တောထိန်းသိမ်းရေးလုပ်ငန်းများကို တစ်ဖက်မှ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်မှလည်း ဒေသခံများအနေဖြင့် ဂေဟစနစ်ကိုမှီတည်ပြီး အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများကို ရေရှည်အကျိုးရှိစွာ အသုံးပြုတတ်စေရန်နှင့် ထိန်းသိမ်းရေးအသိပညာ မြင့်မားလာစေရန်တို့ကို ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ သို့ဖြစ်၍ မြန်မာ့အမွေ၊ ကမ္ဘာ့အမွေအဖြစ် တည်ရှိနေသည့် အင်းလေးကန်ဝန်းကျင်ဒေသ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းရေးအသိပညာများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း တင်ပြရေးသားလိုက်ရပါသည်။ ။

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် မြန်မာနိုင်ငံသား ၃၆၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဇွန် ၁၂

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ပြန်လည်ကြိုဆိုလက်ခံခြင်းကို ၂၀၂၁ ခုနှစ် ဩဂုတ် ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် ၃၆၆ ဦး ဆက်လက်ဝင်ရောက်ခဲ့သည်။



ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြိုဆိုအားပေးကြပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါဆိုင်ရာများ အသိပညာပေးခြင်း၊ ပြန်လည်ဝင်ရောက်လာသူများ၏ ကိုယ်ရေးအချက်အလက်များ ကောက်ယူခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထိုင်းနိုင်ငံမှ ပြန်လာသူများတွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးမှ နေရပ်ပြန်များအား မော်လမြိုင်မြို့ရှိ ဆယ်မြို့နယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းသို့ ပို့ဆောင်ပေးပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နေရပ်ပြန်များအား မြဝတီမြို့ရှိ ကုန်သွယ်ရေးဇုန်နှင့် မဲကနယ် အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် ၁၀ ရက်ထားရှိကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးပြီးမှ သက်ဆိုင်ရာမြို့နယ်များသို့ ပို့ဆောင်ပေးခြင်းဖြစ်သည်။

ယင်းနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ အမျိုးသား ၂၀၈ ဦး၊ အမျိုးသမီး ၁၅၈ ဦး စုစုပေါင်း ၃၆၆ ဦးရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# မိုင်းယောင်းမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးရန် ပျိုးပင် ၁၃၀၀၀ ပျိုးထောင်ထား

မိုင်းယောင်း ဇွန် ၁၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ၂၀၂၂ ခုနှစ် မိုးရာသီကာလ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများ အခမဲ့ရယူစိုက်ပျိုးနိုင်ရန်ရည်ရွယ်၍ မြို့နယ်သစ်တောဦးစီးဌာနက ပျိုးပင် ၁၃၀၀၀ ပျိုးထောင်ထားကြောင်း သိရသည်။

၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးရန်အတွက် ကျွန်း၊ မန်ကျည်းရှား၊ ခရေ၊ မဟော်ဂနီနှင့် ငုရွှေဝါ စုစုပေါင်း ပျိုးပင် ၁၃၀၀၀ ကို သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ပျိုးထောင်ထားကြောင်း သိရသည်။

အဆိုပါပျိုးပင်များကို တပ်ရင်းတပ်ဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ အဖွဲ့အစည်းများသို့ ပျိုးပင် ၆၀၀၀ ကျော် အခမဲ့ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၁၀-၆-၂၀၂၂ ရက်နေ့မှအဆက်

အမှန်ပြောရလျှင်တော့ မျိုးထွန်းသိန်းသည် ယင်းသဘောရှိသည့်အပြုံးမျိုးကို ထိတ်လန့်ကြောက်ရွံ့တတ်မြဲဖြစ်သည်။ သည်အပြုံးမျိုးရှိသူသည် ရက်စက်တတ်သောသဘော၊ ပြတ်သားတတ်သောသဘော၊ တစ်ခါတစ်ရံ အလွန်အမင်း မျိုသိပ်ချုပ်တည်းနိုင်သော သဘောရှိတတ်သည်ကို အမှတ်ရသည်။ လောကကိုလည်း ဆန့်ကျင်ဘက်မြင်တတ်သေးသည်။ အလွယ်တကူ ဖြားယောင်း၍မရတတ်ဘဲ အရာရာကို နားလည်နိုင်စွမ်းရှိကာ တကယ်တမ်း ခွင့်လွှတ်နိုင်စွမ်းရှိသော အရည်အချင်းမျိုးကိုလည်း ပိုင်ဆိုင်တတ်သေးသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ တစ်စုံတစ်ရာဖြင့် လျှို့ဝှက်နက်နဲနေသော မျက်ဝန်း၊ အေးစက်စက်နှင့် ခြောက်ခြောက်သွေ့သွေ့နိုင်သော အပြုံးမျိုးကို တစ်နေရာရာ၊ တစ်ယောက်ယောက်ထံ၌ မြင်တွေ့ရဖူးသည်ဟု မျိုးထွန်းသိန်း၏စိတ်မှာ မှတ်မိလာသလိုရှိသည်။ သည်အပြုံး၊ သည်မျက်ဝန်းမျိုးရှိသူနှင့် ကြုံဆုံခဲ့ဖူးသည်ကို မှတ်မှတ်ရရရှိလာမိသည်။

ဖျတ်ခနဲဆိုသလိုပင် သူ့စိတ်အတွေးသို့ အဲလစ်သည် ရောက်ရှိလာလေသည်။

အဲလစ်။

သည်အမည်ကို အသံမထွက်စေဘဲ ရင်ထဲမှခေါ်လိုက်သည်။

မှန်သည်။

အဲလစ်တွင် သည်သို့ပင် လျှို့ဝှက်နက်ရှိုင်းသော မျက်ဝန်းမျိုး။ ပိရိသိပ်သည်းသော အပြုံးမျိုးရှိခဲ့သည်။ ရံခါတွင် ထိုအမျိုးသမီးသည်လည်း မျက်လုံးကလေးများကပါ လိုက်၍မပြုံးသော အပြုံးမျိုးကို ပြုံးတတ်မြဲ။

သြော်၊ အဲလစ်နှင့်ပတ်သက်၍ သည်ရက်များအတွင်း မှတ်မှတ်ရရ ရှိလွန်းလှပါကလား။ နှစ်အတန်ကြာမျှ ငြိမ်သက်နေခဲ့သောရင်တို့ ခုန်ရလွန်းပါကလား။

အဲလစ်ကို နန်းကိန္နရီနှင့် ယေဘုယျတူသည်ဟု မှတ်ယူသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၌ အဲလစ်ကဲ့သို့သောအပြုံးမျိုး ရှိနေပြန်သည်။ နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏ သမီး၊ သည်တော့လည်း ယင်းအမျိုးသမီးသုံးယောက်တို့မှာ တစ်ယောက်နှင့်တစ်ယောက် အဆက်အစပ်များ ရှိနေကြလေသလား။ သူတို့၏နောက်ကွယ်ဝယ် ဆန်းကြယ်သော လျှို့ဝှက်မှုများ ရှိနေလေသလား။ မျိုးထွန်းသိန်း မတွေးတတ်နိုင်ပါပြီ"

"နော် ကိုမျိုး"

အဲလစ်ကိုသတိရပြီး အတွေးလွန်နေခိုက်တွင် သူစကားဝိုင်းအပြင်သို့ ရောက်သွားရသည်။ နန်းကိန္နရီက သူ့အား အမေးတစ်ခု မေးခဲ့ဟန်တူသည်။ ထိုအမေးကို အစအဆုံး မကြားလိုက်။ "နော် ကိုမျိုး" ဆိုလေမှ အမေးခံရကြောင်း သိသည်။

သူသည် အမေးကို မဖြေတတ်နိုင်ဘဲ နန်းကိန္နရီ၏ မျက်နှာကို ကြည့်လိုက်မိသည်။

နန်းကိန္နရီ ရယ်လိုက်သည်။

"စကားပြောရင်းကနေ အတွေးတွေ တာဝတိံသာ ရောက်ပြီး တိမ်ညွန့်စားနေသလား ကိုမျိုး။ အရီ မေးနေတာ မကြားလိုက်ဘူးပေါ့လေ။ တစ်နေ့ကျရင် အရီတို့အိမ်မှာ တစ်ခုခုလုပ်စားကြရအောင် ကိုမျိုး လာရမယ်။ လာမယ်မဟုတ်လားလို့ မေးတာ"

"သြော်၊ သြော်"

သူသည် နန်းကိန္နရီနှင့် ရောနှောရယ်မောလိုက်သည်။

"ကိုမျိုးက တစ်ခါတလေကြောင်တယ် မေမေရဲ့။ သူက လူကောင်းတစ်ယောက်မဟုတ်ဘူး။ ဝေဒနာသည်။ သူ့မှာ အသည်းကွဲတဲ့ရောဂါရှိတယ်"

နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီးကိုပါ ရောနှောရယ်မောစေလိုသောသဘောဖြင့် စကားဆိုသည်။ ဒေါ်ရေနံ့သာခင်ခင်ကြီး၏ စူးစိုက်ကြည့်ခြင်းကို မျိုးထွန်းသိန်း ခံရသည်။

"ပြီးတော့လည်း မေမေရယ်။ သူက ရယ်စရာပြောသေးတယ်။ သူနဲ့ကွဲသွားတဲ့ သူ့အဆက်က အရီနဲ့တူသတဲ့လေ"

"ဟုတ်လား"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ မျက်ဝန်းများမှာ တောက်ပလာသလိုရှိသည်။ အကြည့်သည်လည်း အသက်ဝင်လာသလို ရှိသည်။ ရဲရဲစူးစူးပွင့်လာသည်။

မျိုးထွန်းသိန်းသည် နန်းကိန္နရီ၏စကားများကို သဘောမကျချင်လှ။ အဘယ်ကြောင့် သည်စကားကို စရပါလိမ့်၊ အဘယ်ကြောင့် သည်အကြောင်းကို ရယ်မောရွှင်ပျစရာစကားအဖြစ် ဆိုချင်ရပါလိမ့် စသည်ဖြင့် တွေးနေမိသည်။

"အဲဒီမိန်းကလေး ဘယ်ရောက်သွားသလဲဟင်"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ပထမဆုံးအကြိမ်အဖြစ် စိတ်ဝင်တစားမေးလာသော အမေး။

"အဲဒီမိန်းကလေးက ကိုမျိုးကို ပစ်သွားတာပေါ့။ ခြေရာလည်းပျောက် ရေလည်းနောက်ဆိုသလို ဖြစ်သွားတာပေါ့" နန်းကိန္နရီက မျိုးထွန်းသိန်းအစား ဝင်ဖြေသည်။

"ဒါကြောင့် ကိုမျိုး အသည်းကွဲနေရတာပေါ့ မေမေရဲ့"

နန်းကိန္နရီ ရယ်လိုက်သောအခါ သည်ကိစ္စကို ပေါ့ပေါ့ပါးပါး ဖြစ်စေလိုသောသဘောဖြင့် အရီကတော့ ဒီတစ်ခုနဲ့ စကားဝိုင်းတိုင်းမှာ ကိုယ့်ကို အနိုင်ယူနေတော့တာပဲ" ဆိုကာ ရယ်မောပစ်လိုက်ရသည်။

သည်သို့ဖြင့် မျိုးထွန်းသိန်းနှင့် ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ တွေ့ဆုံမိခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် အလေးတယူ ဂရုတစိုက် ရှိမိခဲ့ကြသည်။ ခင်မင်ရင်းနှီးခြင်းရှိခဲ့သည်ဟုဆိုချင်လည်း ဆိုနိုင်ပါသည်။

အကြောင်းမူ ထိုနေ့က စကားဝိုင်းမှာ တော်တော်နှင့် မပြတ်ခဲ့သောကြောင့်ဖြစ်သည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးသည် မျိုးထွန်းသိန်း၏ အကြောင်းကို အနည်းအကျဉ်းဆိုသလို စပ်စုခဲ့သည်။

"ကျွန်တော်က တစ်ဖက်မှာ သရုပ်ပြဆရာလုပ်ရင်း တစ်ဖက်က မဟာသိပ္ပံဖြေဖို့ ကြိုးစားနေပါတယ်။ ကျွန်တော့်ဘဝက ဖားတစ်ပိုင်း ငါးတစ်ပိုင်းဆိုတာလို ဆရာတစ်ပိုင်း တပည့်တစ်ပိုင်းဆိုပါတော့"

မျိုးထွန်းသိန်းသည်လည်း သူ့အကြောင်းကို တစ်စွန်းတစ်စ ပြောမိလျက်သားရှိသည်။

နန်းကိန္နရီက ဘွဲ့ရပြီးလျှင် နိုင်ငံခြားဘာသာ သင်တန်းတစ်ခုခုတက်ချင်ကြောင်း စကားစပ်ဆိုသည်။

"ဂျာမန်ဘာသာ သင်သင့်တယ်။ ပြင်သစ်လည်း ကောင်းပါတယ်။ ကျွန်တော်တော့ အချိန်ရရင် ဂျာမန်ဘာသာသင်မယ် စိတ်ကူးတယ်။ ဂျာမန်ဘာသာနဲ့ အဘိဓမ္မာတွေ ဖတ်ချင်တယ်။ ပြင်သစ်ဘာသာနဲ့ ရှေးအချစ်ဝတ္ထုတွေကို မူရင်းအတိုင်း ဖတ်ကြည့်ချင်မိတယ်။ ဂျပန်ဘာသာနဲ့ ဂျပန်ကဗျာကလေးတွေကို ဖတ်ရရင်လည်း သိပ်ပျော်စရာကောင်းမှာပဲ"

သည်အကြောင်း စကားစပ်မိကြလေလျှင် မျိုးထွန်းသိန်းမှာ ပြောစရာစကားများ ရလာသည်။ သူ့အတွေ့အကြုံအရ သည်ဘက်မှာ များစွာပြောနိုင်ဆိုနိုင်သည်။

သို့ဖြင့် သူ၏စကားများကို ဒေါ်ရေနံ့သာခင်ခင်ကြီးရော နန်းကိန္နရီပါ စိတ်ဝင်တစားရှိလာသည်။ ထိုနေ့က မျိုးထွန်းသိန်းသည် သူ တီးမိခေါက်မိသမျှ ဂျာမန်ဘာသာ၏ ဒဿနိကအချို့၊ ပြင်သစ်ဝတ္ထုအနည်းအကျဉ်းနှင့် ဂျပန်ကဗျာ တစ်ပုဒ်စ၊ နှစ်ပုဒ်စကို ရှင်းလင်းပြခဲ့မိသည်။

"လှပသိမ်မွေ့သော ဂျပန်ကဗျာတစ်ပုဒ်ကို ကြားရလေလျှင် ဒေါ်ရေနံ့သာခင်ခင်ကြီးက -

"တို့များတော့ ဂျပန်ဆိုတဲ့ အသံကြားရရင် ဖျားချင်သလို နားကြောကစိမ့်မိတာ အမှန်ပဲ။ သူတို့ရဲ့ကဗျာတွေ ဘာတွေဟာလည်း ဒီလောက် နုနယ်သိမ်မွေ့လိမ့်မယ် မထင်မိဘူး။ ဂျပန်ကို တို့များ နဖူးတွေ့ဒူးတွေ့ တွေ့ရတာက အာဋ္ဌာဝက ပုံစံ ဂျပန်မျိုးချည်းကိုး" ဆိုကာ ရယ်ရယ်မောမော နှင့်ပင် နာကြည်းဟန်ကို ပြသည်။

စကားဝိုင်းသိမ်းကာ ပြန်ရန် ပြင်ဆင်ကြသည်။

"အရီပြောသလို တို့များအိမ်ကို အလည်လာပါ မောင်မျိုးထွန်းသိန်း။ ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေပါ ဟုတ်လား"

ဒေါ်ရေနံ့သာခင်ခင်ကြီး၏ ဖိတ်ခေါ်စကားကို မျိုးထွန်းသိန်း ဝမ်းပန်းတသာကြားရသည်။

စားသောက်ဆိုင် လှေကားမှအဆင်းတွင် နန်းကိန္နရီသည် ဒေါ်ရေနံ့သာခင်ခင်ကြီး၏နောက်မှာ ချန်နေရစ်သည်။ မျိုးထွန်းသိန်းကိုလည်း ချန်နေရစ်စေသည်။

ပြီးမှ သူကပြောပါသည်။

"ကိုမျိုးက ဘယ်ဆိုးလို့တုံး။ မေမေတောင် ကိုမျိုးကို သဘောကျသွားပြီ။ ကိုမျိုးနဲ့စကားပြောရတာ ဗဟုသုတ ဟင်းလေးအိုးကြီးဆိုတဲ့ စာအုပ်ဖတ်ရသလိုပဲ။ သိပ်ပျော်စရာကောင်းတာပဲ"

မျိုးထွန်းသိန်းသည် နန်းကိန္နရီ ရွှတ်နောက်နေသလားအထင်နှင့် သူ၏မျက်နှာကို လှမ်းကြည့်မိသည်။ အတည်အကြည်ပြောနေကြောင်း တွေ့ရသည်။

"အရီကလည်း ဘယ်ဆိုးလို့တုံး၊ လူတစ်ဖက်သားကို မြှောက်တတ် ပင့်တတ်သားပဲ။ ပြီးတော့ ညာပြီး စကားတွေလည်း အများကြီးပြောခိုင်းတတ်သေးတယ်နော်"

နှစ်ယောက်သား ရယ်မိကြသည်။

ဒေါ်ရေနံ့သာခင်ခင်ကြီးတို့ မော်တော်ကားရပ်ထားရာသို့ သူလိုက်ပို့သည်။ အမျိုးသမီးနှစ်ယောက်က သူ့ကို နှုတ်ဆက်သွားကြသည်။ သူသည် ကားကလေးကို မျက်စိတစ်ဆုံးကြည့်ရင်း ကျန်ရစ်သည်။

တစ်ကိုယ်တည်း လမ်းလျှောက်လာရင်း စောစောက ကြည့်ခဲ့သော ရုပ်ရှင်ကားကို စားမြုံ့ပြန်မည်ဟု သူစဉ်းစားသည်။ သို့ပေမဲ့ ရုပ်ရှင်နှင့်ပတ်သက်သော အကြောင်းအရာတို့ သူ့စိတ်အတွေးသို့ ရောက်မလာ။

ဒေါ်ရေနံ့သာခင်ခင်ကြီး၊ နန်းကိန္နရီနှင့် အဲလစ်တို့သာ ရောက်လာကြသည်။

ယင်းအာရုံသည် သူ၏စိတ်အတွေးကို ညပေါင်းများစွာ ကြီးစိုးထားသည်။ သူ့အား အိပ်မပျော်နိုင်သော ညပေါင်းများစွာနှင့်လည်း ကြုံကြိုက်စေသေးသည်။ အိပ်မပျော်နိုင်သော ညများတွင် သည်အတွေးကိုသာ အထပ်ထပ်အခါခါ တွေးမိစေသေးသည်။ အတွေးဖြင့်လည်း အိမ်မပျော်နိုင်အောင် ရှိရပြန်သည်တည်း။

x x x x x

ဆက်လက်ဖော်ပြပါမည်။

> ❛ဒေါ်ရေနံ့သာခင်ခင်ကြီး၏ တစ်စုံတစ်ရာဖြင့် လျှို့ဝှက်နက်နဲနေသောမျက်ဝန်း၊ အေးစက်စက်နှင့်ခြောက်ခြောက်သွေ့သွေ့နိုင်သောအပြုံးမျိုးကို တစ်နေရာရာ၊ တစ်ယောက်ယောက်ထံ၌ မြင်တွေ့ရဖူးသည်ဟု မျိုးထွန်းသိန်း၏စိတ်မှာ မှတ်မိလာသလိုရှိသည်။
> ဖျတ်ခနဲဆိုသလိုပင် သူ့စိတ်အတွေးသို့ အဲလစ်ရောက်ရှိလာလေသည်။
> အဲလစ်တွင် သည်သို့ပင် လျှို့ဝှက်နက်ရှိုင်းသော မျက်ဝန်းမျိုး။
> ပိရိသိပ်သည်းသော အပြုံးမျိုး ရှိခဲ့သည်။ ရံခါတွင် ထိုအမျိုးသမီးသည်လည်း မျက်လုံးကလေးများကပါ လိုက်၍မပြုံးသော အပြုံးမျိုးကို . . .❜

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။ **စာတည်း**

# အုတ်တွင်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေး

**အုတ်တွင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ တိုးတက်ထုတ်လုပ်နိုင်ရေး အသိပညာပေးဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ဇွန် ၉ ရက် မွန်းလွဲပိုင်းက မဲကုန်းရပ်ကွက် မိုဃ်းကောင်းဘုရားဝင်းဓမ္မာရုံ၌ အသိပညာပေးဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအေးမင်းနိုင်က အမှာစကားပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းဦးက စိုက်ပျိုးရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ဒေသခံတောင်သူများအား သဘာဝဓာတ်မြေဩဇာပြုလုပ်နည်းကို လက်တွေ့သင်ကြားပြသပေးခဲ့ကြောင်း၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယကြီးကြပ်ရေးမှူး ဒေါ်စန်းစန်းထွေးက တိရစ္ဆာန်များအစာအဖြစ် နေပီယာမြက်များ စိုက်ပျိုးနိုင်ရေးနှင့် မွေးမြူရေးကိစ္စရပ်များကိုလည်းကောင်း၊ ဆည်မြောင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအောင်မြင့်ချိုက စိုက်ပျိုးရေပေးဝေမှု အခြေအနေများကိုလည်းကောင်း၊ စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဆန်းနိုင်က စက်မှုလယ်ယာကဏ္ဍ အသီးသီးကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး ဒေသခံတောင်သူများက သိရှိလိုသည်များ မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်း၊ သက်ဆိုင်ရာဦးစီးဌာန အသီးသီးကလည်း အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ခင်ခင်မာ(ပြန်/ဆက်)



# မြန်မာ့ပင်လယ်ပြင်အတွင်း စက်လှေနစ်မြုပ်ပြီး လှေငယ်ဖြင့်မျောပါလာသည့် လှေသားများအား ကိုကိုးကျွန်းမြို့နယ် ကမ်းခြေအနီး၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေး

**နေပြည်တော် ဇွန် ၁၂**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များသည် ဇွန် ၁၀ ရက် ညနေပိုင်းတွင် ကိုကိုးကျွန်း၏ မြောက်ဘက်ကမ်းခြေအနီး၌ လှေငယ်တစ်စင်း မျောပါ



လာသည်ကိုတွေ့ရှိရသဖြင့် သွားရောက်စစ်ဆေးရာ အလျား ပေ ၂၀၊ အကျယ်သုံးပေ၊ အမြင့်တစ်ပေခန့်ရှိသစ်သားလှေတစ်စင်းပေါ်၌ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမြို့နယ် ကုန်းကြီးကျေးရွာနေ ဦးစိုးပိုင်(ဘ) ဦးမန်းထိတ်အပါအဝင် လှေသား ခုနစ်ဦးအား အဝတ်ထုပ်များနှင့်အတူ တွေ့ရှိရသဖြင့် ကူညီကယ်ဆယ်ပေးခဲ့သည်။

၎င်းတို့ကို စစ်ဆေးမေးမြန်းချက်အရ မေ ၂၀ ရက်တွင် အလျား ၃၅ ပေ၊ အကျယ် ငါးပေခန့်ရှိသစ်သားချွန်းလှေ စက်လှေတစ်စင်းနှင့်အတူ ဧရာဝတီတိုင်းဒေသကြီး ပြင်စလူမှ မြန်မာ့ပင်လယ်ပြင်အတွင်း ငါးဖမ်းရန် ထွက်ခွာခဲ့ရာ ဇွန် ၄ ရက်တွင် ပါလီပါလဲ့ကျွန်းအနီးသို့အရောက် ရာသီဥတုဆိုးရွားပြီး အဆိုပါစက်လှေမှာ ရေဝင်နစ်မြုပ်သွားခဲ့သဖြင့် လှေငယ်တစ်စင်းနှင့်မျောပါလာခဲ့ပြီး ကိုကိုးကျွန်းအနီးသို့ ရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ မျောပါလာသည့် လှေသား ခုနစ်ဦးကို လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကိုကိုးကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ပန်းတောင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**ပန်းတောင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး" အသိပညာပေးဆိုင်းဘုတ်ကို ယမန်နေ့ နံနက် ၈ နာရီက ဥသျှစ်ပင်မြို့ လမ်းမတော်လမ်း ပြည်သူ့ဆေးရုံကြီးရှေ့၌ စိုက်ထူခဲ့သည်။

**အခမဲ့ဖြန့်ဝေ**

အဆိုပါဆိုင်းဘုတ်စိုက်ထူပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သူရ၊ မြို့နယ်ဆရာဝန်ကြီးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး" ဆိုင်းဘုတ်ကို စိုက်ထူကြပြီး ပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပန်းတောင်း)

# ဥရုချောင်းအထက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဖားကန့်မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်

**ဖားကန့် ဇွန် ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ်၌ ဥရုချောင်းအထက်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ယနေ့ နံနက်ပိုင်းက မြို့ပေါ်မြေနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**ဝင်ရောက်လျက်ရှိ**

မြေနိမ့်ပိုင်း ရပ်ကွက်များဖြစ်သည့် ငှက်ပျောတောရပ်ကွက် မြေနိမ့်ပိုင်း၌ သုံးပေခွဲခန့်၊ မြို့မရပ်ကွက် ကျောက်ဝိုင်းလမ်းဆုံ၌ လေးပေခန့်နှင့် မရီကထောင် ရပ်ကွက်လမ်းဆုံနေရာ၌ သုံးပေခွဲခန့် ရေဝင်ရောက်လျက်ရှိသည့်အတွက် ဥရုချောင်းတစ်လျှောက် နေထိုင်ကြသော ပြည်သူများအား သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များက လက်ကိုင်အသံချဲ့စက်များဖြင့် လိုက်လံအသိပေးနှိုးဆော်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးငြိမ်းမောင်မောင်နှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



ထို့အပြင် ကံဆီးကျေးရွာအထက်ဘက်တွင် ဥရုချောင်း၏ စိုးရိမ်ရေမှတ်မှာ ၁၂ ပေဖြစ်ပြီး ယခုလက်ရှိရေမှတ်သည် ခုနစ်ပေခွဲခန့်အထိ မြင့်တက်လျက်ရှိသည့်အတွက် ရေဆက်လက်မြင့်တက်လာပါက ပြောင်းရွှေ့နိုင်ရေး ယာယီကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

ယခုလက်ရှိတွင် ရေဝင်ရောက်လျက်ရှိသည့် နေအိမ်များမှ မိသားစုများသည် ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့နေထိုင်ခြင်း မရှိသေးဘဲ ၎င်းတို့၏ နေအိမ်အပေါ်ထပ်တွင်သာ နေထိုင်လျက်ရှိကြောင်း သိရသည်။

မိုးသန္တာဦး(ပြန်/ဆက်)



# ကာမိုင်းမြို့၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အင်းတော်ချောင်းနှင့် နန့်ကောင်းချောင်းရေ အနည်းငယ်မြင့်တက်လာပြီး ကမ်းပါးရေတိုက်စားခြင်းနှင့် မြေနိမ့်ပိုင်းလူနေအိမ်များအတွင်း ရေဝင်ရောက်

**ကာမိုင်း ဇွန် ၁၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့၌ ဇွန် ၂ ရက်မှ ၁၂ ရက် နံနက်ပိုင်းအထိ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကာမိုင်းမြို့အနီးရှိ အင်းတော်ချောင်းနှင့် နန့်ကောင်းချောင်းရေအနည်းငယ်မြင့်တက်လာပြီး ပေ ၉၀၀ တံတားရှိ ချောင်းကမ်းပါးရေတိုက်စားမှုနှင့်ကမ်းပါးပြိုကျခြင်း၊ ပေ ၃၀၀ တံတားရှိ ကြမ်းခင်းနှင့် ငါးပေအကွာထိ ရေတက်လာသဖြင့် ချောင်းကမ်းဘေးအနိမ့်ပိုင်းရှိ လူနေအိမ်ခြံဝင်းများအတွင်းသို့ ရေတစ်ပေခန့်ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ချောင်းရေသည် လူနေအိမ်များအတွင်းသို့ ခြောက်ပေခန့်အထိ ဆက်လက်ဝင်ရောက်လာပါက ပြည်သူများအနေဖြင့် ရွှေ့ပြောင်းပေးရန်လိုအပ်မည်ဖြစ်ကြောင်း၊ ရေဘေးနှင့်သဘာဝဘေးဆိုင်ရာ အသိပေးနှိုးဆော်ခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိရန် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို မှာကြားဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ စိုးရိမ်ရသည့်အနေအထားသို့ မရောက်ရှိသေးကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

လဆိုင်း(ပြန်/ဆက်)

# မိုးညှင်းမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်စိုက်ထူ

**မိုးညှင်း ဇွန် ၁၂**

ပဲခူးတိုင်းဒေသကြီး မိုးညှိုမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအတွက် ဖုံး၊ သွန်၊ လဲ၊ စစ် အသိပညာပေးချက်များပါဝင်သည့် "သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး"ဆိုင်းဘုတ်ကို ဇွန် ၁၁ ရက် နံနက် ၈ နာရီခွဲက စိုက်ထူခဲ့ကြောင်း သိရသည်။

အဆိုပါဆိုင်းဘုတ်စိုက်ထူရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော်မိုးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ အမျိုးသမီးရေးရာ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ ဌာနဆိုင်ရာများက အလျား ၁၂ ပေ၊ အနံ ၁၀ ပေရှိ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်များကို မြို့နယ်ပြည်သူ့ဆေးရုံရှေ့၊ စည်ပင်သာယာဈေးရှေ့လမ်းဆုံနှင့် မြို့နယ်မီးသတ်ဦးစီးဌာနရုံးရှေ့လမ်းဆုံတို့တွင် စိုက်ထူခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)





# ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေး စတုဂတ်အိုးပင်းတင်းနစ် ဗိုလ်လုပွဲတက်လှမ်း

ဗြိတိန်တင်းနစ်အကျော်အမော် အန်ဒီမာရေးဟာ စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့်မှာ ဩစတြေးလျတင်းနစ်ကစားသမား နစ်ကာဂျီယိုကို အနိုင်ရရှိခဲ့တာကြောင့် စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

အသက် ၃၅ နှစ်အရွယ်ရှိ ဗြိတိန်ပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား အန်ဒီမာရေးဟာ ဆီမီးဖိုင်နယ်အဆင့်မှာ ဩစတြေးလျတင်းနစ်ကစားသမား နစ်ကာဂျီယိုကို ၇–၆(၇–၅)၊ ၆–၂ နဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး စတုဂတ်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ အီတလီ ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဘာရက်တီနီနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

အန်ဒီမာရေးဟာ ၂၀၁၆ ခုနှစ်အတွင်းက ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲမှာ ဆုဖလားနှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ပြီး နောက်ပိုင်း အဓိကပြိုင်ပွဲအများစုမှာ ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းနိုင်ခဲ့ခြင်းမရှိဘဲ ခြောက်နှစ်တာကာလအတွင်း ပထမဆုံးအကြိမ် ဗိုလ်လုပွဲတက်လှမ်းခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။



အန်ဒီမာရေးနဲ့ စတုဂတ်အိုးပင်း အမျိုးသားတစ်ဦးချင်း နောက်ဆုံးဗိုလ်လုပွဲမှာ တွေ့ဆုံနေတဲ့ အီတလီတင်းနစ်ကစားသမား ဘာရက်တီနီဟာ စတုဂတ်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ဂျာမနီတင်းနစ်ကစားသမား အော်စကာအော့တီကို ၇–၆(၉–၇)၊ ၇–၆(၇–၅)နဲ့ အနိုင်ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ်

# ဇလွန်မြို့ ရောဝတီမြစ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး အသိပညာပေး ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇွန် ၁၂

ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတထိန်းသိမ်းခြင်းဖြင့် ငါးရိက္ခာဖူလုံစေရန် မူဝါဒချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးဌာနသည် ရေသယံဇာတကို အကျိုးရှိစွာအသုံးချနိုင်ရေးနှင့် သဘာဝရေပြင်များတွင် ငါးမျိုးစိတ်များ ရေရှည်တည်တံ့နိုင်ရေးအတွက် ဇွန် ၁၁ ရက်က ဇလွန်မြို့နယ် ရောဝတီမြစ်အတွင်း ငါးသယံဇာတ ထိန်းသိမ်းရေး ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဇလွန်မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး၊ ဇလွန်မြို့ ကမ်းနားရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် နန်းတော်ကျွန်းကျေးရွာ အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းပါဝင်သောအဖွဲ့ဖြင့် ဇလွန်မြို့ ရောဝတီမြစ်တစ်ဖက်ကမ်းရှိ ရေလုပ်သားများနှင့် ရောဝတီမြစ်နှင့် ဆက်စပ်လျက်ရှိသော နန်းတော်ကျွန်းတူးမြောင်းအတွင်းရှိ ရေလုပ်သားများအား ငါးမဖမ်းရတားမြစ်ကာလ (ငါးရစ်၊ ငါးသန်ကာလ)တွင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးဖမ်းဆီးခြင်းခွင့်မပြု၊ တားမြစ်ထားပါကြောင်း ငါးသယံဇာတ ထိန်းသိမ်းရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်


## “ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ STAR LIGHT CO.,LTD.တန်ဖိုးနည်းအိမ်ရာစီမံကိန်းအတွင်းရှိမြေကွက်အမှတ်(၁၆၂၇)၊(၁၆၂၈)၊ (၁၆၂၉)၊ (၁၆၃၀)၊ (၁၆၃၁)၊ (၁၆၄၂)၊ (၁၆၄၃)နှင့်(၁၆၄၄)စသည့် မြေကွက်(၈) ကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ **ဦးရန်ကွယ်ဖန်(ခ) ဦးရန်နေလင်း (ဘ)ဦးရန်ရှော်ကောင်း [၁၃/မဆတ(နိုင်)၀၃၁၉၈၆]**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ထို့အတွက် အထက်ဖော်ပြပါမြေကွက် အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်မာသည့် စာချုပ်စာတမ်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ကာလပြည့်မြောက်သည့် နေ့ရက်သို့ရောက်ရှိသည့်တိုင် ကန့်ကွက်မည့်သူတစ်စုံတစ်ဦးမျှမရှိပါက အထက်ဖော်ပြပါ မြေကွက်အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဦးအောင်ဇော်မျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၂၃၃)**

**ဒေါ်ဝင်းပပ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၆၆၀)**

**ဒေါ်ခင်မျိုးကြည် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၇၉၇၁)**

**UAZM LAW FIRM LIMITED**
**အမှတ်–၁၂၃/၁၃၃၊ အခန်းအမှတ်–6–B၊ Pansodan Business Tower**
**ပန်းဆိုးတန်းလမ်းနှင့် အနော်ရထာလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**Phone–09-5184231,09-8614512,09-49208402**


ဥတု ရာသီ တောကို မှီ၍






# မြန်မာအသင်း ၂၀၂၃ အာရှဖလား ခြေစစ်ပွဲ မအောင်မြင်

ရန်ကုန် ဇွန် ၁၂

၂၀၂၃ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုဒုတိယနေ့ကို ဇွန် ၁၁ ရက်က ဆက်လက်ကျင်းပရာ မြန်မာ့လက်ရွေးစင်အသင်းသည် ကာဂျစ္စတန်အသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အရေးနိမ့်ပြီး အာရှဖလားခြေစစ်ပွဲ အောင်မြင်ခွင့် ဆုံးရှုံးခဲ့သည်။

မြန်မာနှင့် ကာဂျစ္စတန်အသင်းသည် ဇွန် ၁၁ ရက် မြန်မာစံတော်ချိန် ည ၉ နာရီခွဲက ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး မြန်မာအသင်းမှာ နှစ်ပွဲဆက် ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ယခုနောက်ပိုင်းနှစ်များတွင် ကာဂျစ္စတန်အသင်းနှင့် တွေ့ဆုံရာ၌ ပေးဂိုးအနည်းဆုံး ကစားနိုင်ခဲ့သော်လည်း နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခြင်းမရှိခဲ့ပေ။

**ပါဝင်ကစားခဲ့**

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် ယခုပွဲတွင်လည်း ခံစစ်အသားပေးပုံစံဖြင့် ပွဲထွက်ခဲ့ပြီး လှိုင်းဘိုဘို၊ သန်းပိုင်၊ ဆွမ်လမန်၊ ရန်နိုင်ဦး၊ လွင်မိုးအောင်၊ ကျော်ဇင်လွင်၊ ဝင်းမိုးကျော်၊ ဇော်ရဲထွန်း၊ ငြိမ်းချမ်း၊ ပြည့်ဖြိုးသူ(ဂိုး) တို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းသည် ခံစစ်အသားပေးကစားခဲ့ပြီး တန်ပြန်တိုက်စစ်ဖြင့် ကစားခဲ့သောကြောင့် ဂိုးရနိုင်သည့် အခွင့်အရေးနည်းပါးခဲ့သည်။ မြန်မာအသင်းသည် ဂိုးရနိုင်သည့် အခွင့်အရေးသုံးကြိမ်ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့သဖြင့် ချေပဂိုးမရဘဲ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ကာဂျစ္စတန်အသင်းသည် ပွဲစကတည်းက ခြေအသာဖြင့် ပွဲချိန်အများစု ဖိကစားနိုင်ခဲ့သော်လည်း အဆုံးသတ်ပိုင်းတွင် အမှားများခဲ့သဖြင့် ဂိုးသွင်းခွင့်နည်းခဲ့သလို သွင်းဂိုးလည်း နှစ်ဂိုးဖြင့်သာ ကျေနပ်ခဲ့ရခြင်းဖြစ်သည်။ ကာဂျစ္စတန်အသင်းအတွက် အနိုင်ဂိုးများကို မိုင်ယာမီတစ်ဦးတည်း က ၂၅၊ ၄၅ မိနစ်တွင် သွင်းယူခဲ့သည်။

**အလားအလာကောင်းနေ**

အုပ်စု(စ)အခြားပွဲစဉ်တွင် တာဂျစ်ကစ္စတန်အသင်းက စင်ကာပူအသင်းကို တစ်ဂိုး–ဂိုးမရှိ ဖြင့် အနိုင်ရခဲ့သည်။ ဇွန် ၁၁ ရက် ပွဲစဉ်များအပြီးတွင် အုပ်စု(စ)၌ တာဂျစ်ကစ္စတန်နှင့် ကာဂျစ္စတန်အသင်းက နှစ်ပွဲကစားခြောက်မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ရန် အလားအလာ ကောင်းနေပြီး မြန်မာနှင့် စင်ကာပူအသင်းမှာ နှစ်ပွဲဆက်အရေးနိမ့်ကာ တစ်ပွဲကစားရန် ကျန်သေးသော်လည်း ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့သည်။ မြန်မာအသင်းသည် နောက်ဆုံးပွဲအဖြစ် ဇွန် ၁၄ ရက်တွင် စင်ကာပူအသင်းနှင့် ကစားရမည်ဖြစ်သည်။

ကိုညီလေး

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရံစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၂၆၁ ဆူ | ၄၅၉ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ)၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၄၈ ခန်း | ၄၀၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၃၀ တိုင် | ၂၀ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၁၂ တိုင် | ၆၈ တိုင် |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၉၇ ခု | ၅၅၅ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၃၃ ကျင်း | ၂၀၈၆. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၁၆ ကျင်း | ၂၀၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၄ ကျင်း | ၅၈၉၆. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၀၅ ကျင်း | ၁၆၃၁. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂) စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅) သိန်း | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ဘုရားဒါယကာကြီး
# ဒုတိယဗိုလ်မှူးကြီး တင်အေး(ငြိမ်း)
# ကြည်း-၁၀၁၃၄၊ OTS (30)
# အသက်(၇၉)နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒေါ်မေမေခင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းငြိမ်း-ဒေါ်မြတ်မြတ်ထွန်း၊ ဦးဝင်းကျော်ညွန့်-ဒေါ်ဖြူဖွေးတင်၊ ဗိုလ်ချုပ်အောင်မျိုးသန့်-ဒေါ်စီစီတင်၊ ဦးသောင်းထိုက်တင်၊ ဦးဇော်ဌေး-ဒေါ်တင်မမ၊ ဦးနိုင်နိုင်- ဒေါ်သဇင်ထွေးတင်၊ ဦးငြိမ်းကိုကိုတင် တို့၏ဖခင်၊ မောင်ငြိမ်းညီညီတင်၊ မောင်မင်းခန့်တင်၊ မရှင်းသန့်တင်၊ မမေသဲဦးတင်၊ မဆောင်းလဲ့ရည်တင်၊ မဆောင်းရတီတင်၊ မအိမ့်ရတီတင်တို့၏ အဘိုးသည် ၁၁-၆-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် (၈၆)ပါးသောရောဂါဖြင့် အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀)၌ ကွယ်လွန်သွားပါသဖြင့် ၁၃-၆-၂၀၂၂ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် နေပြည်တော်စစ်သင်္ချိုင်း၌ သင်္ဂြိုဟ်မည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဘုရားဒါယကာကြီး
### ဒုတိယဗိုလ်မှူးကြီး တင်အေး (ငြိမ်း)
### ကြည်း-၁၀၁၃၄၊ OTS (30)
### အသက် (၇၉) နှစ်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒေါ်မေမေခင်၏ ချစ်လှစွာသော ခင်ပွန်း ဒုတိယဗိုလ်မှူးကြီးတင်အေး (ငြိမ်း) သည် ၁၁-၆-၂၀၂၂ (စနေနေ့) မွန်းလွဲ ၁၂:၅၅ နာရီတွင် (၈၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။

**OTS (30) သူငယ်ချင်းများနှင့် မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးတင်အေး (ငြိမ်း)
### ကြည်း-၁၀၁၃၄၊ OTS (30)
### အသက် (၇၉) နှစ်

ဆရာရင်းဖြစ်သူ နေပြည်တော်၊ ဇေယျာသီရိမြို့နယ်နေ ဒေါ်မေမေခင်၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးဝင်းငြိမ်း-ဒေါ်မြတ်မြတ်ထွန်း၊ ဦးဝင်းကျော်ညွန့်-ဒေါ်ဖြူဖွေးတင်၊ ဗိုလ်ချုပ်အောင်မျိုးသန့်-ဒေါ်စီစီတင်၊ ဦးသောင်းထိုက်တင်၊ ဦးဇော်ဌေး-ဒေါ်တင်မမ၊ ဦးနိုင်နိုင်-ဒေါ်သဇင်ထွေးတင်၊ ဦးငြိမ်းကိုကိုတင်တို့၏ဖခင်၊ မောင်ငြိမ်းညီညီတင်၊ မောင်မင်းခန့်တင်၊ မရှင်းသန့်တင်၊ မမေသဲဦးတင်၊ မဆောင်းလဲ့ရည်တင်၊ မဆောင်းရတီတင်၊ မအိမ့်ရတီတင်တို့၏ အဘိုးဖြစ်သူ ဒုတိယဗိုလ်မှူးကြီးတင်အေး (ငြိမ်း) သည် ၁၁-၆-၂၀၂၂ (စနေနေ့) မွန်းလွဲ၁၂:၅၅ နာရီတွင် (၈၆)ပါးသော ရောဂါဖြင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး (ခုတင် -၁၀၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အောင်နိုင်ဦး-(ဥမ္မာစိုးအောင်)**
**မိသားစု**

---

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၁၉၃/ခ)၊ ဧရိယာ(၂၀x၆၀)ပေရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ကောလိယ (၂၆)လမ်း၊ အမှတ်(၁၉၃/ခ)ဟုခေါ်တွင်သည့် မြေကွက် အဆောက်အအုံ အရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ မြေကွက်နှင့် အဆောက်အအုံ၏ တရားဝင် အမည်ပေါက်ပိုင်ရှင် **ဒေါ်မြင့်ရီ (TGKN – ၀၂၇၉၄၅)** ဖြစ်ပြီး အရပ်ကတိ အရောင်းအဝယ် စာချုပ်အဆက်စပ်ဖြင့် ဝယ်ယူထားသူ **ဒေါ်ကျင်နု [၁၂/ဥကတ(နိုင်)၀၂၁၀၂၁]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများ ယနေ့မှ (၁၀) ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ဘော် (စဉ်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO (Switzerland)**

**ဒေါ်အေးအေးစိုး (စဉ်-၅၈၂၇) B.Sc, Hon (IC), HGP, R.L,D.B.L**
**တရားလွှတ်တော်ရှေ့နေများ**

**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ်(၂၇)၊ ၁၂၁-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766 HP:09-5017044**

---

## အများသိစေရန် ကန့်ကွက်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေကံကော်(၄)လမ်း၊ အမှတ်(၅၈၀/ခ) မြေကွက်အတွင်းမှ မြေကွက်အမှတ် (၅၈၀/က)နှင့်ကပ်လျက်ရှိသော (အလျား ၁၀ပေxအနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦတို့နှင့်အတူ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးခင်မြင့်ထံမှ ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိန် [၁၂/တမန(နိုင်)၀၃၀၂၀၂] က(၂-၅-၂၀၂၂) ရက်နေ့၌ အမှတ် (၅၅)ရပ်ကွက်၊ အုပ်ချုပ်ရေးမှူးရုံးတွင် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီထားပြီး ဖြစ်သောကြောင့် အဆိုပါ အိမ်နှင့်မြေအား ဦးခင်မြင့်က ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်မြင့်မြင့်စိန်မှလွဲ၍ အခြားသူတစ်ဦးတစ်ယောက်ထံသို့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်း၊ အာမခံတင်သွင်းခြင်းနှင့် အခြားတစ်နည်းနည်းဖြင့် အလွှဲအပြောင်းပြုလုပ်ခြင်း တို့အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မြင့်မြင့်စိန် အနေဖြင့် ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြင့်မြင့်စိန်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးမောင်မောင်သူရ (မြောင်းမြ)** | **ဦးဇေယျာထွန်း (LL.B)** |
| **LL.B, A.G.T.I (EP), D.B.L, D.M.L** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၃၂)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၀၈)** | |
| **ဒေါ်ချယ်ရီလှိုင် (LL.B)** | **ဦးစိုးလွင်ဦး (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၁)** | **အထက်တန်းရှေ့နေ (စဉ်-၃၇၉၈၁)** |

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉-၅၁၈၄၀၄၂၊ ၀၉-၇၆၅၁၁၅၁၀၅၊ ၀၉-၄၂၁၁၀၈၅၅၁၊ ၀၉-၄၂၅၂၈၇၁၃၄**

---

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈)၊ ကမ္ဘောဇ(၂)လမ်း၊ မြေကွက်အမှတ် (၃၆၆) ဟုခေါ်တွင်သော ဒေါ်ယဉ်နွယ်ချော အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ (၄၀x၆၀)ပေရှိ မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးမင်းသိုက်ထောမွန် [၁၀/မလမ(နိုင်)၁၆၉၇၅၅] ကိုင်ဆောင်သူမှ အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်း တစ်စုံတစ်ရာမရှိ ကင်းရှင်း ပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဝေလင်းအေး [၁၂/အစန(နိုင်)၂၀၂၀၂၁]နှင့် ဒေါ်မြနှင်းအိမ် [၁၂/လမန(နိုင်)၁၄၈၁၈၅]တို့မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်လုံသောထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **ညွှန်ကြားသူများ-** | **ညွှန်ကြားချက်အရ-** |
| **ဦးဝေလင်းအေး** | **ဒေါ်ခင်သူဇာဝင်း (LL.B)** |
| **ဒေါ်မြနှင်းအိမ်** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၀)** |
| | **အမှတ်(၈၅၄/က)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊** |
| | **ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း ၀၉-၂၅၆၃၂၂၀၉၁** |

---

## (၁)လပြည့် လွမ်းဆွတ်သတိရခြင်း
### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်မြမြ(B.A)

ကျေးဇူးရှင် မိခင်ကြီး ကွယ်လွန်ခဲ့သည်မှာ ၁၃-၆-၂၀၂၂ ရက်နေ့တွင် (၁)လပြည့်ခဲ့သော်လည်း နေ့ရက်တိုင်း မမေ့နိုင်ပါ။

မိခင်ကြီးအား ရည်စူး၍ ပြုလုပ်သော ကုသိုလ်ကောင်းမှု အစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ မိခင်ကြီး ဝမ်းမြောက်ဝမ်းသာ သာခုအနုမောဒနာ ခေါ်ဆိုနိုင်၍ နိဗ္ဗာန် ရောက်ကြောင်း အထောက်အပံ့ကောင်းများရရှိနိုင်ပါစေသော်။

**ကျန်ရစ်သူမိသားစု**
**သမီး-ဒေါ်ရွှေစင်**
**သားသမက်-ဦးအောင်စိုးလွင်**
**သမီးချွေးမ-ဒေါ်ဇင်ကြည်ရီ**
**ချစ်မြေးမကြီး-မယွန်းရွှေရည်လွင်**
**ချစ်မြေးမငယ်-မအိကေဇင်လွင်**

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ လူနေရပ်ကွက်အမှတ်-FMI Cityအိမ်ရာစီမံကိန်း၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ မြေကွက် အမှတ်(၃၅၄)၊ မြေဧရိယာအကျယ်အဝန်းပေ(၄၀x ၆၀)(၂၄၀၀-စတုရန်းပေ)၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၄)ရပ်ကွက်၊ FMI Cityအိမ်ရာ၊ ဂန္ဓမာ(၂)လမ်း၊ တိုက်အမှတ်(B-73) ဟုခေါ်တွင်သော နှစ်ထပ်တိုက်နေအိမ်အဆောက်အဦတစ်ခုအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မြေအမည်ပေါက်သူ ဒေါ်တင်တင်ရွှေထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဦးဘော်ထင်[၁၂/ကတတ(နိုင်)၀၁၂၈၂၇]ထံမှ အဆိုပါမြေနှင့်အဆောက်အဦ အကျိုးခံစားခွင့်အရပ်ရပ်အား အပြီးအပိုင် ဝယ်ယူရန် ရောင်းကြေးငွေတစ်စိတ် တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဝယ်ယူသူ**
**ဦးလှိုင်ထွန်းဦး[၁၂/လသယ(နိုင်)၀၃၅၈၂၉]**
**အမှတ်(၂/၈၃)၊ မင်းရဲကျော်စွာ(၇)လမ်း၊ ၃-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၅၄၆၉၂**

---

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၉)၊ အောင်သပြေလမ်း၊ မြေကွက်အမှတ် (၈၁၈)ဟုခေါ်တွင်သော ဦးထွန်းညွန့် အမည်ပေါက်သည့် နှစ်(၆၀)မြေငှားဂရန်ပါ မြေအကျယ်ပေ (၄၁x၆၀)ပေရှိ မြေနှင့်ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးထွန်းညွန့်[၁၂/မရက(နိုင်)၀၅၆၀၁၂] ကိုင်ဆောင်သူမှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ ကင်းရှင်းပါကြောင်း တာဝန်ယူရောင်းချသဖြင့် ကျွန်မ ဒေါ်ခင်သူဇာဝင်း [၅/မရန(နိုင်)၁၅၃၈၆၃]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသတို့ကို ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ဆက်သွယ်၍ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်ကျော်လွန်သည့်တိုင် ကန့်ကွက်မည့်သူများမရှိပါက ဤအရောင်းအဝယ်ကိစ္စကိုပြီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်သူဇာဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၀)**
**အမှတ်(၈၅၄/က)၊ အောင်သပြေလမ်း၊ (၁၉)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။ ဖုန်း ၀၉-၂၅၆၃၂၂၀၉၁**

---

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉/သောင်ကြီးမြောက်)၊ မြေကွက်အမှတ် (၂၂-ခ)၊ အကျယ်အဝန်း (၂၀'x၆၀')ရှိ ဦးမင်းဇော် အမည်ပေါက်သည့် ပါမစ်မြေကွက်၊ (အရပ်ခေါ်) လှိုင်သာယာမြို့နယ်၊ (၁၃) ရပ်ကွက်၊ ပဲခူးလမ်း၊ အမှတ်(၂၂/ခ)ဟု ခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်ပြီး ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း [၁၂/လမန(နိုင်)၁၁၀၁၂၂] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းနှင်းဝေ [၇/သနပ(နိုင်)၀၆၉၂၉၄] က အပြီးအပိုင် လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသော စာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ငြိမ်းငြိမ်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၄၁၁)**
**အမှတ်(၁၈)၊ ဥက္ကာ(၁)လမ်း၊ (ဂ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၄၂၂၉၆**

---

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ မြေကွက်အမှတ်(၈၅၉/ခ)၊ မြေကွက်တည်နေရာအမှတ်(၈၅၉/ခ)၊ သံသုမာလမ်း၊ (၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်ထွန်း[၁၂/ဥကတ(နိုင်)၀၁၁၇၂၆]အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးတင်ထွန်း [၁၂/ဥကတ(နိုင်)၀၁၁၇၂၆] ထံမှ SP(၁၃၇/၂၀၂၁)(၅-၁၀-၂၀၂၁)ရရှိသူ ဒေါ်မြင့်စိန် [၁၃/သနန(နိုင်)၀၃၃၂၇၅]မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာအမှတ် (၆၁၁/၂၀၂၂)(၁၃-၁-၂၀၂၂) ဦးတင်ထွန်းအမည်ပေါက် ဂရန်မူရင်းတို့တင်ပြ၍ အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ မြေစာရင်းမှတ်ချက်ရှိ ၂၀၁၇ ခုနှစ်တွင် လျှောက်ထားခဲ့သော အရောင်းမြေပုံမှာ ၂၀၁၈ခုနှစ်တွင် ထုတ်ယူခဲ့ပြီး အရောင်းမြေပုံမူရင်းမှာအထားအသို မှားယွင်း၍ ပျောက်ဆုံးသွားကြောင်း ကျမ်းကျိန်လွှာအမှတ်(၁/၁၉၉၁/၂၀၂၂)(၁၈-၃-၂၀၂၂)ကို တင်ပြ၍ ယခုထပ်မံအရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးစီးမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။




---

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**- ဒီမိုကရေစီတွင် တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်သကဲ့သို့ ဖက်ဒရယ်စနစ်တွင်လည်း တူညီသည့်အခွင့်အရေးများ ပေးရမည်ဖြစ်၊ ငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ဆက်လက်ဆွေးနွေးသွားမည်။**

**- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့်တွေ့ဆုံဆွေးနွေးရာတွင် အဆင်ပြေမှုများရှိခဲ့ပြီး ကောင်းမွန်သည့် တွေ့ဆုံဆွေးနွေးမှုများကို ပြုလုပ်၍ နိုင်ငံငြိမ်းချမ်းရေးရရှိအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရမည်။**

**- အချို့သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များမှာ အကြောင်းအမျိုးမျိုးဖြင့် တွေ့ဆုံဆွေးနွေးမှု မပြုနိုင်ကြ၊ မိမိတို့သည် နိုင်ငံရေးရည်မှန်းချက် နှစ်ရပ်အတိုင်း ခိုင်မြဲစွာ ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ဆွေးနွေးရန်ကျန်ရှိသည့် အဖွဲ့များအနေဖြင့် မိမိကမ်းလှမ်းထားသည့်အတိုင်း ထပ်မံဖိတ်ခေါ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများအား တွေ့ဆုံအမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ငြိမ်းချမ်းရေးဖိတ်ခေါ် ကမ်းလှမ်းမှုအရ ငြိမ်းချမ်းရေးဆွေးနွေးရန် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၂**

တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်နှင့် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးတို့အတွက်ရည်ရွယ်၍ မေ ၂၂ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ရာ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် စစ်တွေမြို့မှ နေပြည်တော်သို့ တပ်မတော်လေယာဉ်ဖြင့် ထွက်ခွာသည်။

**ပို့ဆောင်နှုတ်ဆက်**

ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)မှ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့များနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်

စာမျက်နှာ ၅ ကော်လံ ၁ သို့ ☆



ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)မှ ဒုတိယဥက္ကဋ္ဌ ဒေါ်စောမြရာဇာလင်း ဦးဆောင်သည့် ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ရောက်ရှိရာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများ၊ ပြည်သူများက ကြိုဆိုကြစဉ်။

**ယနေ့ ဖတ်စရာ**

**သာယာပျော်ရွှင် လုပ်ငန်းခွင်**

ဆောင်းပါး စာမျက်နှာ » ၁၀

**မြို့နယ်အချို့၌ PDF အမည်ခံ အကြမ်းဖက်အဖွဲ့က ခရီးသည်တင်ယာဉ်များအား မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ခြင်း၊ ကုန်တင်ယာဉ်နှင့် ယာဉ်ပေါ်ပါ ကုန်ပစ္စည်းများကို လုယက်ယူဆောင်ခြင်းများ ပြုလုပ်**

စာမျက်နှာ » ၁၅

## စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်၌ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများပျက်ပြားကာ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ PDF အမည်ခံ အကြမ်းဖက်သမားများက ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး

**နေပြည်တော် ဇွန် ၁၂**

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ၏ အနာဂတ်ဖြစ်သည့် မျိုးဆက်သစ်ရင်သွေးငယ်များ၏ပညာရေးတွင် နောက်ကျကျန်ရစ်မှုမဖြစ်ပေါ်စေရေးအတွက် ပညာသင်ကြားနိုင်မှု အခွင့်အလမ်းကို ပြည့်ဝစွာအသုံးချနိုင်စေရန် အခြေခံပညာကျောင်းများကို ဇွန် ၂ ရက်တွင် စတင်ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး ကျောင်းဝတ်စုံ၊ ကျောင်းသုံးဖတ်စာအုပ်အပါအဝင် ကျောင်းသုံး စာရေးကိရိယာများကို နိုင်ငံတော်အစိုးရမှ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၁ သို့ ■